

ပေါင်နှင်းဇော
ငြိမ်းသခင် ကိုးမျက်နှာရှင်
ဇာတ်လမ်း စ/ဆုံး အသစ်စက်စက်

တိုးတက်ရေး
၈၁၄၀

## မောင်နှင်းဆွေ

# မြွေစိမ်းသခင်ကိုးမျက်နှာရှင်

စဆုံးလုံးချင်း

အသစ်စက်စက်

စာမူခွင့်ပြုချက်အမှတ် - ၆၃၀ / ၂၀၀၂(၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၄၃ / ၂၀၀၂(၁၂)
ပထမကြိမ်
၂၀၀၃ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး ၄၅၀/ ကျပ်
အုပ်ရေ - ၅၀၀
အတွင်း + အဖုံး - ဒေါ်ခင်းစန်းမြင့် (၀၅၅၄၉)
ပုံနှိပ်သူ - ဟသ်ာပုံနှိပ်တိုက်
၁၁/၁၂၅လမ်း၊
မင်္ဂလာတောင်ညွန့်.
ရန်ကုန်မြို့
ထုတ်ဝေသူ - ဦးခင်မောင်သိန်းဆွေ (၀၇၄၇)
သလ္လာဝတီစာပေ
တိုက်၂၄၀၊ အခန်း ၃-၂၅ရပ်ကွက်
ဧယျာသုခလမ်း - သုဝဏ္ဏ၊
ရန်ကုန်မြို့

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

... ... ...

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

... ... ...

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အခန်း(၁)

ဆောင်းဦးပေါက် အချိန်အခါမို့ ဝူလိန်တောင်ကုန်းကြီးမှာ နှင်းငွေ့မှုန်များနှင့် ယှက်သိုင်းလျက်ရှိသည်။ တောင်စောင်းတလျှောက်တွင် ပေါက်ရောက်နေသော သစ်တောကြီးများလည်း နှင်းရိပ်များကြောင့် စိမ်းစို နုဖပ်နေသည်။

ထိုတောင်တန်းကြီးများတွင် အပေါက်ရောက်ဆုံးအပင်များမှာ ဝါးရုံပင်ကြီးများပင် ဖြစ်သည်။ နှင်းငွေ့တမှုန်ကြား လေအဝှေ့တွင် တဝေါဝေါနှင့် ယိမ်းနွဲ့လှုပ်ရှားနေကြသော ဝါးရုံတောကြီး၏ အသံမှာ ဝူလိန်တောင်ကြီး၏ ရယ်သံအလား ထင်မှတ်ရပေသည်။

တောင်ကြီးမှာ ပေငါးထောင်ကျော်ခန့်ရှိပြီး တောင်စဉ်တောင်တန်းကြီးများက သွယ်တန်းနေသည်။

တောင်ခြေတဝိုက်တွင် ရုက္ခဗေဒပင်များလည်း ပေါများ အုပ်ဆိုင်းသိပ်သည်းစွာ ပေါက်ရောက်နေကြသော သစ်ပင်ကြီးများမှာလည်း တောင်စောင်းနှင့် တောင်ခါးပန်းတဝိုက်တွင် ဝူလိန်တောင်ကြီးကို အလှဆင်ထားသလိုပင်။

ထိုသို့ တောရိပ်တောင်ရိပ် ထူထပ်လှသော ဒေသတွင် သားရဲတိရစ္ဆာန်ပေါင်းစုံ နေထိုင်ကြသည်။ ဆင်ရိုင်းကြီးများ အော်သံ၊ ကျားရိုင်းကြီးများ ဟိန်းသံ၊ ဝံပုလွေ အော်သံတွေကလည်း တောင်တန်းတဝိုက် ဟိုမှသည်မှ ထွက်ပေါ်လာတတ်သည်။

တောထဲတွင် ဟိုသည်ခုန်လှမ်းကာ ဆော့ကစားနေကြသော မျောက်ဝံအုပ်ကြီးကလည်း တစ်ခါတစ်ခါ တောခြောက်သလား ထင်မှတ်ရလောက်အောင် အော်သံဟစ်သံတွေ ဆူညံနေတတ်သည်။

နံနက်ခင်း အချိန်အခါမျိုး ဝူလိန်တောင်ကြီးမှာ နှင်းမှုန်နှင်းငွေကြား ပန်းချီကားကြီးအလား ထင်မှတ်ရပေသည်။ ထိုအချိန်တွင် တောင်ခြေအတိုင်း လူငယ်လေး တစ်ဦး



ထွေပစ်၍ တက်လာသည်။ အရွယ်မှာ ဆယ့်ငါးနှစ်ပင် ပြည့်မည့်ပုံ မပေါ်သေး။ သူ့ကိုယ်ပေါ်တွင် ခြုံထားသော ဝတ်ရုံဖြူလေးမှာလည်း ဖုန်များ၊ သဲမှုန်များ ကပ်ငြိပေကျံ နေရာအရောင်မှာ တဖြည်းဖြည်း ဝါကြန့်ကြန့် အရောင်ပေါက်နေသည်။

ထို့အပြင် အပေါက်အပြဲများကို ဖာထေးထား သဖြင့် သူ့ဝတ်ရုံလေးမှာ ဝူလိန်တောင်၏ အအေးဒဏ်ကို မကာကွယ်နိုင်ပေ။

လူငယ်လေး၏ အရပ်အမောင်းမှာ ငါးပေသုံးလက်မခန့် ရှိသဖြင့် အရွယ်သာငယ်သော်လည်း ထွားကျိုင်းလှသည်ဟု ဆိုရပေမည်။ ရုပ်ရည်အသွင်အပြင်မှာမူ ခရီးကြမ်းကို နှင်လာခဲ့ရသဖြင့် ဆွတ်ဆွတ်ဖြူနေသော သူ့မျက်နှာလေးမှာ နှင်းကိုက်ခံထားရသဖြင့် မှုန်မှုန်ပျပျ ဖြစ်နေသည်။

သို့ပေသည့် နဂိုခန့်ညားသည့် အသွင်လေးကတော့ ရှိနေဆဲပင်။ ပေါ်လွင်သော နှုတ်ခမ်း၊ ထူထဲသော မျက်ခုံး၊ သောက်ရှူးကြွယ်လို ဝင်းလက်သော မျက်နှာအစုံနှင့် ခိုင်မာလှသော မေးရိုးကြီးများ ရှိသည်မို့ လူချောလူခန့်ဟု ဆို

ရပေမည်။ ထူးဆန်းသည်မှာ သူ့ပခုံးပေါ်တွင် ငြိမ်သက်စွာ လိုက်ပါလာသော မဟူရာရောင် သိမ်းစွန်ငှက်ကြီးပင် ဖြစ်သည်။

ငှက်ကြီး၏ တစ်ကိုယ်လုံးမှာ မည်းနက်လျက်ရှိပြီး အဖြူရောင် အမွေးအမျှင် တစ်ပင်တစ်လေမျှ မရှိပေ။နှုတ်သီးကြီးမှာလည်း ချွန်မြနေသည်။ ထို့ပြင် မျက်လုံးအစုံမှာ ပတ္တမြားကျောက်လေး နှစ်ပွင့်အလား နီရဲတောက်ပနေသည်။

လူငယ်လေးသည် ငှက်ကြီးကို ပခုံးပေါ်တင်ကာ ဝူလိန်တောင်ခြေအတိုင်း ဖြတ်သန်းခဲ့ရာ တဖြည်းဖြည်းနှင့် တောင်စောင်းတလျှောက် ပေါက်ရောက်နေသော တောအုပ်ကြီးထဲသို့ ရောက်ရှိလာသည်။

သူ့အသွင်မှာ ညှိုးသိုးငယ်ငယ် အသွင်ရှိပြီး ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းလှသော တောကြီးမျက်မည်းလယ်တွင် ကျီးကြည့်ကြောင်စောင့်နှင့် သွားနေသည်။ လက်ထဲတွင်လည်း ဝါးစိမ်းတုတ်ကလေးတစ်ချောင်းကို ကိုင်ထားသည်။သူ့ပခုံးပေါ်တွင် နားနေသော စွန်နက်ကြီးမှာ တစ်ခါတစ်ရံတွင် တဂေါ်ဂေါ်နှင့် အော်မြည်နေသည်။



တစ်ခါတစ်ရံ တောင်ကြောတစ်ဖက်မှနေ၍ သားကောင်ကြီးများ၏ အော်သံကြားလျှင် လူငယ်မှာ ခရီးမဆက်ရဲဘဲ ပုန်းအောင်းနေရရှာသည်။

အမှန်တော့ ယင်းလူငယ်လေးမှာ တောင်ခြေနှင့် ငါးမိုင်ခန့်ဝေးသော ဝူနန်ဆိုသည့် ကျေးရွာလေးတစ်ရွာမှ ရွာသားကလေး ချိန်ကွမ်း ဖြစ်သည်။

မိဘနှစ်ပါးမှာ လူမှန်းသိတတ်စ အရွယ်ကတည်းက ဆုံးပါးခဲ့ပြီး ဦးလေးဖြစ်သူ အရက်အိုးကြီး ရှောင်အင်းက သူ့ကို ခေါ်ယူ မွေးစားခဲ့လေသည်။ ရှောင်အင်းမှာ အရွယ်အားဖြင့် ငါးဆယ်ကျော်ခန့်ရှိပြီး အသားမည်းမည်း ဗိုက်ရွဲရွဲနှင့် တောဝက်ကြီးတစ်ကောင်၏ မျက်နှာနှင့် တူလှသည်။

နှာခေါင်းရိုး လုံးဝ မပါပေ။ ပါးအစုံမှာ အရက်ရှိန်ကြောင့် မို့အစ်ဖော့နေပြီး မျက်လုံးပြူးပြူးနှင့်မို့ ရုတ်တရက်ကြည့်လျှင် ဘီလူးကြီးတစ်ကောင်အလား ထင်ရသည်။

ရှောင်အင်းသည် နေ့တဓူဝ အရက်သောက်နေရလျှင် ကျေနပ်နေသူ ဖြစ်သည်။ သွားလေရာတွင် အရက်အိုးကို အဖော်လုပ်ပြီး သွားတတ်လာတတ်သဖြင့် လူတွေက သူ့ကို အရက်အိုးကြီး ရှောင်အင်းဟု ခေါ်ကြသည်။

ရှောင်အင်းသည် နှမဖြစ်သူ စုမေထံမှ မွေးခဲ့သော သူတူလေး ချိန်ကွမ်းကို ခေါ်ယူမွေးစားထားသော်လည်း ချိန်ကွမ်းထက် အရက်အိုးကို ပိုချစ်သမို့ ချိန်ကွမ်း ဘာလုပ်လုပ် သူ ဂရုစိုက်သည် မရှိပေ။

တစ်ခါတစ်ရံ ရှောင်အင်း မူးလာပြီဆိုလျှင် ချိန်ကွမ်း နေစရာပင် မရှိတော့။ တစ်ရွာလုံးကလည်း ချိန်ကွမ်းလေးကို ကရုဏာ သက်နေကြသော်လည်း သူတို့ဘဝပင် အနိုင်နိုင်မို့ ချိန်ကွမ်းလေး၏ အဖြစ်ကို လက်ပိုက်ကြည့်နေရသည်။

ရှောင်အင်းမှာ ချိန်ကွမ်းကို တစ်နေကုန် အလုပ်လုပ်ခိုင်းသည်။ ချိန်ကွမ်းခမျာ အရွယ်သာငယ်သော်လည်း ဆိတ်ကျောင်း၊ နွားကျောင်းအလုပ်ကို ကျွမ်းကျင်နေပြီ ဖြစ်သည်။

အလုပ်ရှင်များကလည်း ချိန်ကွမ်း၏ ဖျတ်လတ်တက်ကြွမှုနှင့် သတိဝီရိယ ရှိမှုတို့ကြောင့် သဘောကျနေ၏။

ချိန်ကွမ်းမှာ ဆိတ်ကျောင်းနွားကျောင်းက ပြန်လာလျှင် အအားမနေ . . . ဝူနန်ရွာကလေးထဲတွင်, ရှိသမျှ အလုပ်ကို လုပ်၏။



သူ့အရွယ်နှင့် မမျှသော ထင်းခွဲရေခပ် အလုပ်ကိုလည်း ပင်ပင်ပန်းပန်း လုပ်ရလေသည်။ စားတော့လည်း ငါးပိစိမ်းစားနှင့် ဘဲဥပြုတ်ဟင်းမှာ သူ့အတွက် အကောင်းဆုံး ဖြစ်ခဲ့ရသည်။

ရလာသည့်လုပ်ခကို ရှောင်အင်းက တွင်တွင်တောင်းတတ်သည်။ ထိုသို့သော အခါမျိုးဆိုလျှင် ချိန်ကွမ်းခမျာ ပေးလို့လဲ မဖြစ်ချေ။ လုပ်ခပိုက်ဆံကို ပြန်မပေးသည့်နေ့ဆိုလျှင် ချိန်ကွမ်းတစ်ယောက် သူ့ဦးလေး ရှောင်အင်း၏ တဲရိပ်ကိုပင် မနင်းရချေ။

ရှောင်အင်းတစ်ယောက် ဒေါသူပုန်ထခါ ချိန်ကွမ်းကို ဆူဆဲပြီး တဲကလေးပေါ်မှ မောင်းချတတ်သည်။ ထိုသို့သောအခါနှင့် ကြုံလျှင် ချိန်ကွမ်းခမျာ ရွာအနောက်ဘက်ရှိ သချိုင်းကုန်းဇရပ်ပျက်ကြီးပေါ်တွင် တစ်ယောက်တည်း သွားအိပ်ခဲ့ရသည်။

ထိုသို့သော ညတွေကလည်း မနည်းလှချေ။ အလုပ်ရှင်က တစ်ခါတစ်လေ လုပ်ခမပေးဘဲ သူ့ကို ထမင်းသာ ချကျွေးတတ်သည်။ ထိုအခါ လုပ်ခမရဘဲ အိမ်ပြန်လာလျှင်

ရှောင်အင်းတစ်ယောက် ဒေါသတကြီးနှင့် ဆူပူကြိမ်းမောင်းကာ အရက်အိုးဖြင့်ပင် ပေါက်တတ်သည်။

ချိန်ကွမ်းခမျာ ကြောက်လွန်း၍ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ တဲပေါ်မှ ခုန်ချပြေးဆင်းခဲ့ရပြီး ဇရပ်ကြီးဆီသို့ အရောက်လှမ်းခဲ့ရသည်။

ထိုသို့ ဒုက္ခရောက်ပြီး ပြေးလာတတ်ပြီဆိုလျှင် ကြိုဆိုတတ်သူမှာတော့ တစ်ခြားသူမဟုတ်။ သုဘဇာရာကြီး စွန်အိဟောက်ပင် ဖြစ်သည်။

ချိန်ကွမ်းတစ်ယောက် ဇရပ်ပေါ် ရောက်လာပြီဆိုလျှင်တော့ မေးစရာပင်မလိုတော့။ ရှောင်အင်း၏ အန္တရာယ်စက်ကွင်းက လွတ်အောင် ရှောင်ပြေးခဲ့မှန်း သုဘရာဇာကြီး စွန်အိဟောက်က သိထားသည်။

ထိုအခါမျိုး ဆိုလျှင် သူ့ရှိသမျှ အစားအစာက အစထုတ်၍ ကျွေးမွေးတတ်သည်။ ထို့ပြင် အိပ်စရာ နေရာကိုလည်း ပေးတတ်သည်။

ချိန်ကွမ်းသည် ဦးလေးကို ကြောက်လွန်းသဖြင့် တစ်ခါတစ်ရံ ဇရပ်ကြီးပေါ်တွင် သုံးလေးရက်ခန့် ကြာမြင့် သွားတတ်သည်။



ထိုအချိန်အခါမျိုး ဆိုလျှင် ဦးလေးရှောင်အင်း ရောက်လာပြီး သူ့ကို ချော့ချော့မော့မော့နှင့် ပြန်ခေါ်သွားတတ်သည်။

ထို သူတောင်းစားကြီး စွန်အိဟောက်ကတော့ ရှောင်အင်းရောက်လာပြီဆိုလျှင် စိတ်မကောင်း ဖြစ်နေတတ်သည်။ သို့ပေမယ့် ပါးစပ်ကတော့ ထုတ်မပြောချေ။

ချိန်ကွမ်းခမျာမှာလည်း ဦးလေး ရှောင်အင်းကို ကြောက်လွန်း၍သာ မလိုက်ချင် လိုက်ချင်နှင့် လိုက်ခဲ့ပေ၏။ နောက်ဆုံးတော့လည်း ချိန်ကွမ်း၏ ဘဝက ဒုံရင်းဒုံရင်းသို့ ပြန်ရောက်သွားခဲ့ရပေသည်။

အမှန်တော့ ရှောင်အင်း ချိန်ကွမ်းကို ခိုင်းစားနေခြင်းဖြစ်သည်။ ချိန်ကွမ်းမှာ ဦးလေးဖြစ်သူ၏ မတရား လုပ်နေမှုကို သိသည်။ တစ်ခါတစ်ရံ မခံမရပ်နိုင်ဖြစ်ကာ စွန်အိဟောက်ကို အားကိုးတကြီးနှင့် ရင်ဖွင့်တတ်သည်။

စွန်အိဟောက်မှာ ချိန်ကွမ်းကလေး၏ သနားစရာကောင်းသော အဖြစ်ကို ကရုဏာသက်မိသော်လည်း သူကိုယ်တိုင်က သုဘရာဇာကြီးတစ်ဦးမို့ တောင်မင်းကို မြောက်မင်း မကယ်နိုင်သလို ဖြစ်နေပေသည်။

တစ်နေ့တွင် ချိန်ကွမ်းတစ်ယောက် တာကြွရွာမှ နွားကျောင်းအပြန် အလုပ်ရှင် ရှင်းပေးလိုက်သော လုပ်ခလေးကို အိတ်ကလေးထဲထည့်ပြီး ပျော်ပျော်ရွှင်ရွှင် ရွာသို့ပြန်လာသည်။

ထိုစဉ် လမ်းတစ်ဝက်အရောက်တွင် ဤအရက်သမားကြီးတစ်စုနှင့် တိုးခဲ့ရသည်။ သူတို့ လူစုထဲတွင် ဝမ်ယူဖန်က အဆိုးဆုံး။

ချိန်ကွမ်းကို လမ်းတစ်ဝက်မှ စောင့်ပြီး အရက်ဖိုးတောင်းလေသည်။ ချိန်ကွမ်းခမျာ သူ့ချွေးနှင့် ပင်ပင်ပန်းပန်းရှာခဲ့ရသည်မို့ လုပ်ခအသပြာကို ထုတ်မပေးလိုပေ။

ထို့ကြောင့်လည်း မရှိပါဘူးဗျာဟု ရိုရိုသေသေပြောသော်လည်း ဝမ်ယူဖန်ကတို့ လူစုကမယုံ။ သူ့ကို အတင်းအဓမ္မ ဖမ်းချုပ်ကာ ခါးကြားတွင် လိမ်ကျစ်ထားသော အသပြာကို လုယူသွားကျလေသည်။

ချိန်ကွမ်းကမျာ လုပ်ခလေးများ အလုခံလိုက်ရသဖြင့် ရှိုက်ကြီးတငင် ငိုကြွေးရင်း ရွာထဲသို့ဝင်ခဲ့သည်။ ရွာသားတွေကလည်း ဝမ်ယူဖန် လုသွားမှန်း သိကြပေမယ့် မပြောဝံ့ကြချေ။ ဝမ်ယူဖန်တို့လူစုက ရွာမှာနာမည်ကြီး



လူမိုက်များ ဖြစ်ကြသည်။

အရက်ကို မိုးလင်းမိုးချုပ် သောက်တတ်ပြီး ဘာအလုပ်မှ လုပ်သူတွေလည်း မဟုတ်ကြ။ ဟိုလူ့အနိုင်ကျင့် ဒီလူ့အနိုင်ကျင့်နှင့် ဝူနန်ရွာကလေးကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင် လုပ်တတ်ကြသည်။

ရွာသားများမှာလည်း ဝမ်ယူဖန်တို့ မူးလာပြီဆိုလျှင် အိမ်တံခါးများကိုလည်း အလုံအခြုံပိတ်ပြီး မအိပ်ချင်လည်း ကြိတ်မှိတ်အိပ်နေကြရသည်။ စကားပင် ရဲရဲ မပြောဝံ့ကြချေ။

သူတို့လူစုကလည်း လမ်းမကြီးပေါ်တွင် အော်ဟစ်ဆဲဆိုနေပြီဆိုလျှင် တစ်ရွာလုံး တိတ်ဆိတ်သွားသည်။ မီးမှိတ်သူမှိတ် တံခါးပိတ်သူကပိတ်နှင့် ထိတ်ထိတ်ပျာပျာ ဖြစ်နေကြသည်။

စင်စစ် ဝမ်ယူဖန်မှာ သိုင်းမပညာ မတတ်ကခေါက်သာ တတ်ထားပြီး လက်ရဲဇက်ရဲ ရှိသူမို့ သူ့ကို ဘယ်သူမှ မယှဉ်ဝံ့။ နောက်ဆုံး ချိန်ကွမ်း၏ဦးလေး ရှောင်အင်းပင် ဝမ်ယူဖန်ကို ကြောက်ရသည်။

ယခုလည်း အိမ်သို့ ငိုငိုယိုယို ပြန်လာသည်ကို ရှောင်အင်း မြင်တော့ ဒေါပွသွားသည်။ ထို့ကြောင့် ရှောင်အင်း

သည် အရက်အိုးကို ဝှပ်ကနဲမော့ရင်း ချိန်ကွမ်းကို အော်ဟစ်မေးသည်။

"ဟေ့ . . . သေနာလေး ဘာဖြစ်လို့ ငိုနေတာလဲ ကွ . . . ကျက်သရေမရှိတဲ့ မျက်နှာနဲ့ ငါ့တဲပေါ်တော့ တက်မလာနဲ့ဟေ့"

ရှောင်အင်း၏ အသံကြောင့် ချိန်ကွမ်းခမျာ တဲပေါ် မတက်ရဲဘဲ ဖြစ်သွားသည်။ ထိုစဉ် ရှောင်အင်း၏ အရက်မူးမူးနှင့် မေးလိုက်သော အသံကို ကြားလိုက်ရသည်။

"မေးနေတာ . . . မကြားဘူးလားကွ"

"ဟို . . . . ဟို . . . ကျွန် . . . ကျွန်တော် လုပ်ခတွေ အလုခံလိုက်ရလို့ပါ ဦးကြီး ရှောင်အင်းရယ်"

"ဘာ . . . မင်း . . . မင်း ငါ့ကို လိမ်တာလားကွ"

"ဟို မလိမ့်ဝံ့ပါဘူး ဦးကြီးရယ် . . . ကျွန်တော် တကယ် အလုခံလိုက်ရလို့ပါဗျာ"

"ဘယ်ခွေးမသား လုတာလဲကွ"

"ဟို . . . ဟို . . . . ဝမ်ယူဖန်တို့ လူစုပါ ဦးကြီး ရယ်"

"ဘာ . . . ဝမ်ယူဖန်"

"ဟုတ် . . ဟုတ်ပါတယ် . . ဦးကြီးရှောင်အင်းရယ်"



ဝမ်ယူဖန်ဆိုသည့် နာမည်ကြားလိုက်သည်နှင့် ရှောင်အင်း ငြိမ်ကျသွားသည်။ ထိုစဉ် ချိန်ကွမ်းသည် တဲလေးပေါ် မတက်ဝံ့ဝံ့နှင့် တက်လာပြီး အဖြစ်အပျက်ကို စုံလင်စွာ ပြောပြလိုက်သည်။

"တောက် . . . မင်း တော်တော် အသုံးမကျတဲ့ကောင်ပါလား။ ပိုက်ဆံကို ခါးမှာ ဘာဖြစ်လို့ ဖွက်ထားရမှာလဲကွ . . . . သူ မမြင်သာတဲ့ နေရာမှာ ဝှက်ထားရမှာကွ၊ အခုတော့ ဘာတတ်နိုင်တော့မှာလဲ"

ချိန်ကွမ်းမှာ အဖြစ်အပျက်ကို မျက်ရည်တစမ်းစမ်းလုပ်ရင်း ပြောပြနေသည်။ ရှောင်အင်းမှာ ချိန်ကွမ်ကို ဂရုမစိုက်နိုင်. . . အရေးကြီးသည်မှာ သူ မနက်ဖြန်အတွက် အရက်ဖိုး ရရန်ပင် ဖြစ်သည်။

ထို့ကြောင့် ချိန်ကွမ်းကို မျက်ထောင့်နီကြီးနှင့် ကြည့်ရင်း . . .

"ဟေ့ကောင် . . . . ချိန်ကွမ်း"

"ဗျာ . . . ဦးကြီး"

"ကျားမေတို့အိမ်က မင်းကိုခေါ်နေတယ်ကွ၊ ထင်းတစ်တုံးခွဲပေးဖို့နဲ့ . . . ရေတစ်ပုံး ခပ်ပေးဖို့ ပြောနေတယ်ကွ"

"ဒါဆို ကျွန်တော် သွားဦးမယ် ဦးကြီး"

"အေး . . . အေး မြန်မြန်သွား၊ လုပ်ခရရင် ဝှက်ယူခဲ့ဦးနော်"

"ဟုတ် . . . ဟုတ်ကဲ့ပါ ဦးကြီး"

ချိန်ကွမ်းသည် အိမ်ပေါ်မှ ပြေးဆင်းလာခဲ့ပြီး ရွာလယ်ပိုင်းရှိ ဒေါ်ကြီးကျားမေတို့ အိမ်ရှေ့တွင် ရပ်ပြီး အလုပ်ကိစ္စ မေးလိုက်သည်။

ကျားမေမှာ အလွန်အပေါက်ဆိုးလှသော မုဆိုးမကြီးဖြစ်ပြီး ကပ်စေးလည်း နည်းလှသည်။ သူ့တွင် သမီးကြီးပဲ ရှစ်ယောက်ရှိသည်။ သူ့အိမ်နားသို့ တောင်ရုံတန်ရုံ သူစိမ်းယောက်ျားလေး အကပ်မခံချေ။

ချိန်ကွမ်းကိုတော့ ငယ်သေးသည်က တစ်ကြောင်း အလုပ်ခိုင်းစရာ ရှိ၍တစ်ကြောင်း ဝင်ထွက်ခွင့် ပြုထားသည်။ ယခုလည်း ချိန်ကွမ်းအသံကို ကြားသည်နှင့် အထဲမှ ထွက်လာကာ ထင်းတစ်တုံး ပေါက်ရန်နှင့် ရေတစ်ပုံးခပ်ရန် အလုပ်ပေးလိုက်သည်။

ချိန်ကွမ်းမှာ ဝမ်းသာအားရ ဖြစ်သွားသည်။ စင်စစ် သူ ညစာလုံးဝ မစားရသေး။ နွားကျောင်းပြီး ပြန်အလာတွင်



ရလာသော အသပြာဖြင့် ဝယ်စားမည်ဟု ကြံထားသော်လည်း ဝမ်ယူဖန်တို့ လက်ချက်ကြောင့် ညစာငတ်ခန်း ဆိုက်ခဲ့ရသည်။

ထို့ကြောင့်လည်း အဒေါ်ကြီး ကျားမေ ခိုင်းသမျှ မငြီးမငြူဘဲ လုပ်လိုက်သည်။ ထင်းတုံးကြီးမှာ လူကြီးတစ်ဖက်ခန့်စာရှိပြီး ပုဆိန်ကြီး၏ အလေးချိန်မှာလည်း ချိန်ကွမ်း၏ အားလေးနဲ့ပင် မမျှချေ။

သို့ပေမယ့် ထမင်းစားရမည်ဆိုတော့ ချိန်ကွမ်းတစ်ယောက် အားတွေပြည့်နေသည်။

ပုဆိန်ကြီးကို မနိုင့်တနိုင်မရင်း သစ်တုံးကို လေးစိတ်ဖြစ်အောင် ခွဲပစ်လိုက်သည်။ အကြောမာလွန်းလှသည်မို့ အကြောမာလွန်းလှသည်မို့ ချိန်ကွမ်းတစ်ယောက် လက်တွေ ပေါက်ပြဲကုန်သည်။

သို့ပေမယ့် လက်က ဒဏ်ရာကို သူမမှုအား။ ထင်းတုံးကြီးကိုသာ တဂွမ်းဂွမ်းနှင့် ခွဲပစ်လိုက်သည်။ ထို့နောက် ရွာနောက်ပိုင်းသို့ ရေတစ်ပုံးရွက်ကာ သွားခဲ့ပြီး နက်ရှိုင်းလှသောတွင်းထဲမှ ရေကို ငင်ခဲ့ရသည်။

အလုပ်လဲပြီးရော. . . မိုးစုပ်စုပ် ချုပ်နေပြီ ဖြစ်သည်။

ရွာထဲက တဲလေးအချို့ပင် မီးမှိတ်နေကြပြီ ဖြစ်သည်။

ချိန်ကွမ်းသည် ဒေါ်ကြီးကျားမေ၏ အိမ်ဘေးတံခါးကို တဒေါက်ဒေါက် ခေါက်ရင်း လုပ်ခတောင်းလိုက်သည်။ ကျားမေသည် သူတောင်းသည့် လုပ်ခကို ခါးခါးသီး သီး ငြင်းဆန်ကာ ဇလုံတစ်လုံးနှင့် ထမင်းမောက်မောက် ထည့်ပြီး ပေးလိုက်သည်။

ဇလုံထဲတွင် စိမ်းစားငါးပိ တစ်ပုံနှင့် မုန်လာဥပြုတ်သုံးလုံးသာ ပါလာသည်။ ချိန်ကွမ်းမှာ လုပ်ခမရသော်လည်း ထမင်းစားရမည်ဖြစ်၍ ဝမ်းသာအားရ ဖြစ်နေသည်။ ထို့ကြောင့် ကျားမေပေးသော ထမင်းဇလုံကို ယူပြီး ထင်းပုံဘေးတွင် ဆာဆာနှင့် စားသောက်နေသည်။

ဂွီဂွီမြည်နေသော အစာအိမ်အောင်သံမှာလည်း ထမင်းတစ်လုတ်၊ နှစ်လုတ် ဝင်သွားမှ ငြိမ်ကျသွားသည်။ ဟင်း မကောင်းလှသော်လည်း ဆာလွန်းလှသဖြင့် စိမ်းစားငါးပိနှင့် မုန်လာဥပြုတ်ပင် နတ်သုဒ္ဓါထက် ကောင်းနေသည်။

ထိုစဉ် သူ့အနီးသို့ အမျိုးသမီးလေးတစ်ဦး တိတ်တဆိတ် ရောက်လာလေသည်။ ချိန်ကွမ်းသည် ခေါင်းငုံ့စားနေရာမှ သူ့နံဘေးသို့ ရောက်လာသော အရိပ်ကြောင့် မော့



ကြည့်လိုက်ရာ ကျားမေ၏ ဆဋ္ဌမမြောက်သမီးကလေး ရင်ဟန်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ရင်ဟန်သည် သူ့နှင့် မတိမ်းမယိမ်း အရွယ်ရှိပြီး အသားအရေလည်း ဖြူဆွတ်လှသည်။ ရုပ်အသွင်အပြင် မှာလည်း ချစ်စဖွယ်ကောင်းလှပေသည်။

ချိန်ကွမ်းကို တစ်ချက်ပြုံးကြည့်ရင်း သူဝှက်၍ယူလာလေသော ဟင်းတစ်တုံးကို ချိန်ကွမ်း၏ ဇလုံထဲ ထည့်ကာ ထွက်ပြေးသွားလေသည်။

ချိန်ကွမ်းသည် ဇလုံထဲရောက်လာသော ကြက်ပေါင်ကြီးတစ်ချောင်းကို ကြည့်ရင်း ရင်ဟန်၏ အကြင်နာကို ဝမ်းသာအားရ ဖြစ်သွားသည်။

ထို့ကြောင့် ကြက်ပေါင်ကြီးကို တဂွမ်ဂွမ်ကိုက်ရင်း အားပါးတရ စားသောက်ပစ်လိုက်သည်။ စားပြီးသောက်ပြီးသည်နှင့် ချိန်ကွမ်းတစ်ယောက် ဦးလေး ရှောင်အင်းရှိရာသို့ ပြန်ခဲ့သည်။

ထိုအခါ ဦးလေးဖြစ်သူမှာ တဲတွင်း၌ မူးပြီးအိပ်ပျော်နေပြီ ဖြစ်သည်။ ချိန်ကွမ်းသည် တဲကလေးပေါ် အသာအယာတက်ရင်း မီးဖိုချောင်ရှိ ဝါးကွပ်ပျစ်လေးပေါ်တွင်

စောင်စုတ်လေးခြုံကာ အိပ်ပစ်လိုက်သည်။

မိုးလင်း၍ မျက်လုံးနှစ်လုံး ဖွင့်သည်နှင့် ဦးလေးရှောင်အင်းတစ်ယောက် သောင်းကျန်းလေတော့သည်။ ကျားမေတို့အိမ်တွင် လုပ်ခဲ့သောလုပ်ခကို အတင်းတောင်းလေသည်။

ချိန်ကွမ်းခမျာ အိပ်ယာမှ လူးလဲထပြီး ငိုမဲ့မဲ့နှင့် အဖြစ်မှန်ကို ပြောပြသော်လည်း ရှောင်အင်းက မယုံ၊ သူ့ကို သုံးလေးချက်ကန်ပြီး တဲပေါ်မှ ဆင်းသွားလေသည်။

ချိန်ကွမ်းခမျာ ရှောင်အင်း၏ ကန်ချက်ကြောင့် တစ်ကိုယ်လုံး နာကျင်နေသည်။ စိတ်ထဲတွင်လည်း ဦးကြီးတော်၏ ရက်စက်မှုကို အရမ်းပင် နာကျည်းနေသည်။

အကြွင်နာကင်းလှသော၊ ဖေးမမှု ကင်းလှသော၊ ဦးကြီးရှောင်အင်း၏ ပုံရိပ်တွင် သူ မခိုလှုံလိုတော့ . . . ရက်စက်မှုများစွာနှင့် နေ့နေ့ညညနေခဲ့ရသည့် ဘဝကိုလည်း ငယ်ငယ်ရွယ်ရွယ်နှင့် နာကျင်ခံစားလာခဲ့ရသည်။

ထို့ကြောင့် ဖြစ်ချင်ရာ ဖြစ်ပါစေတော့ဟု ဆုံးဖြတ်ကာ ဦးလေးရှောင်အင်း၏ တဲအိမ်လေးပေါ်မှ ဆင်းခဲ့ပြီး ရွာနောက်ပိုင်း ဇရပ်ကြီးရှိရာသို့ လျှောက်ခဲ့သည်။



ထိုအခါ သုဘရာဇာကြီး စွန်အိဟောက်က သူ့ကို ပြုံးဖွေးဖွေးနှင့် ကြည့်ရင်း မေးသည်. . . .

"ဘယ်လိုလဲ လူလေး . . . ရှောင်အင်းက မင်းကို နှိပ်စက်ပြန်ပြီ ထင်တယ်"

"ဟုတ်ပါတယ် . . . ဘဘကြီးရယ်၊ ဦးကြီးရှောင်အင်းက ကျွန်တော့်ကို လုပ်ခ မရ,ရကောင်းလားဆိုပြီး ကန်ကြောက်သွားတယ်ဗျာ . . . . ပြီးတော့ သူ့တဲပေါ်မှာ မနေနဲ့ဆိုပြီး အတင်းမောင်းချသွားတယ်"

"အင်း . . . . အတော်ရက်စက်တဲ့ ရှောင်အင်းပဲ ကိုး၊ ကဲ . . မင်း ဘာစားပြီးပြီလဲ"

သူတောင်းစားကြီး စွန်အိလောက်သည် သူ့ ဝတ်ရုံမည်းကြီး၏ အဲဘးအိတ်မှ ပေါက်စီတစ်လုံးကို ထုတ်ကာ ချိန်ကွမ်းကို ပစ်ပေးလိုက်သည်။

"ဝမ်းသာလိုက်တာ ဘဘကြီးရယ် . . . ကျွန်တော် ခုလို ဒုက္ခရောက်လာတာကို ကူညီခဲ့တာ ကျွန်တော် အရမ်းကိုပဲ ကျေးဇူးတင်ပါတယ် . . . . ကျွန်တော် ဘဘကြီးကို နှိပ်ပေးရမလား၊ ဒါမှ မဟုတ် ဘာလုပ်ပေးရမလဲ . . . ပြောပါ ဘဘကြီးရယ်"

"အို . . . မလိုပါဘူး ကလေးရယ်၊ စားစရာရှိတာသာ စားစမ်းပါ"

"ဟုတ် . . . ဟုတ်ကဲ့၊ ကျွန်တော် စားပါ့မယ်. . . ကျွန်တော် ဒီကနေ့ကစပြီး ဒီဇရပ်ကြီးပေါ်မှာပဲ နေပါရစေတော့ ဘဘကြီးရယ် . . . . ကျွန်တော့်ကို နေခွင့်ပေးမလားဟင်"

"အို . . . နေခွင့်ပေးပါတယ် ချိန်ကွမ်းရယ်၊ ဒါပေမယ့် မင်းဦးကြီးက အမူးပြေရင် လာခေါ်အုံးမှာဘဲကွာ၊ အဲဒါက ခက်တယ်ကွ"

"ဟုတ်တော့ ဟုတ်ပါတယ် . . . ဘဘကြီး၊ ဒါပေမယ့် ကျွန်တော် ပြန်မလိုက်တော့ဘူးဗျာ . . . သူ ဘယ်လိုခေါ်ခေါ် ကျွန်တော်လိုက်ကို မလိုက်တော့ဘူး"

"ဟာ . . . ဒါဆို မင်းကို ရိုက်မှာပေါ့"

"အို . . . ရိုက်ရင် ထွက်ပြေးမှာပေါ့ ဘဘကြီးရဲ့"

"အင်း . . . . ချိန်ကွမ်း၊ ချိန်ကွမ်း မင်းဘဝက ငါ့ထက်တောင် ဆိုးလှပါလားကွာ၊ ကဲ . . . စားစရာရှိတာစားပါအုံး လူကလေးရာ . . . . နောက်မှ မင်းကိစ္စ ပြောကြတာပေါ့"



"ဟုတ် . . . ဟုတ်ကဲ့ ဘဘကြီး"

ချိန်ကွမ်းသည် လက်ထဲက ပေါက်စီလေးကို ပါးစပ်ထဲ ပလုပ်ပလောင်း သွင်းပြီး စားသောက်၏။ သုဘရာဇာကြီးစွန်အိဟောက်မှာ ချိန်ကွမ်၏ အသွင်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်။

ထိုအချိန်တွင် သူတို့နှစ်ဦး ထိုင်နေသည့်ဇရပ်ပေါ်သို့ အမျိုးသမီးငယ်ကလေး တစ်ဦး တက်လာသည်ကို တွေ့လိုက်ရသည်။

"ဟင် . . . ရင်ဟန်"

"ဟုတ်တယ် . . . ချိန်ကွမ်း၊ နင့်ကို နင့်ဦးလေးရှောင်အင်းက ရိုက်တယ်ဆို"

"ဟုတ်တယ် . . . . ရင်ဟန်ရယ်၊ ငါ ဒါကြောင့် ဒီကို ထွက်ပြေးလာရတာပေါ့"

"အို . . . နင့်ဦးလေးက အရမ်းရက်စက်တာပဲကိုး၊ ဘာမှ မပူပါနဲ့ဟယ် . . . နင့်အတွက် ငါ မုန့်တွေ ယူလာတယ်. . . ပြီးတော့ ငါ စုထားတဲ့ မုန့်ဖိုးတွေလဲ ပေးချင်လို့ လိုက်လာတာ"

"ဟင်"

ရင်ဟန်၏ စကားကြောင့် ချိန်ကွမ်း အံ့အားသင့်နေသည်။ သူ့အပေါ်တွင် ထားရှိသော ရင်ဟန်၏ စေတနာ၊ မေတ္တာကိုလည်း အံ့အားသင့်နေသည်။

စွန်အိဟောက်မှာ သူတို့နှစ်ဦးကို ကြည့်ပြီး ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။ ထိုစဉ် ရင်ဟန်၏ စေတနာမေတ္တာကိုလည်း အံ့အားသင့်နေသည်။

"မစားချင်ပါဘူး . . . ရင်ဟန်ရယ်၊ ငါ သူများဆီက အလကား ဘယ်တော့မှ မစားချင်ဘူး။ ပြီးတော့ . . . နင်စုထားတဲ့ မုန့်ဖိုးလည်း ငါ မယူချင်ပါဘူး၊ ငါ့ လုပ်ခနဲ့ မုန့်ဖိုးပဲ ငါ ယူချင်တယ်ဟ"

"အို . . . နင်အတော် မာနကြီးတာပဲကိုး၊ငါ နင့်ကို သနားလို့ ကျွေးတာပါဟယ်"

"ဟာ . . . ငါ့ကို မသနားပါနဲ့၊ ငါဟာ ယောကျ်ားပဲ ခုလို ဒုက္ခရောက်နေပေမယ့် ငါ တစ်နေ့ ကြီးပွားအောင် လုပ်မှာပေါ့"

"အေးပါဟယ် . . . နင့်သတ္တိကို ငါ ချီးကျူးပါတယ်၊ ဒါပေမယ့် ခုတော့ ငါ ကျွေးတာကို စားပါဟယ်၊ ခြော် . . . ဟို ဘဘကြီးလဲ စားပါနော်"



"မစားပါဘူး ဆိုမှကွာ"

"စားလိုက်ပါ လူကလေး၊ တစ်ဖက်က စေတနာနဲ့ ကျွေးတာကို လက်ခံရမယ် . . . ဒါဟာ လူကောင်း သူကောင်းတွေရဲ့ အလုပ်ပဲ"

စွန်အိဟောက်က သူတို့ နှစ်ဦးကြားဝင်၍ ဖြောင့်ဖျပြောလိုက်သည်။ စိတ်ထဲမှာတော့ ချိန်ကွမ်း၏ ယောကျ်ားပီသသော စိတ်ကလေးကို ကျေနပ်နေသည်။

သို့နှင့် ချိန်ကွမ်သည် ရင်ဟန်ကလေးလက်မှ မုန့်များကို လှမ်းယူပြီး စွန်အိဟောက်ကိုပါ ဝေပေးလိုက်သည်။

"ဟောဒါ ငါ စုထားတဲ့ ပိုက်ဆံတွေပဲ၊ နင့်ကို ငါ ပေးချင်လွန်းလို့ပါ ချိန်ကွမ်းရယ်"

"ဟာ . . . . မယူပါရစေနဲ့ ရင်ဟန်ရယ်၊ ငါ မိန်းကလေးတစ်ယောက်ဆီမှာ ဘယ်တော့မှ မတောင်းခံချင်ဘူး"

"အို . . . ငါက ပေးတာပါဟယ်၊ ရော့ . . . ရော့ မယူရင် ငါ စိတ်ဆိုးမှာနော်"

"ဟင် . . . ဒါ. . . ဒါဆိုပေး"

"ရော့ . . "

ရင်ဟန်သည် ချိန်ကွမ်းကို အိတ်ရှုံ့လေးနဲ့ ထည့်ထားသော ပိုက်ဆံများကို လှမ်းပေးလိုက်ပြီး သူ့ကို ကြင်နာစွာ နှုတ်ဆက်ရင်း ပြန်သွားလေသည်။

စွန်အိုဟောက်မှာ ကလေးမလေး၏ မျက်နှာလေး၏ ကျောပြင်လေးကို ကြည့်ပြီး ပြုံးစေ့စေ့နှင့် ပြောသည်။

"အင်း . . . . သူလေးဟာ မင်းအတွက် ကောက်ရိုးလေးတစ်မျှင်ပဲ ချိန်ကွမ်း၊ မင်း ငြင်းဆန်ဖယ်ဖို့တော့ မကြိုးစားနဲ့ကွ"

"ဟာ . . . ဘဘကြီးကလည်း ကျွန်တော် ဘယ်မိန်းကလေးဆီကမှ အကူအညီ အယူချင်ဘူးဗျ"

"ဟုတ်ပါတယ်ကွာ . . . မင်းရဲ့စိတ်ကို ငါ နားလည်ပါတယ်၊ ဒါပေမယ့် . . . တစ်ဖက်ရဲ့ စေတနာ မေတ္တာကို မင်း အသိအမှတ်ပြုရမှာပေါ့"

"ဒါ . . . ဒါတော့ ဟုတ်ပါတယ် ဘဘကြီး"

"အေး . . . အေး အဲဒါဆို မင်း ဒီမှာနေမယ်ပေါ့"

"အင်း . . . နေတော့ နေချင်ပါတယ် ဘဘကြီး ရယ်၊ ဒါပေမယ့် . . . ဟို . . . ဦးလေး ရှောင်အင်း လိုက်လာရင် ဒုက္ခ"



"ဟုတ်ပေသားပဲ၊ ကဲပါလေ. . . မင်းကို ငါ တစ်ခုတော့ အကြံပေးနိုင်တယ်"

"ပြောပါ ဘဘကြီး"

"မင်း ဒီမှာ မနေနဲ့တော့"

"ဗျာ . . . ဒါဆို ကျွန်တော် ဘယ်သွားရမှာလဲဟင်"

"ယောကျ်ားပဲကွာ . . . စွန့်စားရမှာပေါ့"

"ပြောပါ. . . ဘဘကြီး"

"အေး . . . ဒါဆို ဝူလိန်တောင်ကြီးကို မင်းသိသလား"

"သိပါတယ် . . . ဘဘကြီး"

"အေး . . . အဲဒီ တောင်ကြီးပေါ်မှာ ငါ့ မိတ်ဆွေ ယင်အိထန်ဆိုတာ ရှိတယ်ကွ၊ သူဟာ သိုင်းသမားကြီးပေါ့ကွာ . . . မင်း သူနဲ့ သွားနေရင် စားစရာလဲ မပူရသလို သိုင်းပညာပါ မင်းကို သင်ပေးဦးမှာကွ၊ ဒါပေမယ့် ခရီးကတော့ အတော့်ကို ကြမ်းတယ်နော်၊ မင်း သွားရဲပါ့မလား"

"ဟာ . . သွားရဲတာပေါ့ ဘဘကြီးရယ်"

"အေး . . . ဒါဆို မင်း အဲဒီကို အရောက်သွားပေတော့၊ ငါက လွှတ်လိုက်တာလို့ပြော။မင်းကို သူ ကောင်း

ကောင်းမွန်မွန် ဆက်ဆံလိမ့်မယ်"

"ဒါဆို အခုပဲ သွားတော့မယ် ဘဘကြီး"

"အေး သွားသာသွား၊ ယောက်ျားဆိုတာ ရဲရင့်ရမယ်၊ စွန့်စားရမယ်"

"စိတ်ချပါ ဘဘကြီး"

"ကဲ . . ကဲ . . . ဒါဆို သွားတော့ဟေ့၊ ကံကြုံရင်တော့ မင်းနဲ့ငါ တစ်နေ့ ပြန်တွေ့ကြရမှာပေါ့ကွာ"

"ဟုတ် . . . ဟုတ်ကဲ့၊ ဘဘကြီးရဲ့ ကျေးဇူးကို ကျွန်တော်တစ်သက် မမေ့ပါဘူးခင်ဗျာ"

"အေး . . . အေး သွားပေတော့၊ လူကလေး ချိန်ကွမ်းရေ"

"ဟုတ်ကဲ့ ဘဘကြီး"

ချိန်ကွမ်းသည် စွန်အိဟောက်ကို နှုတ်ဆက်ကာ ဇရပ်ကြီးပေါ်မှ ဆင်းသွားလေသည်။ စွန်အိဟောက်မှာ ချိန်ကွမ်း၏ ကျောပြင်ကို ကြည့်ရင်း ဝမ်းသာအားရ ဖြစ်နေသည်။

ဇွဲကြီးလှသော ချိန်ကွမ်း။

ရဲရင့်လှသော ချိန်ကွမ်း။



ယောက်ျားပီသလှသော ချိန်ကွမ်းကို သူ လူတစ်လုံး ဖြစ်အောင် မြေတောင်မြှောက်ပေးလိုသော ကြောင့်လည်း မိတ်ဆွေကြီး ယင်အိထန်ထံ သွားရန် လမ်းညွှန်လိုက်ခြင်း ဖြစ်သည်။

စင်စစ် ချိန်ကွမ်း၏ အဆစ်အပေါက်မှာ သိုင်းသမား၏ အဆစ်အပေါက် ဖြစ်သည်။ အရပ်အမောင်းရော၊ သွက်လက်ဖျတ်လတ်မှုကိုပါ စွန်အိဟောက် သဘောကျသည်။

ထို့ကြောင့်လည်း ယခုလို လွှတ်လိုက်ရခြင်း ဖြစ်သည်။ ချိန်ကွမ်းမှာ စွန်အိဟောက်ကို နှုတ်ဆက်ရင်း ဝူလိန်တောင်ဘက်သို့ ထွက်ခဲ့သည်။

ခရီးကြမ်းလှသော်လည်း ချိန်ကွမ်း မမှု၊ ဦးလေး၏ အရိပ်အောက်မှ အပြီးတိုင် ထွက်ခဲ့ရပြီမို့ ဝမ်းသာအားရ ဖြစ်နေမိသည်။

လမ်းတလျှောက်ရှိ ရွာကလေးများတွင် တစ်ထောက်နားရင်း ပါးစပ်တစ်ပေါက်အတွက် ရသမျှ အလုပ်ကို ဝင်လုပ်ခဲ့သည်။ သို့နှင့် ခရီးဆက်ရာ လမ်းတစ်ဝက်တွင် ထူးဆန်း သော အဖြစ်အပျက်နှင့် ကြုံလိုက်ရသည်။

ထိုအရာကား အခြားတော့ မဟုတ်ပါ။ ဟိုနန်ရွာမှ

အထွက် တောအုပ်ကလေးတစ်ခုထဲ အရောက်တွင် တဝုန်းဝုန်းနှင့် အော်သံဟစ်သံတွေကို ကြားလိုက်ရသဖြင့် အခင်းဖြစ်ပွားရာသို့ ပုန်းလျှိုးကွယ်လျှိုး ရောက်လာခဲ့ရာ မေးငန်းပင်ကြီးအောက်တွင် သတ္တဝါနှစ်ကောင် သတ်ပုတ်နေခြင်းဖြစ်သည်။

ထိုသတ္တဝါများမှာ ကြီးမားသော သိမ်းစွန်ငှက်ကြီးတစ်ကောင်နှင့် တောကြောင်ကြီးတစ်ကောင်ပင် ဖြစ်သည်။ ချိန်ကွမ်းသည် သစ်ပင်ကြီးတစ်ပင်ကို ကွယ်ပြီး အဖြစ်အပျက်ကို စောင့်ကြည့်နေသည်။

တောကြောင်ကြီးမှာ ကျားကြီးတစ်ကောင်နီးပါး ရှိပြီး ဒေါသလည်း ကြီးလှသည်။သူသည် ကြီးမားသော လက်သည်းကြီးများကို ထုတ်ကာ သိမ်းစွန်ငှက်ကြီးကို လှမ်းပုတ်နေသည်။

သိမ်းစွန်ငှက်ကြီးကလည်း အတောင်ပံနှစ်ဖက်ကို တဝုန်းဝုန်း ရိုက်ရင်း ရှောင်တိမ်းနေသည်။ တစ်ချိန်တွင် ဝုန်းကနဲ ဝင်လာသော တောကြောင်ကြီးကို သိမ်းစွန်နက်ကြီးက အတောင်ပံနှင့် ရိုက်ထုတ်ကာ ခုန်ထွက်လိုက်ပြီး သစ်ပင်ပေါ်သို့ ပျံတက်သွားသည်။



တောကြောင်ကြီးသည် စွန်နက်ကြီးကို အခဲမကြေပေ၊ တခွီးခွီးနှင့် အော်ဟစ်ရင်း သစ်ပင်ပေါ်သို့ အပြေးလိုက်သွားသည်။

စွန်နက်ကြီးသည် တရွေ့ရွေ့တက်လာသော တောကြောင်ကြီးကို ကြည့်ရင်း တဝဲဝဲနှင့် အော်မြည်နေသည်။ ထိုစဉ် တောကြောင်ကြီးသည် စွန်နက်ကြီး နားနေသည့် သစ်ကိုင်းပေါ်သို့ လွှားကနဲ ခုန်တက်လာကာ ညာလက်ဖြင့် သိမ်းငှက်၏ ရင်အုံကို ပုတ်လိုက်သည်။

"ဝုန်း . . . "

"ဖြောင်း"

အသံဗလံတွေ ဆူပွက်ကုန်သည်။ ငှက်ကြီးနှင့် တောကြောင်ကြီးတို့ ပူးကပ်သွားပြီး တစ်အောင့်မျှအကြာတွင် နှစ်ကောင်စလုံး မြေပြင်ပေါ်သို့ တဘုတ်ဘုတ် ပြုတ်ကျလာသည်။

ချိန်ကွမ်းမှာ အဖြစ်အပျက်ကို ကြည့်ရင်း အံ့အားသင့်နေသည်။ ထိုစဉ် စွန်နက်ကြီးမှာ ယိုင်တိယိုင်ထိုးနှင့် ထလာသည်။ ရင်အုံတွင်လည်း သွေးစသွေးနတွေ ထွက်နေသည်။ တောကြောင်ကြီးမှာ တော်တော်နှင့် မထနိုင်။

ချိန်ကွမ်းသည် တောကြောင်ကြီးကို လှမ်းကြည့်လိုက်ရာ အံ့ဩသွားသည်။ တောကြောင်ကြီး၏ မျက်စိနှစ်လုံးမှာ ပေါက်ထွက်သွားချေပြီ ဖြစ်သည်။ သွေးရဲရဲ သံရဲရဲနှင့် ထလာရင်း တောထဲသို့ကမူးရှူးထိုး ထွက်ပြေးသွားလေသည်။

စွန်နက်ကြီးခမျာမတော့ မြေပြင်ပေါ် ယိုင်တီယိုင်တိုင်နှင့် လျှောက်နေသည်။ ချိန်ကွမ်းမှာ ငှက်ကြီးကိုကြည့်ရင်း ကရုဏာ သက်သွားသည်။

ထို့ကြောင့် ပုန်းနေရာမှ ထွက်ခဲ့ပြီး ငှက်ကြီး အနားသို့ လျှောက်ခဲ့သည်။ သူ့ကို မြင်တော့ ကွပ်ကွပ်နှင့် အော်ဟစ်နေသော်လည်း ထွက်မပြေးပေ။

ချိန်ကွမ်းသည် ငှက်ကြီးအနားသို့ ကပ်ခဲ့ကာ အိတ်ထဲမှ ပေါက်စီအတွင်းသားလေးကို လက်ထဲထည့်ပြီး ကျွေးလိုက်သည်။

ငှက်ကြီးသည် သူ့ကို မော့ကြည့်ပြီး ကွပ်ကနဲ အော်မြည်လိုက်ရင်း လက်ထဲက အသားစလေးများကို တတောက်တောက်နှင့် ယူ၍ စားနေလေသည်။ အစာများကုန်သွားသည်နှင့် ငှက်ကြီး၏ ဒဏ်ရာကို ပြုစုပေးလိုက်ရာ



ငှက်ကြီးမှာ ငြိမ်ခံနေသည်။ ချိန်ကွမ်းသည် တောထဲတွင် ပေါက်ရောက်နေသော ဆေးရွက်များနှင့် ငှက်ကြီး၏ ဒဏ်ရာကို ပြုစုပေးလိုက်သည်။

တဖြည်းဖြည်း ငှက်ကြီးမှာ ချိန်ကွမ်းနှင့် ယဉ်ပါးလာသည်။ ထိုအခါ ချိန်ကွမ်းသည် ငှက်ကြီးကို ပခုံးပေါ်တင်ရင်း ခရီးဆက်ခဲ့လေသည်။

* * * * *

သူဖြတ်သန်းခဲ့သော ရွာကလေးများက သူတို့ နှစ်ဦးကို မြင်ပြီး အံ့အားသင့်နေကြသည်။

ချိန်ကွမ်းကတော့ ငှက်ကြီးကို ခင်တွယ်နေသည်။ ငှက်ကြီးမှာလည်း ချိန်ကွမ်း အပေါ်တွင် ရင်းနှီးလာလေရာ နောက်ဆုံးတွင် နှစ်ဦးသား သံယောဇဉ် ဖြစ်ခဲ့ကြလေသည်။

သို့နှင့် ငှက်ကြီးကို ပခုံးပေါ်တင်ပြီး ခရီးဆက်ခဲ့ကြရာ ယခုတော့ ဝူလိန်တောင်ခြေသို့ ကျော်ကာ တောကြီးမျက်မည်းထဲသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

စိတ်ထဲတွင် ကြောက်ရွံ့နေသော်လည်း သူ့ မိတ်ဆွေ သိမ်းစွန်ငှက်ကြီး ရှိနေသဖြင့် ကြောက်စိတ်များ ပြေပျောက်

ခဲ့ရသည်။ သို့နှင့် သူတို့နှစ်ဦး တောအုပ်ကြီးထဲသို့ တရွေ့ရွေ့ဝင်ခဲ့ကြရာ အမှောင်ထုကလည်း တစ်စတစ်စ ဖုံးလွှမ်းလာပြီ ဖြစ်သည်။

ချိန်ကွမ်းသည် ခရီးကြမ်းနှင်ခဲ့ရသဖြင့် မောပန်းနွမ်းနယ်နေသည်။ ထို့ကြောင့်လည်း သစ်ပင်ကြီး တစ်ပင်အောက်တွင် အနားယူအိပ်စက်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

သိမ်းစွန်ငှက်ကြီးမှာ သစ်ပင်ကြီးအောက် ရောက်သည်နှင့် ချိန်ကွမ်း၏ ပခုံးပေါ်မှ ပျံကာသစ်ကိုင်းကြီး တစ်ကိုင်းပေါ်တွင် နားခိုလိုက်သည်။

ချိန်ကွမ်းသည် သစ်ရွက်ခြောက်များ ဖုံးလွှမ်းနေသော မြေပြင်ပေါ်တွင် ထိုင်ချလိုက်ပြီး မီးဖိုလေ၏။ ထို့နောက် ရင်ဟုန်ပေးသော ပေါက်စီတစ်လုံးကို ထုတ်ကာအထဲမှ အသားစများကို သိန်းငှက်ကြီးအား ခေါ်ကျွေးလိုက်သည်။

ပြီး . . . သူလည်း စားသောက်ခါ မီးဖိုဘေးတွင် အိပ်စက်လေသည်။ အမှောင်ထုကလည်း တဖြည်းဖြည်း ဖုံးလွှမ်းလာ ချေပြီ ဖြစ်သည်။ ချိန်ကွမ်းခမျာ မောကလည်း မောမောနှင့်မို့ မြေပြင်ပေါ် ခေါင်းချသည်နှင့် တစ်ရေးမျှ



အိပ်ပျော်သွားလေတော့ သည်။

ပုဇဉ်းရင်ကွဲအော်သံ၊ ပိုးမွှားတိရစ္ဆာန်များ၏ အော်မြည်သံတွေက တောကြီး၏ တစ်ဘက်မှ သိုးသိုးသဲ့သဲ့ ထွက်လာသည်။

ချိန်ကွမ်းမှာတော့ အသံဗလံတွေကို နားမစွင့်အားမီးပုံကြီးဘေးတွင် တရှူးရှူးနှင့် အိပ်ပျော်နေသည်။ ထိုအချိန်တွင် တရှဲရှဲတရှပ်ရှပ်နှင့် ရွက်ခြောက်များပေါ် ဖြတ်၍ ရှည်ရှည်မျောမျော သတ္တဝါကြီးတစ်ကောင်သည် ချိန်ကွမ်း ရှိရာသို့ လာနေသည်။

ချိန်ကွမ်းမှာ တရှူးရှူးနှင့် အိပ်မောကျနေဆဲ။ ထိုစဉ်ကွပ်ခနဲ အော်သံနှင့်အတူ သစ်ပင်ပေါ်တွင် နားနေသောစွန်နက်ကြီး ယင်းသတ္တဝါကြီး ရှိရာသို့ ထိုးဆင်းလာပြီး ရုတ်တရက်ဝင်၍ တိုက်ခိုက်လေသည်။

"ကွပ် . . . ကွပ်"

"ရှူး . . . ရှူး"

ဆူဆူညံညံ အသံတွေ ထွက်ပေါ်လာသဖြင့် ချိန်ကွမ်းသည် အိပ်ပျော်နေရာမှ ဖြတ်ကနဲ လန့်နိုးလာသည်။ သူနှင့် ခပ်လှမ်းလှမ်းတွင် သတ္တဝါနှစ်ကောင်သည် သည်း

ကြီးမည်းကြီး တိုက်ခိုက်နေသည်။ အိပ်ရာမှ နိုးနိုးချင်း တွေ့လိုက်ရသဖြင့် ထိတ်လန့် သွားသည်။

"ဟာ . . . နက်ကြီးပါလား"

မြင်ကွင်းကြောင့် သူ အံ့အားသင့်သွားသည်။

သူ့ မိတ်ဆွေ စွန်နက်ကြီးနှင့် ငန်းမြွေကြီး တစ်ကောင် တစ်ဝုန်းဝုန်း တိုက်ခိုက်နေပေသည်။

ငန်းမြွေကြီးမှာ ဆယ်ပေကျော် ကျော်ခန့်ရှိပြီး အစွယ်ကြီးတွေမှာလည်း ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

စွန်နက်ကြီးကလည်း အရှောင်အတိမ်း ကောင်းလှသဖြင့် ဘတပြန် ကျားတပြန် ဖြစ်နေသည်။ တစ်ချိန်တွင် ငန်းမြွေကြီးက စွန်နက်ကြီး၏ ကျောကုန်းပေါ် လှမ်း၍ ပေါက်သည်။

"ဝူး. . ."

"ဒုတ်. . ."

"ကွပ် . . . ကွပ်. . . ကွပ်"

စွန်နက်ကြီးကလည်း လျင်လှပေသည်။ ရုတ်တရက် ဝင်လာသော ငန်းမြွေကြီး၏ တိုက်ကွက်ကို ရှောင်ရင်း ဖျတ်



ကနဲ ခုန်ထွက်သွားကာ မြွေကြီး၏ ညာဘက်မျက်လုံးကို နှုတ်သီးကြီးနှင့် ပေါက်ချလေသည်။

"ဖောင်း . . . ."

"ရှူး . . . ရှူး"

"ကွပ် . . . ကွပ်"

စွန်နက်ကြီး၏ တိုက်ကွက်အောက်တွင် ငန်းမြွေကြီး ယိုင်ဆင်းသွားသည်။ မျက်လုံးတစ်ဖက် ပေါက်သွားပြီး သွေးတွေ ထွက်လာသည်။

ထိုစဉ် စွန်နက်ကြီးက ငန်းမြွေကြီးကို အလွတ်မပေး၊ ဖျတ်ကနဲ ကိုယ်ပေါ် ခုန်တက်ပြီး ခြေသည်းနှင့် ကုတ်ကာ သစ်ကိုင်းပေါ် ချီသွားလေသည်။

မြွေကြီး၏ ခေါင်းမှာ မြေပြင်ပေါ်သို့ စိုက်ကျသွားကာ ချိန်ကွမ်းကိုပေါက်ဖို့ ဦးတည်လာသည်။ ထိုစဉ် ချိန်ကွမ်းသည် လက်ထဲ ဝါးစိမ်းတုတ်နှင့် မြွေကြီး၏ခေါင်းကို ရိုက်ချလိုက်သည်။

"ကဲကွာ. . . ."

"ဖောင်း. . ."

"ဝူး. . ."

မြွေကြီး၏ ခေါင်းမှာ လည်စင်းသွားသည်။

စွန်နက်ကြီးကလည်း နှုတ်သီးကြီးနှင့် တဒေါက်ဒေါက် ပေါက်ချလိုက်ရာ နောက်ဆုံး ငန်းမြွေကြီးမှာ သေဆုံးသွားရလေသည်။

ချိန်ကွမ်းမှာ မြေပြင်ပေါ် ပြုတ်ကျလာသော ငန်းမြွေကြီးကို ကြည့်ရင်း ဝမ်းသာအားရ ဖြစ်သွားသည်။ သူ၏ ပထမဆုံး တိုက်ပွဲတွင် အောင်ပွဲခံလိုက်ရသဖြင့် ကျေနပ်အားရနေသည်။ ထို့ပြင် မိတ်ဆွေစွန်နက်ကြီး အကူအညီကြောင့် ယခုလို အနိုင်ရလိုက်သည်ဟု နားလည်မိခဲ့သည်။

သို့နှင့် ငန်းမြွေကြီးကိုယူပြီး မီးပုံထဲထည့်၍ ကင်ပြီး စွန်နက်ကြီးနှင့် ဝေခြမ်းစားသောက်သည်။ ပြီးသည်နှင့် သူတို့နှစ်ဦး ရှေ့သို့ ခရီးဆက်ခဲ့ကြလေသည်။

* * * * *



## အခန်း(၂)

ချိန်ကွမ်းမှာ သူ့မိတ်ဆွေ စွန်နက်ကြီး၏ တိုက်ကွက်ကို မျက်လုံးထဲက မထွက်နိုင်အောင် ဖြစ်နေသည်။တောကြောင်ကြီးနှင့်တစ်ခါ ငန်းမြွေကြီးနှင့်တစ်ခါ ခုန်ပျံကျော်လွှားပြီး တိုက်ခိုက်ခဲ့ပုံကို မျက်လုံးထဲ မြင်လာသည်။

ထို့ကြောင့် တောင်ပေါ်တက်သည့် ခရီးတွင် တထောက်နားသည်နှင့် သိမ်းစွန်ကြီး၏ ဟန်ပန်လုပ်ကာ တိုက်ကွက်အမျိုးမျိုးကို ကျင့်လိုက်သည်။ စွန်နက်ကြီးကတော့ သူ့ကို ပြုံးကြောင်ကြောင် လှမ်းကြည့်နေဆဲ။

ချိန်ကွမ်းမှာ စွန်နက်ကြီး၏ လှုပ်ရှားမှုအတိုင်း တသွေမတိမ်း လိုက်၍ လေ့ကျင့်ခဲ့ရာ သူ့ကိုယ်သူပင် အံ့ဩနေမိ

သည်။

ထိုစဉ် စွန်နက်ကြီးကလည်း သူကို ကလူကျီစယ်သည့်သဘောနှင့် ထိုးတော့မယောင် ဆိတ်တော့မယောင် လုပ်လာသည်။ ချိန်ကွမ်းသည် စွန်နက်ကြီး၏ တိုက်ကွက်ကို ပြန်လည် ထိုးစစ်ဆင်သည်။

နှစ်ဦးစလုံး မမောနိုင်၊ မပန်းနိုင်ဖြင့် လေ့ကျင့်ခဲ့ရာ၊ အချိန်အတော်လေးပင် ကြာမြင့်သွားသည်။ ထိုအခါ နှစ်ဦးသား ရှေ့သို့ ခရီးဆက်ခဲ့ကြစဉ် တောင်ကိုပတ်ခွေ စီးဆင်းနေသော စမ်းချောင်းကလေးကို တွေ့လိုက်ရသဖြင့် ချောင်းထဲဆင်းပြီး ရေချိုးကြသည်။

စွန်နက်ကြီးမှာ ချိန်ကွမ်းအတွက် ရဲဘော်ရဲဘက်ကြီး ဖြစ်လာသည်။ သူ့အတွက် ယုန်ကြွက်ကအစ ရှာဖွေပေးလာတတ်ပေရာ ချိန်ကွမ်းတစ်ယောက် စားသောက်ဖို့အတွက် မပူရချေ။

သို့နှင့် နှစ်ဦးသား ရေမိုးချိုးပြီး စမ်းချောင်းကလေးအတိုင်း ကွေ့ပတ်လျှောက်ခဲ့ကြရာ မြင့်မားနက်ရှိုင်းသည့် ရေတံခွန်ကြီးအနားသို့ ရောက်သွားသည်။

နှစ်ဦးသား ရေတံခွန်နားရှိ ကျောက်တုံးကျောက်



စွယ်များပေါ်တွင် တအောင့်တနား အပန်းဖြေ လိုက်ကြသည်။ စွန်နက်ကြီးသည် ရေတံခွန်ဘက်သို့ ဖြတ်စီးနေသော ရေပြင်ထဲမှ ငါးများကို ထိုးသုတ်လိုက်သည်။

ချိန်ကွမ်းမှာ စွန်နက်ကြီး လှုပ်ရှားပုံကို ကြည့်ပြီး အံ့အားသင့်နေသည်။ တအောင့်မျှအကြာတွင် သူ့အနားသို့ ငါးကြီး သုံးလေးကောင် ချီကာ ရောက်ရှိလာသည်။

နှစ်ဦးသား ငါးကြီးတွေကို ကင်ပြီး စားသောက်ကြသည်။ ချိန်ကွမ်းမှာ ခုလို ခရီးထွက်လာရသည်ကို ပျော်ရွှင်နေသည်။

လွတ်လပ်စွာနှင့် စိတ်ထင်ရာသွားနေရသဖြင့် စိတ်လက်ပေါ့ပါးနေသည်။ သို့နှင့် ရေတံခွန်စီးဆင်းနေသော ရေပြင်ကို ဖြတ်ကာ တစ်ဘက်ကျောက်တောင်ကြီးများပေါ်သို့ တက်ခဲ့သည်။

သုဘရာဇာကြီး ပြောလိုက်သော ရင်ကွဲတောင်ကြား ရေတံခွန်ကို ရောက်လာပြီမို့ ချိန်ကွမ်း ဝမ်းသာအားရ ဖြစ်နေသည်။

ယင်အိဖန်နှင့် တွေ့ဖို့ မဝေးတော့ဟု ထင်မိသည်။ နောက်ဆုံးကျောက်တုံး ကျောက်ဆောင်များကြားမှ ကပ်

တွယ်ရင်း ခက်ခက်ခဲခဲ တက်လာခဲ့ရာ ကြီးမားလှသော ဂူကြီး တစ်ဂူကို တွေ့လိုက်၏။

ဂူကြီးဝမှာ လူတစ်ယောက် မတ်တပ်ရပ်၍ ဝင်လို့ရအောင် ကျယ်၏။ ချိန်ကွမ်းသည် ဂူကြီးထဲသို့ မရဲတရဲနှင့် တိုးဝင်ခဲ့လေသည်။

ဂူအမိုးပေါ်တွင် ကျောက်ပန်းဆွဲကြီးတွေက တို့လို့တွဲလောင်းကျနေသည်။ အထဲတွင် အလွန်ပင် ကျယ်ဝန်းလှပြီး ပြန့်ပြူးနေသော မြေပြင်လည်းရှိသည်။

ချိန်ကွမ်းသည် အထဲရောက်သည်နှင့် အသံပြုပြီး လျှောက်ခဲ့သည်။ ထိုစဉ် သူ့ ပခုံးပေါ်မှ စွန်နက်ကြီးက ဝုန်းကနဲ ထပျံသွားကာ လိုဏ်ဂူကြီးထဲသို့ ပျံသွားသည်။

တအောင့်မျှအကြာတွင် ကွပ်ကွပ်နှင့် အော်သံကြောင့် ဂူအနောက်ဘက်သို့ အပြေးဝင်သွားသည်။

"ဟာ . . . လူသေအလောင်းကြီးပါလား"

မြင်ကွင်းကြောင့် သူ အံ့အားသင့်သွားသည်။ ပုပ်ပွနေသော လူသေအလောင်းကြီး တစ်လောင်း၊ ကိုယ်ပေါ်တွင်လည်း လောက်တွေက အဖွေးသား ရွစိရွစိ တိုးနေသည်။



မြင်ရုံနှင့် အော်ဂလီဆန်စရာပင်။ ချိန်ကွမ်း၏ စိတ်ထဲတွင် လူဝံကြီးတစ်ကောင်၏ လက်ကြီးအလားပင် ထင်မိသည်။

အလောင်းအသွင်အပြင်ကို ကြည့်လိုက်သောအခါ မျက်စိပေါက်တွင် မျက်လုံးနှစ်လုံး မရှိတော့။ လူသတ်သမားသည် မျက်စိနှစ်လုံးကို ဖောက်ထုတ် တိုက်ခိုက်သွားသလိုပင်။

သုဘရာဇာကြီး ပြောလိုက်သည့်နေရာမှာ သူရောက်နေသော နေရာပင် ဖြစ်မည်ဟု တွေးမိသည်။ သေဆုံးနေသူမှာ ယင်အိဖန်ပင် ဖြစ်ရမည်ဟု ယူဆရင်း အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။

စိတ်ထဲတွင် ကြိုးစားအားခဲ့ထားသမျှ အရာအားလုံး ခဲလေသမျှ သဲရေကျ ဖြစ်ခဲ့ရလေသည်။ သိုင်းပညာ သင်ရတော့မည်ဟု အထင်နှင့် ကြမ်းတမ်းခက်ထန်သည့် ခရီးကို ဖြတ်သန်းခဲ့ရသည်မှာ ယခုတော့ အချီးနှီးဖြစ်သွားပေသည်ဟု တွေးရင်း မြေပြင်တစ်နေရာတွင် ခေါင်းငိုက်စိုက်ထိုင်ချလိုက်သည်။

ထိုစဉ် စွန်နက်ကြီးသည် ဝုန်းကနဲ ပျံတက်သွားကာ

ဂူနံရံတွင် ထိုးထိုးထောင်ထောင်နှင့် တွယ်နေသော ကျောက်တွင်းကြီးပေါ်တွင် နားလိုက်သည်။

"ကွပ် . . . ကွပ်"

"ဂျိန်း"

"ဝုန်း"

"ဟာ . . . လျှို့ဝှက်အခန်းတံခါးကြီး ပွင့်သွားပါလား"

မြင်ကွင်းကြောင့် သူ မျက်လုံးပြူးသွားသည်။ ငှက်ကြီးနားလိုက်သော ကျောက်ဆွယ်ကြီးမှာ လျှို့ဝှက်ဂူနံရံ၏ တံခါးခလုတ် ဖြစ်နိုင်ကြောင်း တွေးဆမိသည်။ ထို့ကြောင့်လည်း သေဆုံးသူ၏ ခြေရင်းဘက်ရှိ ဂူနံရံမှာ တစ်ဂျိန်းဂျိန်း မြည်သံပေးရင်း ပွင့်လာသည်။

ချိန်ကွမ်းသည် ထိုင်ရာမှ ထရင်း အထဲသို့ မရဲတရဲ ဝင်ခဲ့သည်။

"ဟာ . . . . သိုင်းကစားနေတဲ့ ပုံတွေပါလား"

လျှို့ဝှက်အခန်းထဲတွင် သိုင်းကစားသည့် ပုံများ ရေးဆွဲထားသည်ကို တွေ့ရသည်။ ပုံများကို ကြည့်ရင်း ဝမ်းသာအားရ ဖြစ်နေသည်။



ချိန်ကွမ်းသည် ရေးဆွဲထားသော ပုံများကို တစ်ခုချင်း အသေးစိတ်ကြည့်ရာ ပါးစပ်မှ လွှတ်ကနဲ ထွက်သွားသည်။

"ဟာ . . . မြွေကြီးနှစ်ကောင်နဲ့ လူတစ်ယောက် တိုက်ခိုက်နေတဲ့ ပုံတွေပါလား"

အံ့ဖွယ်ရာပင်။ တိုက်ကွက်တွေကလည်း ကြောက်ခမန်းလိလိပင်။

ထို့ပြင် လူတစ်ဦး တင်ပလ္လင်ခွေထိုင်ပြီး လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ကာ အတွင်းအား လေ့ကျင့်နေသည့် ပုံကိုပါ တွေ့လိုက်ရသည်။

ဤပုံများကို လေ့လာကြည့်လိုက်သော အခါတွင်လည်း အတွင်းအားရရန် လေ့ကျင့်နေသည့် ပုံများ ဖြစ်နေပြီး နောက်ဆုံး လူစင်စစ်မှ ခြသေ့်ကြီးအသွင် ဖြစ်သွားသည်ကိုပါ တွေ့လိုက်ရသည်။

အခန်းထောင့်တွင်လည်း စားသောက်ဖွယ်ရာများစွာကို တွေ့လိုက်ရသဖြင့် ချိန်ကွမ်းတစ်ယောက် ဝမ်းသာအားရဖြစ်သွားသည်။ ထိုစဉ် အခန်းတွင်းသို့ ငှက်ကြီး ဝင်လာရာ သစ်သီးသစ်ဖုများကို တွေ့လိုက်ရလေသည်။

ထို့နောက် အခန်းထဲတွင် နေထိုင်ရန် ဆုံးဖြတ်လိုက်ပြီး နံရံပေါ်တွင်ရှိသော လေ့ကျင့်ခန်းများကို လေ့ကျင့်တော့မည်ဟု သန္နိဋ္ဌာန်ချလိုက်လေသည်။

သူ့စိတ်ထဲတွင် သိုင်းလေ့ကျင့်လိုစိတ်များ တဖွားဖွား ပေါ်ပေါက်နေသည်။ စင်စစ် ပညာရပ်တစ်ခုကို မသင်ယူခဲ့၍လည်း လူတကာ၏ အနှိပ်စက်အညှင်းပန်းကို ခံခဲ့ရသည်ဟု တွေးမိသည်။

ထို့ကြောင့်လည်း နံရံပေါ်မှ သိုင်းလေ့ကျင့်ခန်းများကို မရမနေ လေ့ကျင့်တော့မည်ဟု တွေးတောရင်း အခန်းထဲမှ မထွက်တော့ဘဲ အတွင်းအား လေ့ကျင့်ခန်းကို စတင်၍ လေ့ကျင့်လေတော့သည်။

သို့ပေမယ့် သူတစ်ခု အခက်အခဲ တွေ့နေရသည် မှာ နံရံပေါ်မှ စာများပင် ဖြစ်သည်။ ငယ်စဉ်ကတည်းက စာမသင်ခဲ့ရသည်မို့ နံရံပေါ်က စာတွေကို ဖတ်မရ ဖြစ်နေသည်။

သို့ပေမယ့် ပုံပါလေ့ကျင့်ခန်းအတိုင်း တသွေမတိမ်း လေ့ကျင့်ဖို့ ဆုံးဖြတ်ခါ လေ့ကျင့်လေတော့သည်။ သို့နှင့် ကျောက်ဂူကြီးထဲ ရောက်ခဲ့သည်မှာ ရက်အလီလီ ရှိခဲ့ပေပြီ



ဖြစ်သည်။

သိမ်းစွန်ငှက်ကြီးမှာ တစ်ခါတစ်ရံ ဂူအပြင်ဘက်သို့ ထွက်ကာ အစာရှာ ထွက်သွားခဲ့လေသည်။ ချိန်ကွမ်း တစ်ယောက်ကတော့ ဂူထဲက မထွက်တော့ပေ။

ခွေးတစ်လုံးလုံးနှင့် ခုန်ပျံကျော်လွှားရင်း ပုံမှန် အတိုင်း ကျင့်ခဲ့ရာ တစ်လနီးပါးရှိလာသည်။ ထိုအတော အတွင်း သိန်းစွန်ကြီးကတော့ သူ့အနားမှ မခွာပေ။

အခန်းထဲတွင် သိုလှောင်ထားသော သစ်သီးသစ်ဖုများ စားသုံးရင်း လေ့ကျင့်ခဲ့ပေရာ သူ့အသွင်က ဂူထဲရောက်ကာစက အသွင်နှင့် မတူတော့ချေ။

ဖျတ်ဖျတ်လတ်လတ် အသွင်သဏ္ဌာန်ရှိလာပြီး ခုန်ပျံကျော်လွှားနေပုံမှာလည်း သူ့ကိုယ်သူပင် အံ့ဩနေမိသည်။ ဂူပိုင်ရှင်ကြီး ယင်အိဖန်ကိုလည်း သူ အကြီးအကျယ် ကျေးဇူးတင်မိလေသည်။

တစ်ကိုယ်လုံးမှာလည်း မှိုလေးပမာ ပေါ့ပါးနေသည်။ ဂူနံရံကြီးများပေါ်ရှိ ကျောက်ဆွယ်ကြီးများကို ခုန်၍ ကန်ကြောက်နေသည်။ ဂူထဲတွင် လိပ်ပြာတစ်ကောင်လို ပျံဝဲကြည့်သည်။

သူ၏ တက်လာသော အရည်အချင်းကို ကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေသည်။ သင်ချင်လွန်းလှသော သိုင်းပညာကို မထင်မှတ်ဘဲ သင်လိုက်ရသဖြင့် ပီတိဝေဝေဖြစ်ရသည်။

နောက်ဆုံး လျှို့ဝှက်အခန်းထဲမှ ထွက်ပြီး သိုင်းပညာကို အပြင်းအထန် လေ့ကျင့်ခဲ့ရာ သူ့စိတ်ထဲတွင် ခြသေ့်တစ်ကောင်ဉာဏ် ပူးကပ်လာသည်။

အော်ဟစ်သံတွေကလည်း ခြသေ့်ကြီးတစ်ကောင်အလား ထင်မှတ်ရသည်။

နောက်ဆုံး ဂူနံရံပေါ်မှာ လေ့ကျင့်ပုံများကို အစအဆုံးအရယူပြီး လေ့ကျင့်ခဲ့ပေရာ သုံးလခန့်အကြာတွင် အားလုံး ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သွားလေသည်။

ထိုအခါ သေဆုံးနေသော ဆရာကြီး ယင်အိဖန်၏ အလောင်းကို လျှို့ဝှက်အခန်းထဲတွင် ကောင်းမွန်စွာ မြှုပ်နှံလိုက်၏။ထို့နောက် ဂူတံခါးကို အသေအချာ ပိတ်လိုက်ပြီး ဂူကြီးထဲမှ ထွက်ခဲ့လေတော့သည်။

* * * * *



ဂူအပြင်ရောက်သည်နှင့် သူ ဦးဆုံး ဦးတည်ရမည့် ခရီးမှာ ဆရာကြီး ယင်အိဖန်ကို သတ်ဖြတ်ခဲ့သော သွေးလက်ဝါး ပိုင်ရှင်ကို ရှာဖွေရန် ဖြစ်သည်။

စိတ်ထဲတွင် ဆရာကြီး၏ ကျေးဇူးကို ဆပ်နိုင်သည်မှာလည်း သွေးလက်ဝါးကို ရှာဖွေသုတ်သင်ခြင်းသာ ကျေးဇူးဆပ်ခြင်း မည်ပေသည်ဟု ယုံကြည်မိသည်။

ထို့ကြောင့်လည်း သွေးလက်ဝါးကို စုံစမ်းရန် ခရီးစတင်ခဲ့လေသည်။

ဝူလိန်တောင်မှာ မြောက်ဘက်အခြမ်းသို့ ရောက်လာလေ မြင့်လာလေပင်၊ နှင်းမှုန် နှင်းစတွေကလည်း တောင်တန်းကြီးပေါ်တွင် ဖွေးဖွေးလှုပ်အောင် ဆုပ်ဆိုင်းနေသည်။

တောင်တန်းတစ်လျှောက်တွင်လည်း ထင်းရှူးပင်၊ ယူကလစ်ပင်၊ ချယ်ရီပင် အစရှိသည့် အအေးပိုင်းတွင် ပေါက်တတ်သော အပင်ကြီးများကိုသာ တွေ့ရသည်။

တစ်ခါတစ်ရံ ဝက်ဝံဖြူကြီးများ၊ ရေခဲတောင် ဝံပုလွေကြီးများကို တွေ့ရတတ်သည်။ သို့ပေမယ့် သူနှင့် အတန်ငယ် ဝေးလှသည်မို့ အန္တရာယ် မကြုံခဲ့ရပေ။

သို့နှင့် နှင်းပြင်ကြီးများ နှင်းကုလားကြီးများကို ဖြတ်ရင်း တဖြည်းဖြည်းခရီးနှင်ခဲ့သည်။ စိတ်ထဲတွင် သွေးလက်ဝါးကို တွေ့အောင်ရှာမည်ဟု ဆုံးဖြတ်ခဲ့သော်လည်း ယခုသွားနေသည့်ခရီးကို သူ မမှန်းဆတတ်၊ ခြေဦးနှင့် ဒူးတည့်ရာ သွားနေခြင်းသာ ဖြစ်သည်ဟု တွေးမိသည်။

သို့ပေမယ့် ဝူလိန်တောင်ကြီးဆုံးလျှင် တစ်မြို့တစ်လေ တွေ့ရလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် ခရီးဆက်ခဲ့ခြင်း ဖြစ်သည်။

လမ်းတစ်လျှောက်တွင် နှင်းမှုန်နှင်းပွင့်များကလည်း တစ်ခါတစ်ရံ ဒူးဆစ်မြုပ်လိလိပင် ဖုံးလွှမ်းနေတတ်သည်။ သို့ပေမယ့် ချိန်ကွမ်းတစ်ယောက် ဘယ်တော့မှ လွယ်လွယ်ကူကူနှင့် လက်မလျှော့၊ ဝူလိန်တောင်ကြီးကို အမြန်ဖြတ်သန်းနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။

ထိုအချိန်တွင် တောင်ခါးပန်းတစ်ဝိုက်မှာ ဝေါကနဲ တိုက်ခတ်လာသော နှင်းမုန်တိုင်းကြီးကြောင့် သူ ထိတ်လန့်သွားသည်။

ပခုံးပေါ်တွင် ခပ်ကုပ်ကုပ်နားနေသော သိန်းစွန်ငှက်ကြီးမှာလည်း လန့်ဖြန့်သွားသည်။ နှစ်ဦးသားနီးရာ ရေခဲ



ဂူထဲတွင် ဝင်ပြီး ပုန်းအောင်းနေခဲ့ရသည်။

အပြင်ဘက်တွင် မုန်တိုင်းတွေက တဝေါဝေါနှင့် ပြင်းထန်စွာ တိုက်ခိုက်နေဆဲ . . . . ထိုစဉ် စွန်နက်ကြီး၏ တကွပ်ကွပ် အော်သံကို ထူးခြားစွာ ကြားလိုက်ရသဖြင့် ချိန်ကွမ်းတစ်ယောက် အပြင်ကို ကြည့်မိသည်။

"ဟာ . . . ဝက်ဝံကြီး ဝင်လာပါလား"

သူ အကြီးအကျယ် ထိတ်လန့်သွားသည်။ ဂူထဲသို့ ကုန်းကုန်းကွကွနှင့် ဝင်လာသော ဝက်ဝံဖြူကြီး တစ်ကောင်၊ သူတို့လိုပဲ နှင်းမုန်တိုင်းကို ရှောင်ရှားနိုင်ရန် ဂူထဲသို့ ဝင်လာခဲ့ခြင်း ဖြစ်သည်။

ချိန်ကွမ်းသည် ဂူနံရံရှိ ရေခဲချွန်ကြီးတွေပေါ် ခုန်ပြီး တက်လိုက်သည်။ စွန်နက်ကြီးသည် ချိန်ကွမ်း ပခုံးပေါ်မှ နေ၍ ဂူအပြင်ဘက်သို့ ပြန်ထွက်သွားသည်။

စိတ်ထဲတွင် စွန်နက်ကြီးကို ဒေါသဖြစ်နေမိသည်။ ယခုလို အန္တရာယ်ကျရောက်နေချိန်တွင် ရှောင်တိမ်းသွားသည်ကို မကျေမနပ် ခံစားနေရ၏။ ထိုစဉ် ဝက်ဝံထံမှ ကြောက်မက်ဖွယ်ရာ ကောင်းလှသောအသံကို ကြားရသည်။

"ဂရား. . ."

"ဟာ. . . "

"ဂရုး. . "

ဝက်ဝံကြီးမှာ အော်သံပေးရင်း သူ့အနားသို့ တစ်လှမ်းချင်းလာသည်။ ချိန်ကွမ်းမှာ နောက်ဆုတ်နောက်ဆုတ်နှင့် ကြောက်လန့်နေသည်။ ထိုစဉ် သူလေ့ကျင့်ခဲ့သော သိုင်းကျင့်စဉ်တွေက အတွေးထဲ ဖျတ်ကနဲ ဝင်လာသည်။

သွေးကြောတွေ ဆူပွက်သွားသလိုပင် ခွန်အားသတ္တိတွေ ပြည့်နှက်၏။ ချိန်ကွမ်းသည် အားကုန်ညှစ်ထုတ်ရင်း ဝုန်းကနဲ ခုန်၍ ဝက်ဝံကြီးကို ကန်ထည့်လိုက်သည်။

ကန်ချက်က မီးပွင့်မတတ်ပင် ပြင်းထန်လွန်းလှပြီး ခွန်အားအပြည့် သုံးလိုက်သဖြင့် ဝက်ဝံကြီးမှာ ရေခဲပြင်ပေါ်သို့ ပက်လက်လန်ကျသွားသည်။

ထိုအခါ လေထဲသို့ လွင့်ကနဲ ခုန်တက်ကာ ဝက်ဝံဖြူကြီး၏ နံစောင်းကို အရှိန်ပြင်းပြင်းနှင့် အသားကုန် ကန်ထည့်လိုက်သည်။

"ဝုစ်"

"စွပ်"

"ဂရား . . . ဂရား"



ဝက်ဝံကြီးမှာ ချိန်ကွမ်း ကန်ချက်ကြောင့် သုံးလေးပတ်လိမ့်သွားပြီး ရေခဲပြင်ပေါ်တွင် လူးလဲထမည်အလုပ်တွင် ဂူထဲသို့ စွန်နက်ကြီး ပြန်ဝင်လာကာ သူ့နှုတ်သီးကြီးနှင့် အတင်းကို ထိုးဆိတ်တိုက်ခိုက်လေတော့သည်။

ထိုစဉ် သိမ်းငှက်ကြီးသည် ချိန်ကွမ်း၏ ပခုံးပေါ်သို့ ပျံဝဲနားလိုက်လေသည်။ အပြင်ဘက်တွင်တော့ နှင်းမုန်တိုင်းက ပြင်းထန်နေဆဲ။

သွေးခဲအောင် အေးလွန်းလှသဖြင့် ချိန်ကွမ်းမှာ မခံမရပ် ဖြစ်လာသည်။ မေးတွေ တစ်ဆတ်ဆတ် ရိုက်ရင်း တစ်ကိုယ်လုံး နတ်ပူးသလို ဖြစ်လာသည်။ နောက်ဆုံး မခံမရပ်နိုင် ဖြစ်လာသည်ကို စွန်နက်ကြီးကို ဒေါသဖြစ်အောင်လုပ်ကာ နှစ်ဦးသား သွေးပူလေ့ကျင့်ခန်း လုပ်လိုက်ကြသည်။

ငှက်ကြီးမှာ ဂူထဲတွင် ဟိုသည် ပျံရင်း ချိန်ကွမ်းကို ထိထိမိမိ တိုက်ခိုက်သလို ချိန်ကွမ်းကလည်း သူ လေ့ကျင့်ထားသော ကိုယ်ယောင်ဖျောက်ကို သုံးပြီး ငှက်ကြီး စိတ်တိုလာအောင် ဆွသည်။

ငှက်ကြီးမှာ တကွပ်ကွပ် မြည်ကြွေးရင်း ချိန်ကွမ်း၏

ဟာကွက်ကို လှည့်ပတ်ရှာသည်။ ချိန်ကွမ်းကလည်း ခုန်ပျံကျော်လွှားရင်း ဟာကွက်မရှိအောင် ရှောင်သည်။

နောက်ဆုံးတော့ နှစ်ဦးစလုံး မောပန်းသွားသည်။ ထိုအခါ လေ့ကျင့်ခန်းလုပ်ပြီး ဂူထဲတွင် အပန်းဖြေလိုက်ကြ၏။ အပြင်ဘက်တွင်တော့ နှင်းမုန်တိုင်းကြီးများက ဆဲသွားချေပြီဖြစ်သည်။

ထိုအခါကျမှပဲ နှစ်ဦးသား ဂူထဲမှ ဖြည်းဖြည်းချင်း ထွက်ခဲ့ကြသည်။ နှင်းမှုန်ကလေးများ ဝေ့ဝေ့ဝဲဝဲ ကျဆင်းနေဆဲပင်။ ချိန်ကွမ်းကိုယ်ပေါ်တွင်လည်း နှင်းမှုန်နှင်းပွင့်များ ဖွေးဖွေးလှုပ်ရသလို စွန်နက်ကြီး၏ ကိုယ်ပေါ်တွင်လည်း နှင်းမှုန်တွေကပ်ပြီး နေသည်။

စွန်နက်ကြီးက သူ့ကိုယ်ကို မကြာခဏ ခါထုတ်နေသည်။ ချိန်ကွမ်းသည် နှင်းမှုန်များကြား တရွေ့ရွေ့ လှမ်းရင်း ခရီးဆက်လာခဲ့ရာ မိုးထိတောင်ပေါ်ကြီးသို့ ရောက်လာသည်။

တောင်ကြီးတစ်ခုလုံးတွင် ဝက်သစ်ချပင်များက ဖွေးဖွေးလှုပ်နေ၏။ တစ်ခါတစ်ရံ တောဆိတ်၊ သမင်အုပ်။ ဒရယ်အုပ်များကို တွေ့ရတတ်လေသည်။ သူတို့နှစ်ဦး တောင်



ထိပ်ဖျားသို့ ရောက်ခါနီးတွင် တဒူဒူနှင့် မောင်းသံကြားလိုက်ရသည်။

ချိန်ကွမ်းမှာ မောင်းသံကြောင့် အံ့အားသင့်သွားရသည်။ ယခုလို လူသူမနီးလှသည့် တောကြီးထဲတွင် မောင်းသံကို ကြားလိုက်ရသဖြင့် အထူးအဆန်း ဖြစ်နေသည်။

နောက်ဆုံး ဝက်သစ်ချပင်ကြီးများ အောက်မှ တဖြည်းဖြည်း လျှောက်ခဲ့ရာ တဒူဒူနှင့် မောင်းသံကို ထပ်မံကြားလိုက်ရသလို အော်သံတစ်သံကိုလည်း ကြားလိုက်ရသည်။

ထူးဆန်းလွန်းလှသည့် အချင်းအရာများမို့ အသံကြားရာသို့ ခြေလှမ်းသွက်သွက်နှင့် လှမ်းခဲ့သည်။

"ဟာ . . . . ဘာတွေ လုပ်နေကြပါလိမ့်၊ ဘယ်သူတွေလဲ. . . . လက်ထဲမှာလဲ ဓားတွေ၊ လှံတွေနဲ့ ပြီးတော့ ပတ်ပတ်လည်မှာလည်း အလံကြီးတွေ တင်ထားပါလား"

ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ အံ့အားသင့်နေသည်။ ထိုအရာကား တခြားတော့ မဟုတ်ပါချေ။ ဝက်သစ်ချတောကြီးအလွန်ရှိ မြေပြန့်တစ်နေရာ လူစုလူဝေးကြီးများကို တွေ့လိုက်ခြင်း ဖြစ်သည်။

သူတို့၏ အလယ်တွင် ကြီးမားသော မြေကွက်လပ်ကြီး ရှိပြီး၊ မြေကွက်လပ်ကြီးအလယ် ဗဟိုတွင် စင်မြင့်ကြီး ရှိသည်။

စင်မြင့်ပေါ်တွင် တဖိတ်ဖိတ် တောက်ပနေသော အရာကို ကြည့်ရင်း မျက်စိကျိန်းစပ်သွားသည်။

"ဘာများပါလိမ့် . . . ရတနာတွေလား၊ အင်း . . . ဒါ ပြိုင်ပွဲတစ်ခု လုပ်နေတာပဲ ဖြစ်မယ်"

တစ်ယောက်တည်း တွေးတော စဉ်းစားနေစဉ် လူအုပ်စုကြီးများထဲမှ မုတ်ဆိတ်မွေး၊ပါးပြိုင်းမွေး ဖြူဖြူနှင့် အဘိုးအိုတစ်ဦး ထွက်လာသည်။ အရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်းနှင့် လက်တွင်လည်း ကြီးမားလှသော နဂါးတောင်ဝှေးကြီးကို ကိုင်ထားသည်။

သူသည် လူပုံအလယ်ရှိ စားပွဲတစ်ခုပေါ် တက်ကာ အတွင်းအား ပြည့်ဝလှသည့် လေသံဩဩကြီးနှင့် ပရိတ်သတ်ကို အော်ပြောလိုက်သည်။

"အို . . . မိတ်ဆွေ သိုင်းလောကသားတို့ ယခုဆိုရင် ဒီဝူလိန်တောင်ဖျူပေါ် ကို ရောက်လာကြတာ ထိပ်ထိပ်ကြဲ အဖြူရောင်အဖွဲ့တစ်ဆယ့်ငါးဖွဲ့ စုံစုံညီညီ ရှိခဲ့ပါပြီ။ ဒါ



ကြောင့် ဒီကနေ့ ကျင်းပမယ့် ကိုးမျက်နှာ သိုင်းမကိုဋ်ကြီးလုပွဲဟာ ကျွန်တော့် သိုင်းလောကမှာ စာတင်လောက်မယ့် ပြိုင်ပွဲကြီး ဆိုလည်း မမှားပါဘူး ခင်ဗျား၊ ပြီးတော့ ကျွန်တော့်ကိုယ့်ကျွန်တော်လည်း မိတ်ဆက်ပေးပါရစေ . . . တကယ်တော့ ကျွန်တော်ဟာ ရှောင်လင်ကျောင်းတော်ကြီးပေါ်က ဂိုဏ်းချုပ်ကြီး ဝူရှန်ပါ ခင်ဗျာ . . . ကျွန်တော်တို့ ရှောင်လင်အဖွဲ့ဟာ ဒီ ကိုးမျက်နှာ မကိုဋ်ကြီးကို ထိန်းသိမ်းခဲ့တာ အနှစ်နှစ်ဆယ် ရှိခဲ့ပါပြီ . . . ခုတော့ ဒီမကိုဋ်ကြီးကို မိတ်ဆွေတို့ အဖြူရောင် အဖွဲ့တစ်ဆယ့်ငါးဖွဲ့ထဲက တစ်ဖွဲ့က ထိန်းသိမ်းပါလိမ့်မယ်။ ဒီ မကိုဋ်ကြီးကို ထိန်းသိမ်းတဲ့အဖွဲ့ဟာလည်း ထိပ်ထိပ်ကျဲ အရည်အချင်းတွေ ရှိနေပါတယ်။ ဒါကြောင့်လည်း ခုလို ပြိုင်ပွဲခေါ်ပြီး ကျင်းပရခြင်း ဖြစ်ပါတယ်၊ တကယ်လို့ ဒီပြိုင်ပွဲမှာ အဖွဲ့တစ်ဖွဲ့ဟာ အနိုင်ရခဲ့ရင် သူဟာ မကိုဋ်ကြီးကို စောင့်ရှောက်ထိန်းသိမ်းရပါမယ် . . . ပြီးတော့ သူ့ဩဇာ အမိန့်ကိုလည်း ကျန်တဲ့အဖွဲ့တွေက လေးစားရပါမယ် . . . နောင်အနှစ် နှစ်ဆယ်ပြည့်တဲ့နေ့မှာတော့ ခုလိုပဲ မကိုဋ်ကြီးကို ပြိုင်ပွဲကျင်းပပြီး လက်ပြောင်းရမှာ ဖြစ်ပါတယ်။ တကယ်တော့ ဒီ ကိုးမျက်နှာမကိုဋ်ကြီးဟာ အမည်း

ရောင်သိုင်းသမားတွေ လက်ထဲရောက်သွားရင် အခြေအနေဆိုးသွားနိုင်ပါတယ် . . . ဒါကြောင့် နိုင်တဲ့အဖွဲ့က ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရပါမယ်။ တကယ်တော့ ဒီလို အနှစ်နှစ်ဆယ်တစ်ခါ လှည့်ပြောင်းထိန်းသိမ်းသွားဖို့ အမိန့်ပေးခဲ့တဲ့ သူကတော့ ကိုးမျက်နှာလို့ အမည်ရတဲ့ သိုင်းသူရဲကောင်း ကိုးယောက်ရဲ့ ဆန္ဒပါခင်ဗျာ၊ ဒါကြောင့် ဒီကနေ့ စိန်ခေါ်ပြိုင်ပွဲဟာ ကျွန်တော်တို့ သိုင်းလောကသားရဲ့ အဆုံးအဖြတ်ပါပဲ၊ ပြီးတော့ ခုလို လူသူဝေးလံလှတဲ့ တောင်ပေါ်မှာ ကျင်းပရတာကလည်း အမည်းရောင် သိုင်းသမားတွေရဲ့ ရန်ကဝေးအောင် ကျင်းပချင်လို့ပဲ ခင်ဗျာ၊ ကဲ . . . အခုအချိန်ကစပြီး သိုင်းပြိုင်ပွဲကြီးကို စတင်ဖို့ အချိန်ရောက်လာပြီ ခင်ဗျာ"

"ဒူး . . . ဒူ . . . ဒူ"

"ဟေး . . . ဟေး"

"ဖြောင်း. . . . ဖြောင်း. . . ဖြောင်း"

တစ်ကွင်းလုံး အုတ်အော်သောင်းနင်း ဖြစ်သွားပြီး လက်သီးလက်မောင်း တန်းရင်း မကိုင်ရှကြီးကို ရှိသေမှု ပြုလုပ်ကြသည်။



စင်စစ် ယင်း ကိုးမျက်မကိုင်ရှကြီးကို ဖန်တီးခဲ့သူမှာ နှယ်နှယ်ရရ သိုင်းသမားများ မဟုတ်ပါ။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ခဲ့ရသော သိုင်းအဓိပတိကြီး ကိုးဦးက မကိုင်ရှကြီး ကို ထုဆစ်ပြီး ရှောင်လင်ဆရာတော်ကြီးထံတွင် အပ်နှံခဲ့သည်။

သူတို့ ကိုးဦးမှာမူ လောကကြီးထဲမှ ထွက်ခွာလာခဲ့ပြီ ဖြစ်ကြောင်း ရှောင်လင်ဂိုဏ်းချုပ်ကြီး ဝူရှန်က ကြေငြာခဲ့သည်။

အမှန်တော့ ယင်းမကိုင်ရှကြီးကို ရရှိလိုက်သည့် ကိစ္စမှာ သိုင်းလောကတွင် အထွတ်အထိပ်သို့ ရောက်ရှိသွားသည့် သဘောဆောင်လေသည်။

ထို့ကြောင့်လည်း အဖြူရောင်သိုင်းအဖွဲ့ တစ်ဆယ့်ငါးဖွဲ့လုံး လိုလိုလားလား ဖြစ်နေကြသည်။ ထိုစဉ် ကွင်းပြင်နှင့် ခပ်လှမ်းလှမ်းရှိ တောင်ထိပ်ပေါ်မှ ချောင်းကြည့်နေ သောချိန်ကွမ်းမှာ မြင်ကွင်းတစ်ခုကြောင့် အံ့အားသင့် သွားသည်။

ထိုမြင်ကွင်းမှာ အခြားတော့မဟုတ်ပါချေ။ ကျင်းပနေသောသိုင်းပြိုင်ပွဲကြီး၏ အပြင်ဖက်ရှိ စည်း၏ ယူကလစ်ပင်ကြီးများပေါ်တွင် အမဲရောင်သိုင်းသမားများ ခိုးကြောင်ခိုးဝှက်

ရောက်နေကြခြင်းပင်ဖြစ်သည်။

ထိုအချင်းအရာကိုမြင်တော့ ချိန်ကွမ်း အကြီးအကျယ်တုန်လှုပ်သွားသည်။ အမဲရောင် သိုင်းအဖွဲ့များသည် ကိုးမျက်နှာ မကိုင်ရှုကြီးကို လုယူရန် ကြံစည်နေသည်ဟု ချိန်ကွမ်းတွက်မိသည်။

ထိုစဉ် ကွင်းပြင်အလယ်ဗဟိုတွင်လည်း သိုင်းပြိုင်ပွဲကြီးက ကျင်းပနေပြီဖြစ်၏။ အဖွဲ့တစ်ဆယ့်ငါးဖွဲ့ အတွင်းရှိ သိုင်းပညာအတော်ဆုံးလူကို ရွေးထုတ်ကာ ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေ ကြခြင်းပင်ဖြစ်သည်။

ချန်ကွမ်းမှာ သိုင်းပြိုင်ပွဲကို ဂရုမစိုက်အား တိတ်တခိုးရောက်ရှိနေသော အမဲရောင် သိုင်းသမားများ ဆီသို့သာ မျက်စိက ရောက်နေ၏။

နောက်ဆုံး အခြေအနေက လွယ်ကော့မည် မဟုတ်။ ပြိုင်ပွဲပတ်ပတ်လည်ရှိ တောအုပ်များဝ င် အမဲရောင်သိုင်းသမားများ စုဝေးရောက်ရှိနေကြသည်ကို ချိန်ကွမ်းတစ်ယောက် မြင်လိုက်ရသည်။

စိုးရိမ်စိတ်တွေက လှိုင်းတန်ဘိုးထန်လာ၏။ မကိုင်ရှုကြီးသာ လူမသမာတွေလက်ထဲ ပါသွားလျှင် သိုင်းလောက



တစ်ခုလုံး ပျက်စီးသွားပေလိမ့်မည်ဟု တွေးမိ၏။

ထို့ကြောင့်လည်း မကိုင်ရှုကြီးကို အရယူရန် ချိန်ကွမ်း စဉ်းစားဆုံးဖြတ်၏။ သို့သော် သည်ပြိုင်ပွဲအတွင်း ဝင်၍ယှဉ်ပြိုင်ကာ မကိုင်ရှုကြီးကို ပရအောင်ယူဖို့ အချိန်ကလည်း မရှိတော့ချေ။

နောက်ဆုံးတော့ ပခုံးပေါ်တွင် ကွပ်ကွပ်နှင့် စားနေသော ငှက်ကြီးကို တီးတိုးပြောကာ အကူအညီတောင်း လိုက်ရ၏။ ငှက်ကြီးမှာ နားလည်သည့် အလားပင် တကွပ်ကွပ်နှင့် အောင်မြည်ရင်း ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။

တစ်အောင့်မျှအကြာတွင် သူ့ပခုံးပေါ်မှနေ၍ ဝုန်းကနဲထပျံသွားသည်။

ချိန်ကွမ်းသည် ငှကြီးပျံသွားရာ ကောင်းကင်သို့မော့ကြည့်နေသည်။ ငှက်ကြီးသည် ကောင်းကင်ပေါ်သို့ တစ်ရှိန်ထိုးပျံတက်သွားပြီး တစ်အောင့်မျှအကြာတွင် အောက်သို့ထိုးဆင်းလာ၏။

ထိုစဉ် သိုင်းပြိုင်ပွဲကြီးကလည်း ချိမ့်ချိမ့်သဲသဲ ယှဉ်ပြိုင်နေ၏။ လက်ခုပ်သံ၊ အောင်သံ၊ ဟစ်သံတွေလည်း ဆူညံနေ၏။ အမဲရောင်သိုင်းသမားများကလည်း သစ်ပင်ကြီးတွေကြား

တွင် မားတပြင်ပြင်လုပ်နေကြ၏။

ထိုစဉ်အောက်သို့ တစ်ရှိန်ထိုး ပျံသန်းလာသော ငှတ်ကြီးသည် သုံးလေးပြန်ထောင်၍ ဝဲလိုက်ရင်း ဖျပ်ကနဲ အောက်သို့ပြန်ဆင်းပြီး မကိုင်ရှကြီးကို ခြေသည်းနှင့်ကုတ်ယူလိုက်၏။

တစ်ဦးတစ်ယောက်မျှ သတိမထားမိကြ၊ ငှတ်ကြီးသည် ကိုးမျက်နှာ မကိုင်ရှကြီးကိုချီကာ စင်မြင့်ပေါ်မှ ရုတ်တရက်ပျံတက်သွားလိုက်၏။

ထိုအခါကျမှ ပရိတ်သတ်ကြီးသိသွားလေ၏။ အားလုံး အုတ်အော်သောင်းနင်းဖြစ်သွားကာ ငှတ်ကြီးကို တရှီးရှီးနှင့် အော်ဟစ် ကြိမ်းမောင်းကြလေ၏။

"ဟေ့. . ရှီး. . ရှီး. . "

"လုပ်ပါဦးကွာ"

"သွားပါပြီကွာ ဘယ်ငှက်ကြီးပါလိမ့် စွန်နက်ကြီးပဲဖြစ်ရမယ်ကွ. . . "

"အေး. . . ဟုတ်တယ်ဟေ့"

"ဒါဆို. . လူခွဲလိုက်ကြစမ်း. . ဟေ့"

"လိုက်. . . လိုက်"

"ရှို. . ရှို. . ဟေး. . ဟေး. . ငှက်"



အသံဗလံတွေက ကွင်းပြင်တစ်ခုလုံး ပဲ့တင်သွား၏။ ငှက်ကြီးမှာ ကိုးမျက်နှာမကိုင်ရှကြီးကိုချီကာ ကောင်းကင်ပေါ်သို့ ထိုးတက်သွား၏။ ထို့နောက် တိမ်တွေဆီကိုဖောက်ခွဲပြီး ဟိုဟို ဒီဒီပျံဝဲရင်း နောက်ဆုံးတော့ ချိန်ကွမ်းရှိရာသို့ ဆင်းသက်လာ၏။

အဖြူရောင်သိုင်းအဖွဲ့ကြီးမှာတော့ ငှက်ကြီးပျံသွားရာနောက်သို့လိုက်ရင်း ဝူလိန်တောကြီးထဲသို့ တောနင်းဝင်ရောက်လာကြ၏။ထိုစဉ် အမည်းရောင် သိုင်းသမားအဖွဲ့မှာလည်း ထိုမြင်ကွင်းကြောင့် မျက်လုံးပြူး မျက်ဆံပြူးဖြစ်ကုန်ကြ၏။

သူတို့က မကိုင်ရှကြီးကို အပိုင်ရတော့မည်ဟု ကျိန်းသေတွက်ထားကာမှ ငှက်ကြီးထံပါသွားသဖြင့် ဒေါသဖြစ်နေသည်။ သူတို့အုပ်စုထဲတွင် တိုက်လီတို့လူစုက အဆိုးဆုံး ငှက်ကြီးကို ဒေါသတကြီးနှင့်ဆဲဆိုရင်း တောကြီးထဲသို့လိုက်ခဲ့ကြ၏။

စင်စစ် တိုက်လီမှာ နယ်နယ်ရရမဟုတ်ပေ။ အမည်းရောင်နယ်မြေတွင် သိမ့်သိမ့်တုန်အောင် ကြောက်နေရသော အသူရာဓားသမားကြီးဖြစ်သည်။ တိုက်လီသည် သူ့လက်

အောက်ရှိ အသူရာစားသမား နှစ်ဆယ်ကို ငှက်ကြီးနောက် အမြန်လိုက်ရန် အမိန့်ပေးလိုက်သည်။

သူတို့လူစု တောထဲတိုးဝင်လိုက်သည်နှင့် အသူရာနံ့က တောလုံးလှိုင်သွား၏။ ပခုံးထက်တွင်လည်း အရက်အိုးကြီးများ ချိတ်ဆွဲထား၏။

သို့နှင့် ဝူလိန်တောင်ရိုးကြီးတစ်လျှောက်တွင် အဖြူရောင် သိုင်းသမားများနှင့်အမည်းရောင် သိုင်းသမားများ၏ ခြေရာတွေ ရှုပ်ထပ်လာ၏။ ချိန်ကွမ်းမှာ သူ့လက်ထဲရောက်ရှိလာသော မကိုင်နှုကြီးကိုကြည့်ရင်း အံ့အားသင့်နေ၏။ ရတနာပစ္စည်း ချယ်သထားခြင်းလည်း မရှိ၊ သံမဏိချပ်ကြိုးကိုးချပ်နှင့် ထုဆစ်ထားသော မကိုင်နှုကြီးကိုနားမလည်နိုင်အောင် ဖြစ်နေ၏။

တစ်ခုထူးခြားသည်မှာ ယင်းသံမဏိချပ်ကြိုး ကိုးချပ်ပေါ်တွင်ထွင်းစာများ ရေးထိုးထားသည်ကို တွေ့လိုက်ရခြင်းဖြစ်၏။ သူ့အနေနှင့် ငယ်ငယ်ကတည်းက ကျောင်းမနေခဲ့ရသဖြင့် သံမဏိချပ်ကြိုးပေါ်တွင် ရေးထွင်းထားသော စာများကို မဖတ်တတ်ပေ။

သို့ပေသည့် အဖိုးဖြတ်၍မရနိုင်သော အရာဖြစ်မည်



ဟု ယုံကြည်မိ၏။ ထို့ကြောင့်လည်း ကိုယ်ပေါ်၌ချိထားသော ဝတ်ရုံညစ်ညစ်ကြီးကို တစ်ဝက်ထုတ်ပြီး မကိုင်နှုကြီးကို ရစ်ပတ်လိုက်သည်။

ထို့နောက် ပခုံးစပေါ်၌ချိတ်ကာ ငှက်ကြီးနှင့်အတူ ပုန်းအောင်းနေရာမှ ထွက်ပြေးခဲ့လေ၏။

* * * * *

## အခန်း(၃)

ချိန်ကွမ်းတို့နှစ်ဦး သစ်ပင်ကြီးများထူထပ် သိပ်သည်းလှသည့် လျှိုချောင် တွေကိုဖြတ်ရင်း ရင်ကွဲတောင်ကြား ရေတံခွန်ကြီးသို့ ပြန်လည်ရောက်ရှိလာသည်။ နှစ်ဦးသား ကျောက်တုံးကျောက်ခဲကြီးများတွင် တအောင့်တစ်နား အပန်းဖြေလိုက်ကြ၏။ ငှက်ကြီးကတော့ သူ့အတွက် အလွန်ပင်စိတ်ချရပေသည်။

ရေတံခွန်နား ရောက်သည်နှင့် စွန်နက်ကြီးသည် ပခုံးပေါ်မှ ဝုန်းကနဲ ထပျံသွားကာ ကျောက်တုံးကြီးတစ်တုံးပေါ်တွင်နားရင်း အန္တရာယ်အရိပ်အငွေ့ကို စောင့်ဆိုင်းနေ၏။

ချိန်ကွမ်းသည် စီးဆင်းနေသော ရေထဲဆင်းကာ တစ်



ကိုယ်လုံး သုတ်သင်ဆေးကြောလိုက်၏။ နှင်းတွေ တဖွေးဖွေးဖုံးလွှမ်းနေသော အချိန်အခါဖြစ်သော်လည်း ချိန်ကွမ်းမှာ ချွေးပြန်နေ၏။

စင်စစ် သူလုပ်ခဲ့သည့်အလုပ်မှာ အန္တရာယ်ကို ဖိတ်ခေါ်ခဲ့သည့်အလုပ် ဖြစ်ပေရာ အသက်လုပြေးနေရသည့် ပွဲဖြစ်၏။ အဖြူရောင်သိုင်းသမားများကလည်း သူ့လုပ်ရပ်ကို နားလည်နိုင်မည် မဟုတ်သလို အမည်းရောင် သိုင်းသမားများကလည်း သူ့ကို သဲကြီးမဲကြီး ဖွေရှာနေကြမည်မှာ မလွဲပေ။

သို့ပေသည့် မကိုင့်ကြီးကို သူ ယူဆောင်ခဲ့တာ ဘယ်သူမျှမသိ၊ ဒါသည်ပင် ချိန်ကွမ်းဘက်က တစ်ပန်းသာနေ၏။ ချိန်ကွမ်းသည် ရေမိုးချိုးပြီးသည်နှင့် ကျောက်ဆောင်ကြီးနံဘေးရှိ မြေပြင်ပေါ်တွင် ထိုင်ကာ တစ်အောင့်တစ်နားအပန်းဖြေလိုက်၏။ ထိုအချိန်တွင် သူနှင့် ခပ်လှမ်းလှမ်းတွင် နားနေသော စွန်နက်ကြီးမှနေ၍ တကွပ်ကွပ်မြည်သံကို ကြားလိုက်ရသဖြင့် ချိန်ကွမ်းသည် လူးလဲထလိုက်၏။

ကျောက်ဆောင်ကြီးကွယ်ပြီး အခြေအနေကိုကြည့်လိုက်၏။ ထိုစဉ် စွန်နက်ကြီးမှာ ကျောက်တုံးကြီးပေါ်မှနေ၍ ဝုန်းကနဲထပျံ သွားလေတော့၏။ အချိန်အနည်းငယ်မျှ အ

ကြာတွင် လူသံသူသံများကို ကြားလိုက်ရသဖြင့် ကျောက်ဆောင်များကြားထဲ ဝင်ကာ ပုန်းနေလိုက်၏။

ထိုအချိန်တွင် ရေတံခွန်တောင်စောင်းအတိုင်း တက်လာသူများမှာ အမည်းရောင်သိုင်းသမားများ ဖြစ်ကြ၏။ သူတို့သည် လက်တွင် ဓားကြီးတွေကို အဆင့်သင့် ဆုပ်ကိုင်ထားပြီး ပခုံးထက်မှ အရက်အိုးကြီးများကိုလည်း တလွှာက်လုံး သယ်ယူလာကြ၏။

သူတို့ တက်လာသည်နှင့် အသူရာနံ့ကလည်း ရေတံခွန်တစ်ဝိုက်တွင် ပျံ့လှိုင်လာသည်။ ချိန်ကွမ်းသည် ကျောက်ဆောင်ကြားမှနေ၍ ရေတံခွန်အနီးသို့ ရောက်ရှိလာသော အမည်းရောင်သိုင်းသမားများကို ချောင်းကြည့်လိုက်၏။

ဓားသမားအယောက် နှစ်ဆယ်ခန့်ရှိပြီး အနက်ရောင်ဝတ်ရုံကြီးများကို ခြုံထား၏။ နဖူးတွင်လည်း အနီရောင်ပုဝါများကိုလည်း စည်းနှောင်ထား၏။

ခန္ဓာကိုယ်ကလည်း ထွားထွားကျိုင်းကျိုင်း ရုပ်ရည်ကလည်း ကြောက်မက်ဖွယ်ရာ ကောင်းလှ၏။ ချိန်ကွမ်း၏စိတ်ထဲတွင် ထိတ်လန့်စိတ်များ လှုးလွန့်လာ၏။ ထိုစဉ် အမည်းရောင်သိုင်းသမားအုပ်စုသည် ရေတံခွန်ဘေးရှိ ဝါးရုံပင်ပေါ်



တွင် နားနေသော စွန်နက်ကြီးကို မြင်တွေ့သွားလေ၏။

"ဟာ. . ဟို. . စွန်နက်ကြီးဟေ့. . ."

"လိုက်ဟေ့. . . လိုက်. . လိုက်"

"ရှိုး. . ရှိုး. ."

အော်ဟစ်သံတွေက ဆူညံသွားသည်။ စွန်နက်ကြီးသည် သူတို့အသံကြားသည်နှင့် ဝါးရုံပင်ပေါ်မှ ဝုန်းကနဲထိုးဆင်းလာ၏။ ဓားသမားများသည် သူတို့လက်ထဲမှ ဓားရှည်ကြီးများနှင့် ဝှစ်ဟုန်ထိုးဝင်လာသော စွန်နက်ကြီးကို ဝိုင်းခုတ်လိုက်ကြ၏။

ငှက်ကြီးသည် သူ့ထံသို့လာသော ဓားချက်ကို ကွေ့ပျံရှောင်ကာ တွေ့ရာလူကို အတောင်ပံနှင့် တဝုန်းဝုန်း ရိုက်ခတ်ပြီး ပျံထွက်သွား၏။ ဓားသမားနှစ်ဦးမှာ မြေပြင်ပေါ်သို့ လဲကျသွားပြီး မျက်စိကိုမှိတ်ကာ တအူးအူး အော်ဟစ်နေကြ၏။

"ကိုင်း. . . ကွာ. ."

"ကိုင်း. . ကွာ. ."

"ဝှစ်. . ဝှစ်. ."

"ဝုတ်. . . ဝုတ်. . . ချွမ်း. . ချွမ်. ."

"ရှစ်.. "

အသံဗလံတွေ ပွက်လောညံကုန်၏။ တိုက်ပွဲကား တစ်စထက်တစ်စ ပြင်းထန်လာသည်။ ချိန်ကွမ်းသည် လက်ထဲက ဝါးစိမ်းတုတ်ကလေးနှင့် ဝင်လာသမျှ ဓားချက်တွေကို ရိုက်ချရင်း ကြုံလျှင်ကြုံသလို ပြန်လည်တိုက်ခိုက်ခဲ့၏။

အမည်းရောင် ဓားသမားများကလည်း မခေလှချေ။ ဓားကြီးတွေကို ကြွားကြွားဝင့်ဝင့်ကိုင်ရင်း တဝှစ်ဝှစ်နှင့်ဝင်၍ ခုတ်ပိုင်းလာ၏။

စွန်နက်ကြီးကလည်း အလစ်မပေးချေ။ ချိန်ကွမ်းကို အမည်းရောင် ဓားသမားများက သဲကြီးမဲကြီး တိုက်ခိုက်နေကြစဉ် သူကလည်း နောက်မှဝင်၍ ထိုးဆိတ် တိုက်ခိုက်လိုက်၏။

ချိန်ကွမ်းမှာ ဓားသမားများနှင့် တိုက်ခိုက်နေရင်း တဖြည်းဖြည်း ရဲစွမ်းသတ္တိတွေ ပြည့်လျှံလာ၏။ ယခုလို တိုက်ပွဲကို တစ်ခါမှမကြုံဘူး။ သူ့ဘဝ တစ်လျှောက်လုံးတွင် လူအများ၏နှိပ်စက်ခြင်း၊ ညှင်းပန်းခြင်းကိုသာ ခံခဲ့ရပေရာ ယခုတော့ သူကတစ်လှည့် ပြန်လည်တိုက်ခိုက်ခဲ့ပြီး ဖြစ်ပေရာ ရင်တဖိုဖို



ခံစားနေရ၏။

ဓားသမားများမှာ ချိန်ကွမ်း၏ ဝါးစိမ်းတုတ်ဒဏ်ကြောင့် ဒဏ်ရာအနာတရတွေ ရကုန်၏။ ချိန်ကွမ်းက ဆရာကြီး ယင်အိဖန်၏ နည်းအတိုင်း အတွင်းအားကို စုစည်းကာ ဝါးစိမ်းတုတ်ကလေး၏ ထိပ်ဖျားသို့ပို့လိုက်ပြီး ဝင်လာသမျှ ဓားချက်တွေကို ရိုက်ခတ်ထိုးနှက်၏။

သူတို့တိုက်ကွက်ကို အမည်းရောင်ဓားသမားများ အံ့အားသင့်နေ၏။ ဝါးစိမ်းတုတ်ကလေး တစ်ချောင်းနှင့် လူငယ်၏ လှုပ်ရှားမှုအစုစုကိုလည်း တအံ့တသြဖြစ်နေကြသည်။ တိုက်ပွဲကတစ်စတစ်စ ပြင်းထန်လာသလို အမည်းရောင်သိုင်းသမား ဆယ်ယောက်ကျော်ကျော်မှာလည်း မြေပြင်ပေါ်တွင် လဲကျနေသည်။

ချိန်ကွမ်းကတော့ ပထမဦးဆုံးတိုက်ပွဲမို့ လေ့ကျင့်ခန်းလုပ်သလိုပင်။ စုတ်ပြတ်မွဲတေနေသော သူ့ကိုယ်ပေါ်က ဝတ်ရုံကလေးမှာလည်း လေတွင် တဝှစ်ဝှစ်နှင့် ဝဲပျံနေသည်။ ချိန်ကွမ်းလက်ထဲမှ ဝါးစိမ်းတုတ်ကလေးမှာလည်း အရောင်အမျိုးမျိုးထွက်ကာ ဓားသမားများကြား လျှင်မြန်စွာ လှုပ်ရှားလျက်ရှိသည်။

စွန်နက်ကြီးသည် နောက်မှ တဟုန်ထိုး ဝင်ရောက်တိုက်ခိုက်သဖြင့် ဓားသမားငါးဦးမှာ တအီးအီး တအားအား အော်ရင်း လဲကျကုန်သည်။ နောက်ဆုံးတွင် အမည်းရောင်ဓားသမားငါးဦးသာလျှင် ကျန်ရစ်တော့သည်။ သူတို့ ငါးဦးစလုံး မောပန်းနွမ်းနယ် နေကြပြီးဖြစ်သည်။

သူ့အသွင် ချိန်ကွမ်းကတော့ လှုပ်ရှားမှု မရပ်တန့်သေး။ လက်ထဲက ဝါးစိမ်းတုတ်ကလေးနှင့် ဓားသမားများကိုခုန်ပျံ တိုက်ခိုက်နေသည်။ သူ့အသွင်က တစ်ခါတစ်ရံခြင်္သေ့တစ်ကောင်၏ အသွင်ဖြစ်သွားသလို တစ်ခါတစ်ရံ စွန်ရဲကြီးတစ်ကောင်နှယ် ဖြစ်သွားတတ်သည်။

ဝါးစိမ်းတုတ်သမား၏ လှုပ်ရှားသံကလည်း လေထုကိုဖောက်ခွဲကာ တဝုန်းဝုန်းနှင့်ပေါ် လာသည်။ ဓားသမားငါးဦးမှာ နောက်ဆုတ်နောက်ဆုတ်နှင့် တိုက်ပွဲဝင်ရင်း အခွင့်ရသည်နှင့် လက်လွတ်ထွက်ပြေးသွားကြလေသည်။

ချိန်ကွမ်းမှာ ပထမဦးဆုံး အောင်ပွဲမို့ ဝမ်းသာအားရဖြစ်နေ၏။ စွန်နက်ကြီးမှာလည်း တကွပ်ကွပ်အော်ကာ ပျံဝဲရင်း သိုင်းသမားတွေ နောက်ကို အပြေးသွားလေသည်။

အချိန်အနည်းငယ်မျှအကြာတွင် စွန်နက်ကြီးပြန်



လည် ရောက်ရှိလာ၏။ ထိုအခါ နှစ်ဦးသား ကျောက်ဆောင်များကြားတွင် တစ်ညတာ အပန်းဖြေတည်းခို ကြလေသည်။

ထိုအချိန်တွင် ထိုက်လီတစ်ယောက် အကြီးအကျယ်ဒေါဖောင်းနေ၏။ သူ့ထံသို့ အူးယားဖားယားနှင့် ပြေးလာကြသော တပည့်ငါးဦးကိုလည်း ဆူပူမာန်မဲနေသည်။

"မင်းတို့ဟာ ဘာမဟုတ်တဲ့ကောင်လေး တိုက်ခိုက်တာကို ခံရတယ်ဆိုတာ ငါ့နာမည် ပျက်တယ်ကွ. . ."

"ဆရာကြီး ပြောမယ်ဆိုလည်း ကျွန်တော်တို့ခံပါမယ်။ ကောင်လေးရဲ့ အတွင်းအားဟာ ကြောက်စရာကောင်းလွန်းလို့ပါ ဆရာကြီး. ."

"အဲဒီလောက်တောင်ပဲလားကွာ. . ."

"ဟုတ်ပါတယ် ဆရာကြီး. . နောက်ပြီး သူနဲ့ အတူပါလာတဲ့ စွန်နက်ကြီးကလည်း အတော့်ကို ကြောက်စရာကောင်းပါတယ် ဆရာကြီး. ."

"တော်စမ်းပါကွာ. . ငါတို့လောကမှာ ကြောက်စိတ်ရှိနေရင် ဘာမှလုပ်စားလို့ မဖြစ်ဘူးကွ. . . ဒီမှာ ချင်ဖေ့ လောကမှာ သေရဲတိုက်ရဲတာဟာ တို့လို သိုင်းသမားတွေပဲ ရှိတယ်ကွ. . ပြီးတော့ မင်းမှတ်ထားဖို့က ရန်သူတွေကို ဘယ်လိုနည်း

နဲ့ဖြစ်ဖြစ် အနိုင်ယူတတ်ရမယ်ကွ. . အို. . ပြောနေတာ ကြာပါတယ်ကွာ. . ကဲ. . ငါကိုယ်တိုင် ဒီကောင်လေးနောက်ကို လိုက်ခဲ့မယ်ဟေ့. . ."

"ဟင်. . . ဟုတ်. . ဟုတ်ကဲ့. ."

"ကဲ. . ချင်ဖွေ မင်းတို့ငါးယောက် ငါ့ကို လမ်းပြစမ်းကွာ. . ."

"ဟုတ်ကဲ့ပါ. . ဆရာကြီး. ."

ထိုက်လီသည် သူ့တပည့်များ ခံလာခဲ့ရသည်ကို မကျေမချမ်း ဖြစ်နေပေရာ နောက်ဆုံးမတော့ သူ ကိုယ်တိုင် ဦးဆောင်ပြီး တိုက်ခိုက်ရန် ခရီးထွက်ခဲ့လေတော့၏။

ထိုအချိန်တွင် အဖြူရောင်သိုင်းသမား တစ်ဖွဲ့မှာလည်း မကိုင်ရှုကြီးရဖို့အတွက် တောနင်းရှာဖွေခဲ့လေ၏။ အဖွဲ့ခေါင်းဆောင်က အဖြူရောင် ကျရှောင်ကျင်းဟု အမည်ရ၏။

သူတို့အားလုံး ဆယ်ယောက်ခန့်ရှိပြီး သားရဲတိရစ္ဆာန်တို့ကိုပင် မမှုနိုင်ဘဲ သဲကြီးမဲကြီးလိုက်ခဲ့ကြ၏။ ကျရှောင်ကျင်းသည် မတရားသည့်အမှုမှန်သမျှကို သတ္တိရှိရှိနှင့် ရင်ဆိုင်ဖြေရှင်းတတ်သူ ဖြစ်၏။

ဒုစရိုက်သိုင်းသမားများမှာ ကျရှောင်ကျင်းဆိုလျှင်



ဝေးဝေးက ရှောင်ထွက်သွားကြသည် များ၏။ သူ့ကို တစ်ချိန်က အဖြူရောင်သိုင်းသမားကြီးဟု ခေါ်ဝေါ်ကြ၏။

အရွယ်မှာ လေးဆယ်ကျော်ခန့်ရှိပြီး ဘော်ငွေရောင်ခြုံလွှာကြီးကို ခြုံထား၏။ သူ၏ခါးတွင် ချိတ်ထားသော ဓားကြီးမှာလည်း ခန့်ညားလှ၏။ ဓားအိမ်မှာ ဘော်ငွေရောင် အဆင်းရှိပြီး လက်ကိုင်ကလည်း ကနုကမာသားနှင့် ထုဆစ်ထား၏။

ယခုလည်း သိုင်းလောကအတွက် အဖိုးတန်လှသည့် ကိုးမျက်နှာမကိုင်ရှုကြီး ပျောက်ဆုံးသွားသဖြင့် အဖြူရောင်သိုင်း အဖွဲ့ကြီးတစ်ခုလုံးက ကျရှောင်ကျင်းကို တာဝန်ပေးခဲ့၏။

ထို့ကြောင့်လည်း ယခုလို တောနင်း၍ ရှာဖွေခဲ့ကြခြင်း ဖြစ်ပေသည်။ သူတို့လူစု တောကြီးမျက်မည်းထဲ ရောက်ရှိချိန်တွင် အမှောင်ထုကလည်း တစ်တောလုံး တစ်တောင်လုံးကို ဖုံးလွှမ်းနေပြီဖြစ်၏။

ကျရှောင်ကျင်းသည် သူ့လူများကို သစ်ပင်ကြီးတစ်ပင်အောက်တွင် စခန်းချရန် အမိန့်ပေးလိုက်၏။ ထို့ကြောင့် မီးဖိုသူကဖို ဟင်းချက်သူနှင့် အလုပ်ရှုပ်နေကြ၏။

ထိုအချိန်တွင် သူတို့စခန်းအနီးသို့ လူတစ်စု ခိုးကြောင်ခိုးဝှက်နှင့် ရောက်ရှိလာ၏။ ခြုံနွယ်ပိတ်ပေါင်းကြားတွင် ပုန်းအောင်းရင်း ကျရှောင်းကျင်းတို့၏ အခြေအနေကို စောင့်ကြည့်နေ၏။

ညဥ့်နက်လာသည်နှင့်အမျှ ကျရှောင်ကျင်းတို့ လူစုမှာ စားသောက်ပြီးပြီမို့ တရေးတမော အိပ်စက်ရန် ပြင်ဆင်နေကြ၏။ သူတို့ကို စောင့်ကြည့်နေသော လူစုမှာ ခြုံနွယ်ကြီးများ အောက်မှနေ၍ အကဲခတ်နေကြ၏။ ထိုစဉ် ကျရှောင်ကျင်းတို့ လူစုမှာမောမောနှင့် အိပ်ပျော်သွားကြ၏။

မီးပုံးကြီးဘေးတွင် ကင်းစောင့်နေသော သိုင်းသမားမှာလည်း တဖြည်းဖြည်းငိုက်မြည်းလာ၏။ ထိုစဉ် သူ့အနီးသို့ လူတစ်ဦးခြေဖော့၍ ကပ်လာ၏။ အနားကပ်သည်နှင့် အစောင့်၏ပါးစပ်ကို လက်တစ်ဖက်နှင့်ပိတ်ကာ လက်ထဲမှဓားတိုကလေးနှင့် ကျောပြင်ကိုအဆုံးအထိ ထိုးချလိုက်လေ၏။

အစောင့်ဖြစ်သူမှာ အသံပင် မထွက်နိုင်ချေ။ မြေပြင်ပေါ်တွင်သို့ ခွေကနဲလဲကျကာ အသက်ပျောက်သွားလေတော့၏၊

ပြီးနောက် အမှောင်ထဲမှလူသည် ငှက်အော်သံ တစ်



ခုကို ဖန်တီးလိုက်၏။

"ကွိ . . . ကွိ"

ထိုအသံနှင့်မရှေးမနှောင်းတွင် ခြုံထဲမှပုန်းအောင်နေသောလူများ ခုန်ထွက်လာကြ၏။ အားလုံး အနက်ရောင်ဝတ်ရုံကြီးများကို ခြုံထားကြပြီး လက်ထဲက ဓားများနှင့် အိပ်ပျော်နေရာမှ ငှက်တစ်ကောင်း၏ အသံကြောင့် လန့်နိုးသွားကြ၏။ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်တော့ ဓားသမားငါးဦး သူတို့အခန်းထဲ ဝင်ရောက်လာတာ တွေ့လိုက်ရ၏။

တရှုးရှုးနှင့် အိပ်မောကျနေသော သူတပည့်များကိုနှိုးရန်လည်း အခက်တွေ့နေသဖြင့် အိပ်ဆောင်ထဲမှ သံမဏိစူးကလေးများကို ထုတ်လိုက်၏။

ကြောက်မက်ဖွယ်ရာ ကောင်းလှသော လက်နက်ပုန်းကလေးများဖြစ်ကြပြီး အဆိပ်ပြင်းလှ၏။ ထိလိုက်သည်နှင့် ချက်ချင်းသေဆုံးနိုင်သည့် လက်နက်ပုန်းများဖြစ်၏။

ကျရှောင်ကျင်းသည် ခွေခွေကလေး အိပ်နေရာမှ လက်နက်ပုန်းများ အဆင့်ဆင့်ကိုင်ပြီး ရန်သူရှိရာကို ပစ်လွှတ်လိုက်လေသည်။

"ဝှစ် . . . ဝှစ်"

"ဖောက်. . . ဖောက်"

"အား. . . အိုး"

"အောင်မယ်လေး ဗျ"

"ဟင်. . . ရန်သူဟေ့

သူ့လက်နက်ပုန်းဒဏ်ကို ခံလိုက်ရသော ဓားသမား သုံးဦးမှာ လဲကျသွား၏။ ထိုစဉ် သူတို့၏အော်သံကြောင့် အိပ်ပျော်နေသော ကျရှောင်ကျင်း၏တပည့်များ နိုးလာ၏။

သူတို့သည် မြေပြင်ပေါ်မှ လူးလဲထကာ ဓားလွတ်ကိုယ်စီးနှင့် ကျန်ဓားသမားနှစ်ဦးကို တိုက်ခိုက်ကြ၏။ ဓားသမားနှစ်ဦးမှာ ကျရှောင်ကျင်း၏ တပည့်များကို၏ ဓားချက်အောက်တွင် ရှောင်ပြေးနေရသည်။

ထိုစဉ် ဝှစ်ခနဲမြည်သံနှင့်အတူ ကျရှောင်ကျင်း၏ တပည့်သုံးဦး မြေပြင်ပေါ်သို့ လဲကျသွား၏။ မြင်ကွင်းကြောင့် ကျရှောင်ကျင်း အံ့အားသင့်သွားကာ ပုန်းကွယ်နေသူကို လှမ်းခေါ်ထုတ်လိုက်၏။

" ဟေ့ ဘယ်သူလဲကွ ခိုးကြောင်ခိုးဝှက်လုပ်တာ သတ္တိရှိရင် ထွက်ခဲ့စမ်းကွာ"

သူ့အသံက တစ်တောလုံးဟိန်းသွား၏။ တစ်ဘက်



ဓားသမားနှစ်ဦးမှာလည်း အမှောင်ထဲ ပြေးဝင်ပျောက်ကွယ်သွားသည်။ ကျရှောင်ကျင်းမှာ လဲကျနေသော သူ့တပည့်များအနီးသို့ ရောက်ခဲ့၍ မကျေမချမ်းဖြစ်နေ၏။

ထိုစဉ် ဝုန်းကနဲမြည်သံနှင့်အတူ အနက်ရောင်ဝတ်စုံဝတ်လူကြီး တစ်ဦးထွက်လာ၏။

"ဩော်. . . ငါက ဘယ်သူများလဲလို့ ထိုက်လီကိုး"

"ဟုတ်တယ်. . . ခင်ဗျားဟာ အဖြူရောင်ဓားသမား မဟုတ်လား"

"ဩော် . . . ခင်ဗျားက ကျုပ်ကျတော့ပြောတယ်၊ ခင်ဗျားကရော ကျုပ်လူတွေကို လက်နက်ပုန်းနဲ့ သတ်ပစ်လိုက်ကြတာပဲ မဟုတ်လား။ ဟား . . . ဟား . . . . ဟား အတော်တရားတဲ့ လူကြီးပဲ"

" ဘာ. . . မင်းက ငါ့ကို မလေးမစားပေါ့ ဒီလောက်ဖြစ်လှတာ. . . . ကဲကွာ"

"ဝှစ်. . . ဝှစ်"

"ဝုန်း. . . ဝုန်း"

" ချွမ်း. . . ချွမ်း"

"သေပေတော့"

"ဝှစ်. . . ဝုန်း"

အသံဗလံတွေက ကျားရဲ့နှစ်ကောင်တိုက်ခိုက်နေသည့်အလားပင် အဖြူရောင်သိုင်းသမားကြီး ကျရှောင်ကျင်း၏တိုက်ခိုက်ပုံမှာ လေဖော့လိပ်ပြာ သိုင်းကွက်ပင်ဖြစ်ပေရာ ညင်သာသိမ်မွေ့သလောက် ကြောက်စရာကောင်းလှသည်။

သူ့ဝတ်ရုံကြီးမှ လေထဲတွင် ဟိုဒီပျံဝဲနေပြီး အတောင်ကြီးနှစ်ဘက်အလား အောင့်မေ့ရသည်။

ထိုက်လီမှာ ကျရှောင်ကျင်း၏ဝတ်ရုံကြီးကို မထိအောင်ရှောင်နေရသည်။ စင်စစ် ထိုက်လီကလည်း သာမညတော့ မဟုတ်။ အသူရာ သိုင်းသမားဟု ဘွဲ့ခံယူထားသူဖြစ်ပေရာ သူ့ပခုံးပေါ်မှ အရက်အိုးကြီးမှာ သူ၏ အပြောင်မြောက်ဆုံး လက်နက်ဖြစ်ပေသည်။

တစ်ကိုယ်လုံး အရက်နံ့မွှန်ထူနေပြီး သူနှင့်တိုက်ခိုက်သော ရန်သူမှာ သူ့ကိုယ်မှထွက်သော အရက်ငွေ့များ ကြောင့် မူးလဲကျသွားနိုင်ပေ၏။

ပခုံးပေါ်မှ အရက်အိုးကြီးသည် ဘယ်ညာလက်ပြောင်း လက်လွဲလုပ်ရင်း အသူရာသိုင်းကွက် ဆယ့်ငါးကွက်ကို ထုတ်၍ အစွမ်းကုန်တိုက်ခိုက်နေသည်။



ကျရှောင်ကျင်းမှာ ထိုက်လီ၏တိုက်ကွက်ကို အံ့အားသင့်နေသလို ထိုက်လီကလည်း ကျရှောင်ကျင်း၏ လေဖော့လိပ်ပြာတိုက်ကွက်အကြား မျက်လုံးပြူး မျက်ဆံပြူးနေသည်။

သူတို့နှစ်ဦးစလုံး၏ တိုက်ရည်ခိုက်ရည်မှာ တူညီနေသည်ဟု ဆိုရပေမည်။ ဝတ်ရုံခတ်သံ အရက်အိုးကြီးများ ရွေ့လျားသံတို့မှာ ကြောက်မက်ဖွယ်ရာ ကောင်းနေလေတော့သည်။

ထိုအသံကြီးနှစ်သံမှာ တောင်ပြိုသလားပင် အောင့်မေ့ရသည်။ မှောင်ကြီးမည်းမည်းတွင် အိပ်စက်နေကြသော သားရဲတိရစ္ဆာန်များမှာလည်း ထပြေးကြကုန်သည်။

ထိုအသံကြီး နှစ်သံမှ. . . သစ်ပင်ကြီးများပေါ်တွင် အသိုက်ဖွဲ့နေကြသော ငှက်တစ်အုပ်မှာလည်း တဝေါဝေါနှင့် ထ၍ ပျံသန်းကုန်သည်။

ထိုသို့သောအသံကြီးများကြောင့် ချိန်ကွမ်းနဘေးရှိကျောက်တုံးပေါ်တွင် နားခိုနေသောငှက်ကြီးမှာ ကွပ်ကနဲ ထ၍ အော်ဟစ်လေသည်။ ထိုအသံကြောင့် ချိန်ကွမ်းတစ်ယောက် လန့်နိုး လာသည်။ နားထဲတွင် အော်ဟစ်သံများ တဝုန်းဝုန်း တိုက်ခိုက်သံများ ကြားနေရသည်။

ထိုအခါ ကျောက်တုံးကျောက်ဆောင်များကို ကျော်လွှားရင်း တောင်တန်းကြီးများ၏ မြောက်ဘက် တောအုပ်ထဲသို့ ဝင်ခဲ့သည်။ အချိန်အခါမှာလည်း မှောင်မိုက်နေသည့်မို့ တောကြီးတစ်တောလုံးမှာလည်း မဟူရာရိပ်များနှင့် ယိမ်းယိမ်းနေသည်။

ချိန်ကွမ်းသည် ခြုံနွယ်ပိတ်ပေါင်းများကို ကျော်လွှားရင်း တောကြီးထဲသို့ ဝင်ခဲ့သည်။ ထိုအချိန်တွင် ထိုက်လီနှင့် ကျရှောင်ကျင်းတို့ နှစ်ဦးမှာ သဲကြီးမဲကြီး တိုက်ခိုက်နေကြဆဲပင်။

ထိုက်လီမှာ ကျရှောင်ကျင်း၏ တိုက်ကွက်များကြားတွင် တဖြည်းဖြည်း လည်စင်းလာသည်။ ကျရှောင်းကျင်းမှာ အမှောင်ထုထဲတွင် တဖျပ်ဖျပ်နှင့် ပျံသန်းနေသော လိပ်ပြာလေး အလားပင်။

ထိုက်လီမှာ နဖူးမှချွေးပင် စို့လာသည်။ တဖြည်းဖြည်း လက်ရည်ကျလာသည်ဟု သူ့ကိုယ်သူ နားလည်လာသည်။ အသူရာတိုက်ကွက် သုံးဆယ့်ငါးကွက်ကို အဆင့်မြင့်ဆုံး ဖန်တီးတိုက်ခိုက်နေသော်လည်း ကျရှောင်းကျင်းကတော့ ပေါ့ပါးစွာ ရှောင်ထွက်သွားခဲ့ချေပြီ။



ထို့ပြင် လေဖော့လိပ်ပြာ သိုင်းကွက်မှနေ၍ သံမဏိလိပ်ပြာတိုက်ကွက်သို့ ပြောင်းလိုက်ပြီဖြစ်ပေရာ သိမ်မွေ့ငြင်သာလှသော တိုက်ကွက်မှနေ၍ မိုးခြိမ်းသံအလား ကြောက်မက်ဖွယ်ရာ ကောင်းလှသောတိုက်ကွက်များ ထုတ်သုံးလာလေသည်။

ကျရှောင်ကျင်း၏ လျှပ်တပျက်တိုက်ကွက်ကြား၌ ထိုက်လီတစ်ယောက် မျက်လုံးပြူးနေရသည်။

သူ၏ လက်စွဲတော် အသူရာအိုးကြီးမှာလည်း ကျရှောင်ကျင်း၏ လက်ချက်ကြောင့် တိုက်ကွက်တစ်ကွက် အပြောင်းတွင် ဂွမ်းကနဲမြည်ကာ ကွဲကျသွားလေပြီဖြစ်သည်။

ထိုက်လီမှာ ကွဲကျသွားသော အသူရာအိုးကြီးကို ကြည့်ရင်း အထိတ်တလန့် ဖြစ်သွားသလို ဒေါသရိပ်တွေလည်း တစ်ဖွားဖွားပေါ်လာသည်။

ထိုအခါ အမည်းရောင် သိုင်းသမားဆိုသည့် ဂုဏ်ပုဒ်နှင့်လျော်ညီစွာ အောက်တန်းကျသည့် ပညာရပ်များနှင့် အနိုင်ယူရန် ကြံစည်လေတော့သည်။

ကျရှောင်ကျင်းမှာ ထိုက်လီ၏အကြံကို မရိပ်မိချေ။ နောက်ဆုံးတိုက်ကွက်ဖြစ်သည့် လျှပ်စစ်လိပ်ပြာတိုက်ကွက်

ကိုဖော်ကာ ထိုက်လီကို ပွဲပြီး တိုက်ခိုက်ဖို့ တဟုန်ထိုးခုန်ဝင်လာသည်။

ထိုစဉ် ထိုက်လီသည် အဆိပ်မြားဟု သူကိုယ်တိုင် အမည်ပေးထားသည့် လက်နက်ပုန်း သံမဏိအဆိပ်လူး အပ်တစ်ချောင်းက သူ့ပခုံးကို ဒေါက်ကနဲဖောက်ဂင်သွားလေသည်။

" အား"

"မင်း. . . မင်း တော်တော်မိုက်ရိုင်းတဲ့ ကောင်ပါလား"

"ဟား. . ဟား. . ဟား. . ဟား. . . ဘာတတ်နိုင်သေးလဲ အဖြူရောင်ကြီးရဲ့ . . . အခုတော့ မင်းမယှဉ်နိုင်တော့ဘူးလား။ ငါ့လက်နက်ပုန်းဟာ အဆိပ်သိပ်ပြင်းတယ်ကွ၊ ဆင်တောင် ချက်ချင်းရှူးသွားနိုင်တယ်ဟေ့. . ဟား ဟား. . . . ဟား"

တိုက်လီသည် အော်ရင်းဟစ်ရင်း ဒဲမှောင်ထုထဲသို့ ထိုးဖောက်ဝင်ရောက် သွားသည်။ ကျရှောင်ကျင်းမှာ အဆိပ်မြားဒဏ်ကြောင့် ဒယီးဒယိုင်နှင့် ဖြစ်နေသည်။

မျက်လုံးအစုံမှာလည်း ပြာလားသည်။ နားတွေလည်း



လေတဟူးဟူး ထွက်လာသည်။ နောက်ဆုံး ပါးစပ်ထဲမှ အစိမ်းပုပ်ရောင်သွေးများ အန်ထွက်လာပြီး မြေပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

စင်စစ် တိုက်လီ၏ အဆိပ်မြားမှာ အလွန်ပင် ကြောက်မက်ဖွယ်ရာ ကောင်းလှ၏။ သူ့ သံမဏိဆူးထဲတွင် တပ်ဆင်ထားသော အဆိပ်ရည်များမှာ လူ့ခန္ဓာကိုယ်ထဲ ရောက်သွားသည်နှင့် တစ်ကိုယ်လုံးတရိပ်ရိပ် နှံ့သွား၏။

ထိုအခါ သွေးကြောများထဲတွင် လှည့်ပတ်စီးဆင်းနေသော သွေးရည်များမှာလည်း အစိမ်းပုပ်ရောင်သို့ ပြောင်းလဲသွားပြီး အာရုံခြောက်ပါးစလုံးလည်း အလိုလို ပျက်ယွင်းသွားလေ၏။

ထိုသို့ ဒဏ်ရာရရှိသော သူမှာ အရူးကြီးပမာ ဖြစ်သွားရလေ၏။ ယခုလည်း ကျရှောင်ကျင်းမှာ ထိုက်လီ၏အဆိပ်မြားဒဏ်ကြောင့် ကိုယ်ခံအားများ ပျောက်ဆုံးသွားကာ အာရုံခြောက်ပါးစလုံး ပျက်စီးသွားလေ၏။ ထို့နောက် သူကိုယ်သူ ဘာတစ်ခုမှ မစဉ်းစားနိုင်တော့ဘဲ သတိလစ်သွား လေတော့၏။

* * * * *

အခန်း(၄)

ချိန်ကွမ်းမှာ တောအုပ်ကြီးကိုဖြတ်ကာ ကျရှောင်ကျင်း လဲကျနေရာသို့ ရောက်ရှိလာ၏။ မြေပြင်ပေါ်တွင် သတိလစ်ပြီး လဲကျနေသော အဖြူရောင်သိုင်းသမားကို မြင်လိုက်ရသောအခါ အံ့အားသင့်သွား၏။

တရားခံကို မတွေ့ရသော်လည်း အမည်းရောင် သိုင်းသမားတစ်ဦး ဖြစ်ရမည်ဟု တွက်လိုက်မိ၏။ တရားခံ ထိုက်လီကို အမိအရဖမ်းချင်သော်လည်း မြေပြင်ပေါ်တွင် လဲကျနေသော သိုင်းသမားကြီးမှာ တအင်းအင်းနှင့် ညည်းညူနေရာသဖြင့် ချီပွေ့လိုက်၏။



ထို့နောက် တောအုပ်အပြင်ဖက်ကို ခေါ်ခဲ့ပြီး ဂူကြီးတစ်ဂူထဲသို့ ခေါ်ခဲ့လေ၏။ ဂူထဲရောက်သည်နှင့် သိုင်းသမားကြီးကို မြေပြင်ပေါ် ချလိုက်ပြီး တတ်နိုင်သမျှ ပြုစုလိုက်လေ၏။

ကျရှောင်ကျင်းမှာ သတိပြန်မလည်လာသေးပါ။ ပါးစပ်မှ တအင်းအင်းအော်နေသော်လည်း သတိမေ့နေဆဲပင် နောက်ဆုံး ချိန်ကွမ်းလည်း အဖြူရောင်သိုင်းသမား၏ ဘေးတွင် မီးပုံဖိုလိုက်ပြီး သူပါအိပ်စက် အနားယူလိုက်လေတော့၏။

နောက်တစ်နေ့ နံနက်ခင်းတွင် ကျေးငှက်ကလေးများ၏ အော်သံမြည်သံတွေကြောင့် ချိန်ကွမ်းတစ်ယောက် အိပ်ရာမှ လူးလဲထကြည့်လိုက်၏။

“ဟင်. . . ဟိုလူကြီး မရှိတော့ပါလား။ ဘယ်များ ထွက်သွားပါလိမ့်”

မြင်ကွင်းကြောင့် သူအံ့အားသင့်သွား၏။ မြေပြင်ပေါ်တွင် သတိလစ်နေသော ကျရှောင်ကျင်းမှာ ချိန်ကွမ်းအိပ်ပျော်နေစဉ် သတိရလာ၏။ သူ့ကိုယ်သူ ဘယ်သူမှန်မသိတော့ အသိတရား ဆင်ခြင်တုံတရားတွေလည်း မဲ့ကုန်၏။

မီးပုံကြီးကိုကြည့်ရင်း ထိတ်လန့်တကြား ဖြစ်လာကာ

နောက်ဆုံးတော့ ဂူထဲမှ ဝူးဝူးဝါးဝါး အော်ဟစ်ရင်း ထွက်ပြေးသွားလေတော့သည်။

ချိန်ကွမ်းမှာ ကျရှောင်ကျင်း၏ အော်သံကို မကြားမိ၊ ပင်ပန်းလွန်းလှသဖြင့် မြေပြင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပေရာ ကျရှောင်ကျင်းထွက်သွားသည့်ကိုပင် မသိလိုက်ချေ။

ချိန်ကွမ်းမှာအဖြူရောင် သိုင်းသမားကြီးအတွက် စိတ်မကောင်းဖြစ်နေ၏။ စင်စစ် ယခုလို အဖြူရောင်သိုင်းသမားဘေးဒုက္ခတွေနေရသည်မှာ ကိုးမျက်နှာမကိုင်ရှုကြီးကြောင့်ပင်ဖြစ်ရမည်ဟု ချိန်ကွမ်းတွေးနေမိ၏။

သို့ပေသည့် သူယခုလိုမှမလုပ်လျှင် မကိုင်ရှုကြီးမှာမသမာသူလက်ထဲသို့ ရောက်ရှိသွားကာ သိုင်းလောကတစ်ခုလုံးမှာလည်း အန္တရာယ်တွေ ပေါ်ပေါက်လာနိုင်သည်ဟုထင်မိ၏။

ထို့ကြောင့်လည်း သူ့အပြုအမူကို မမှားဟု တွေးမိ၏။ သို့နှင့် အမည်းရောင်သိုင်းသမားများ၏ အန္တရာယ်ကလည်းရှိသေးသည်မို့ ဂူထဲမှထွက်ခဲ့ လေတော့သည်။

ထိုအချိန်တွင် ကျရှောင်ကျင်းမှာမူ တောကြီးမျက်



မည်းထဲတွင် ကြောင်စီစီနှင်ခြေဦးတည်ရာ လျှောက်သွားနေသည်။

အစာမစားခဲ့သည်မှာလည်း လေးရက်ခန့်ပင် ရှိပြီဖြစ်၏။ တစ်ကိုယ်လုံးလည်း ပေကျံညစ်ထေးနေပြီး အဖြူရောင်ဝတ်ရုံကြီးမှာလည်း အစိတ်စိတ်အမွှာမွှာ ပြဲဆုတ်နေလေသည်။

ကျရှောင်ကျင်းသည် တောလမ်းတစ်လျှောက်တွင် သီချင်းဟေ့ တစ်ကျော်ကျော်ဟစ်ဆိုလိုက် တစ်ခါတစ်ရံအော်ဟစ် ငိုယိုလိုက်နှင့် အရူးတစ်ယောက်လို ဖြစ်သွားကာထင်ရာ လျှောက်သွားနေသည်။

ထိုအချိန်တွင် ရှောင်လင်ဂိုဏ်းချုပ်ကြီး ဝူရှန်မှာအကြီးအကျယ် စိတ်ညစ်လျက်ရှိ၏။ နောက်ဆုံး ဘုရားပင်မရှိခိုးနိုင်တော့. . . နေ့တစ်ဓူဝ သူ့ခေါင်းထဲရောက်ရှိနေသည်မှာ ကိုးမျက်နှာမကိုင်ရှုကြီး ကိစ္စပင်ဖြစ်၏။ ထို့ကြောင့်လည်း သူနေထိုင်ရာ အခန်းကလေးထဲမှပင် မထွက်တော့ချေ။

ဂိုဏ်းတူညီအစ်ကိုများမှာ ဂိုဏ်းချုပ်ကြီး ဝူရှန့်အတွက်စိုးရိပ်ပူပင်နေကြ၏။ ထမင်းစားချိန်ပင်ထွက်၍ မစားသည်မို့

တံခါးဝတွင် နေ့တမူ စောင့်ဆိုင်း နေကြလေသည်။

တံခါးပွင့်လာနိုးနိုးနှင့် စောင့်ဆိုင်းနေရသော်လည်း ခုတိုင် အခန်းတံခါးက ပွင့်မလာ။ ထို့ကြောင့်လည်း သူတို့ အားလုံး စိတ်မကောင်း ဖြစ်နေကြသည်။

ထို့အပြင် အဖြူရောင်အဖွဲ့ထဲမှ ကျရှောင်ကျင်းနှင့် အဖွဲ့ကို ကိုးမျက်နှာမကိုင်ကြီး ရှာဖွေရန် လွှတ်လိုက်သော်လည်း ယခုထိရောက်မလာသေးပေ။

ဂိုဏ်းအားလုံးမှာလည်း ဂိုဏ်းချုပ်ကြီး၏ သတင်းစကားကို ကြားလိုက်ကြရသဖြင့် သိုင်းပညာပင် မလေ့ကျင့်နိုင်တော့ဘဲ စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်။

အဖြူရောင်သိုင်းအဖွဲ့များမှာလည်း ကျရှောင်ကျင်း၏သတင်းကို နားစွင့်နေသော်လည်း ယခုအထိ ဘာသံမျှ မကြားကြသေး။ အားလုံးစိုးရိမ်တကြီးနှင့် စောင့်မျှော်နေကြပေ၏။ ပို၍ခံစားရသည်မှာ ရှောင်လင်ဂိုဏ်းချုပ်ကြီး၏ သတင်းပင်ဖြစ်၏

စင်စစ် ရှောင်လင်ကျောင်းတော်ကြီးသည် ဗုဒ္ဓဘာသာဝင်တို့၏ အထွဋ်အမြတ်ထားရာ နေရာဖြစ်သလို အဖြူရောင်သိုင်း ပညာရှင်တို့၏ မွေးဖွားပေးရာ သိုင်းကျောင်းတော်



ကြီးဖြစ်၏။

ယခုတော့ ဂိုဏ်းချုပ်ကြီး၏ သတင်းကြောင့် ဘုရားဝတ်ပြုသံလည်း တိတ်ဆိတ်နေချေပြီ။ ပြောသံ ဆိုသံများလည်း ငြိမ်သက်နေပြီ ဖြစ်သည်။

နောက်ဆုံး ကျောင်းတော်ကြီးတစ်ခုလုံး ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်လျက်ရှိပေရာ အဖြူရောင်သိုင်းအဖွဲ့ဝင်များလည်း စိတ်မကောင်းကြီးစွာ ခံစားကြရသည်။

ထို့ကြောင့်လည်း အဖြူရောင်သိုင်းအဖွဲ့များလည်း ရှောင်လင်ကျောင်းတော်ကြီးရှိရာ နယ်မြေသို့ရောက်ရှိလာကြပြီး ဂိုဏ်းချုပ်ကြီး၏ သတင်းကိုသာ နားစွင့်နေသည်။

တစ်နေ့တွင် ကျောင်းတော်ကြီးပေါ်မှ တဒူဒူနှင့် စည်တော်ကြီးတီးသံကို ကြားလိုက်ရသည်။ ထိုအသံကြီးကြောင့် ရှောင်လင်ကျောင်းတော်ကြီး တစ်ခုလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

စင်စစ် ယင်းသို့ စည်ကြီးထုသံ ထွက်ပေါ်လာလျှင် ကျောင်းတော်ကြီးပေါ်သို့ ဂိုဏ်းချုပ်ကြီး ကြွလာပြီဖြစ်ကြောင်း ကြေငြာသည့်သဘောပင် ဖြစ်ပေသည်။

အချိန်အနည်းငယ်မျှအကြာတွင် ကျောင်းတော်ကြီး

၏ သံမဏိတံခါးကြီး၏နှစ်ချပ် ပွင့်သွားလေ၏။

အဖြူရောင်သိုင်းအဖွဲ့သားများလည်း ကျောင်းတော်ကြီးထဲသို့ သွက်သွက်လက်လက်နှင့် ဝင်ရောက်လာလေ၏။ သူတို့၏မျက်နှာတွင်လည်း ဂိုဏ်းချုပ်ကြီးကို မြင်ရလိမ့်နိုးဖြင့် စောင့်ဆိုင်းနေကြလေသည်။

ထိုအချိန်တွင် ကျောင်းခန်းမဆောင်ကြီး ရှေ့သို့ ရှောင်လင်ဂိုဏ်းဝင်များ စုရုံးရောက်ရှိ လာကြပြီဖြစ်၏။ အားလုံးမြေပြင်ပေါ်တွင် ထိုင်လိုက်ကြ၏။ အဖွဲ့ဝင်ဦးရေမှာ ထောင်နှင့်ချီသော်လည်း အသံတစ်စိုးတစ်စီမျှ ထွက်မလာချေ။

သို့သော် သူတို့အားလုံး၏မျက်နှာမှာ ရွှင်လန်းတက်ကြွမှု အသွင်ကိုဆောင်နေ၏။ ခန်းမဆောင်ကြီး၏ တစ်ဖက်တစ်ချက်တွင်လည်း ရှောင်လင်ဂိုဏ်းဝင်များ ရှိနေကြ၏။

သူတို့သည် သုံးတန်းခွဲလျက် ထိုင်နေကြပြီး ပထမတန်းတွင် ဘုန်းကြီးဆယ့်ရှစ်ပါး ထိုင်နေကြ၏။ ထိုဆယ့်ရှစ်ပါးမှာ ရှောင်လင်ဂိုဏ်း၏ အကျော်အမော်များဖြစ်သည်။ အစွမ်းထက်မြက်သော သိုင်းသမားများဖြစ်ကြပြီး လူငယ်လူရွယ် များစွာပါဝင်သည်။

ဒုတိယတန်းတွင် ထိုင်နေသူမှာ အသက်အရွယ်စုံ



လင်လှ၏။ ရှောင်လင်ဂိုဏ်းကြီး၏ လုပ်ငန်းတာဝန်ခံများပင် ဖြစ်ကြလေသည်။

အလယ်တွင်မူ ဘုန်းတော်ကြီးတစ်ပါး ထိုင်နေသည်။ ထို ဘုန်းတော်ကြီးမှာ ဥပဓိရုပ် ကောင်းမွန်လှပြီး ကြံ့ခိုင်ရရ နှင့် ထိုင်နေသည်။

ထိုပုဂ္ဂိုလ်ကြီးမှာ အခြားသူတော့ မဟုတ်ပါပေ။ ရှောင်လင်ဂိုဏ်းချုပ်ကြီး ဆရာတော် ဝူရှန့်ပင်ဖြစ်သည်။ ဂိုဏ်းချုပ်ကြီး ဝူရှန့်၏တစ်ဖက်တစ်ချက်တွင် ဂိုဏ်းဝင်ငါးဦးစီ ရပ်နေသည်။

ဂိုဏ်းချုပ်ကြီး၏ နောက်တွင်မူ သက်တော်စောင့် ငါးဦး စောင့်စားနေ၏။ နောက်ဆုံးတန်းတွင် ရပ်နေသူများမှာတော့ ရှောင်လင်ဂိုဏ်းကြီး၏ ဝါစဉ်ကြီးပုဂ္ဂိုလ်များဖြစ်ကြပြီး စုစုပေါင်း ဆယ်ယောက်တိတိ ဖြစ်လေသည်။

ယခုအထိ အပ်ကျသံပင် မကြားရသေးပေ။ တစ်ကျောင်းလုံး တိတ်ဆိတ်နေ၏။ အတန်ကြာတွင် ဂိုဏ်းချုပ်သည် ချောင်းတစ်ချက်ဟန့်ကာ အတွင်အားပြည့်လှသော အသံကြီးနှင့် ပြောလိုက်သည်။

“ခု ရက်ပိုင်းအတွင်မှာ ကျွန်ုပ်ဟာ အတော်ကြီး စိတ်

မကောင်းဖြစ်နေမိလို့ ခုလို ထွက်မတွေ့ခဲ့ရတာပါ။ တကယ်တော့ ဘာ့ကြောင့် ကျုပ်စိတ်မချမ်း မသာဖြစ်နေရတယ်ဆိုတာလည်း ဂိုဏ်းဝင်များသိပြီး ဖြစ်မှာပါ"

သူသည် လေသံကို တစ်အောင့်နားပြီး ဆက်ပြောပြန်သည်။

"တကယ်တော့ ကိုးမျက်နှာမကိုဋ္ဌကြီး ပျောက်ဆုံးသွားတာဟာ သိုင်းလောကအတွက် ကြောက်စရာကောင်းလှတဲ့ အန္တရာယ်တွေ ကျရောက်တော့မယ်ဆိုတဲ့ အတိတ်နိမိတ်ပါပဲ။ ဂိုဏ်းဝင်တို့ တကယ်တော့ ကျုပ်တို့ ရှောင်လင်ဂိုဏ်းကြီးဟာ အစဉ်အလာကြီးမားတဲ့ ဂိုဏ်းကြီးပါပဲ။ တစ်ချိန်က ဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရပေမယ့် ဘုရားရဲ့ဂုဏ်တော်ကြောင့် အန္တရာယ်အပေါင်းကို ကျော်လွှားနိုင်ခဲ့ကြပါ တယ်။ ပြီးတော့ ကျုပ်တို့ဂိုဏ်းဟာ အစဉ်အဆက်ဂုဏ်သိက္ခာရှိရှိ ဂုဏ်သိက္ခာ ကြီးကြီးမားမားနဲ့ သိုင်းလောကထဲမှာ ရပ်တည်လာခဲ့ကြတာလည်း ဂိုဏ်းဝင်တွေ အသိပါပဲ။ နောက်ပြီး ဒီလိုစည်းကမ်းလည်းကြီး လူတွေအားလုံးကလည်း ကျုပ်တို့ရဲ့ဂိုဏ်းကြီးကို အားထားကြပါတယ်။ ယုံကြည်ခဲ့ကြပါတယ်။ သိုင်းလောကကြီး တစ်ခုလုံးလည်း ကျုပ်တို့အပေါ်



အယုံကြီး ယုံခဲ့ကြတယ်လေ။ ဒါကြောင့်လဲ ကျုပ်တို့ဆီကို သိုင်းလောကရဲ့ထိပ်သီး သူရဲကောင်းကိုးဦးက သူတို့ရဲ့ ကိုးမျက်နှာမကိုဋ္ဌကြီးကို ယုံယုံကြည်ကြည်နဲ့ အပ်နှံခဲ့ကြတာပေါ့။ ဒါပေမယ့် အနှစ်နှစ်ဆယ်ပြည့်သွားတဲ့အခါ ကျုပ်တို့နဲ့ ညီအစ်ကိုတော် ဂိုဏ်းသားများကို လွှဲပေးဖို့ သူရဲကောင်းကိုးဦးနဲ့ ကျုပ်တို့ တိုင်ပင်ခဲ့ကြတယ်လေ။ ဒါကြောင့်လည်း ကျုပ်ဟာ သူတို့ မရှိတဲ့နောက်မှာတော့ ဒီမကိုဋ္ဌကြီးကို အခြားအဖွဲ့တွေထံ လွှဲအပ်ဖို့ ဝူလိန်တောင်ပေါ်မှာ သိုင်းပြိုင်ပွဲတောင် မကျင်းပရသေးဘူး။ မကိုဋ္ဌကြီးဟာ ကျုပ်တို့လက်ထဲက ပျောက်ဆုံးသွားခဲ့ရတာမို့ ကျုပ်တော့ မအိပ်နိုင် မစားနိုင်ဖြစ်ခဲ့ရတယ်"

ဂိုဏ်းချုပ်ကြီးသည် ရှည်လျားသော အဖြစ်အပျက်များကို အကျယ်တဝင့်ပြောရင်း ခေတ္တ ရပ်နားလိုက်သည်။ ထို့နောက် တအောင့်မျှအကြာတွင် စကားဆက်လာလေသည်။

"ဒါကြောင့် ဒီမကိုဋ္ဌကြီးကို ဖွေရှာပါ့မယ်လို့ ကတိပြုပြီးထွက်ခွာတဲ့ ကျရှောင်ကျင်းတို့အဖွဲ့လည်း ခုထိပြန်မရောက်သေးပါဘူး။ ဒါ့ကြောင့် စိတ်ပူစရာဖြစ်ရတယ်လို့ ဆိုရမှာပဲ။ အဲဒါကတော့ အဲဒီ မကိုဋ္ဌကြီးကိုရှာဖို့ အစီအစဉ်တစ်

ခု ရေးဆွဲခဲ့ပါတယ်။ အဲဒါကတော့ အဲဒီမကိုင်ငွေကြီးကို ကျုပ်တို့ဆီက ကျိစန်ဆိုတဲ့တာဝန်ခံကို ရှာဖို့တာဝန်ပေးလိုက်ပါပြီ။ ဒါကြောင့် ကျိစန်ကိုတတ်နိုင်သမျှ အကူအညီပေးလိုက်ကြပါ။ တကယ်တော့ ဒီမကိုင်ငွေကြီးပြန်ရမှပဲ ကျုပ်တို့ ရှောင်လင်ဂိုဏ်းကြီးရဲ့ သိက္ခာကိုအဖတ်ဆယ် နိုင်လိမ့်မယ်လို့ ထင်ပါတယ်"

သူ့စကားကြောင့် ဂိုဏ်းဝင်အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ အဖြူရောင် သိုင်းအဖွဲ့များမှာလည်း ကျိစန်ဆိုသော အမည်ကြောင့် အံ့အားသင့်ကုန်ကြ၏။

စင်စစ် ကျိစန်းသည် နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်ရှောင်လင်၏ ပထမတန်းစား သိုင်းသမားများ၏ ဇကရာဇ်တစ်ဆူဖြစ်၏။ အရွယ်ငယ်လှသော်လည်း သိုင်းပညာမှာ သူမတူအောင် ထူးချွန်လှ၏။ သူ့ကို တောကျိုးကန်း ကျိစန်ဟုလည်း ခေါ်ကြသည်။

အရပ်အမောင်းမှာ ခြောက်ပေနီးပါးခန့်ရှိပြီး ခန္ဓာကိုယ်ကလည်း ကျစ်လစ်လှ၏။ လှုပ်ရှားသွားလာသည့် နေရာတွင်လည်း တောကျိုးကန်းကြီး တစ်ကောင်လို မြန်ဆန်သွက်လက်လှ၏။



ထို့အပြင် သိုင်းလောကထဲတွင်လည်း တောကျိုးကန်းကြီး ကျိစန်ကို ထိပ်သီးဘိုင်းသမား တစ်ဦးအနေနှင့် အသိအမှတ်ပြုခဲ့ကြသည်။ ဘုန်းတော်ကြီး ဝူရှန်၏ညာလက်ရုံးဆိုလျှင်လည်း မမှားပေ။

ရှောင်လင်ဂိုဏ်းဝင်များသည်။ တောကျိုးကန်းကြီး၏ ရုပ်အသွင်အပြင်နှင့် သိုင်းစွမ်းရည်ကိုကြည့်ပြီး တလေးတစားဖြစ်နေခဲ့ကြ၏။

ယခုတော့ ကိုးမျက်နှာမကိုင်ငွေကို ခြေရာခံဖို့ တောကျိုးကန်းကြီးကို ရှောင်လင်လွှတ်လိုက်ချေပြီ။ ဂိုဏ်းဝင်များအားလုံး ဝမ်းသာအားရဖြစ်နေ၏။

ထိုစဉ် အဖြူရောင်အဖွဲ့ ဆယ်ဖွဲ့မှာလည်း ထိပ်သီးသိုင်းသမား ဆယ့်ငါးဦးကို ရွေးကာ ကျိစန်နှင့်အတူ လိုက်ပါခွင့်ပြုလိုက်လေသည်။

ထိုအချိန်တွင် စုန်းစမ်းတောင်ခြေရင်းသို့ လူတစ်ဦး ဒယီးဒယိုင်နှင့် ရောက်လာ၏။ ပါးစပ်ကလည်း ဖအော်ချင်ရာအော် ပြောချင်ရာပြောနှင့် လျှောက်လာ၏။

ခြုံထားသော ဝတ်ရုံကြီးကလည်း အပိုင်းပိုင်းအစစ စုတ်ပြတ်နေ၏။ လက်ထဲတွင်လည်း ကြီးမားသော အရက်

အိုးကြီးတစ်လုံးကို ဟိုမြှောက်ဒီမြှောက်နှင့် ကစားလာ၏။ မျက်နှာပေါ်တွင်လည်း ဆံပင်တွေ အုပ်ဆိုင်းနေသဖြင့် ဘယ်သူ ဘယ်ဝါပင် ခွဲခြား၍မရပေ။

သူသည် တောင်ခြေလမ်းအတိုင်း လျှောက်လာရင်း လမ်းတစ်လျှောက် သွားလာနေကြသော ထင်းခုတ်သမားများမှာလည်း သူ့ကိုအရူးပမာ ထင်မှတ်သွားကြ၏။ သူကတော့ ဘယ်သူ့ကိုမှ ဂရုစိုက်ပုံမရပေ။ သီချင်းတကျော်ကျော်ဆိုရင်း တောင်ခြေလမ်းကလေးအတိုင်း တက်လာ၏။

လမ်းတစ်လျှောက်တွင်လည်း အရက်အိုးကြီးထဲမှ အရက်တွေကို တဂွပ်ဂွပ်နှင့် မော့သောက်လာပေရာ ဟိုယိုင် ဒီယိုင် ဖြစ်နေသည်။ သူသည် မူးမူးရူးရူးနှင့် စုန်စမ်းတောင်စောင်းသို့ ရောက်ရှိလာ၏။

ထိုစဉ် တောင်စောင်းလမ်းနံဘေးတွင် စိုက်ထူထားသော ကျောက်တိုင်လေးတစ်တိုင်ကို တွေ့လိုက်ရသဖြင့် ပြုံးပြုံးပြုံးပြုံးနှင့် အသံထွက်ဖတ်လိုက်၏။

"ဤနေရာမှ ဆက်မသွားရတဲ့ ရှောင်လင်ဂိုဏ်းချုပ်ကြီးဟာ ဘာဖြစ်လို့ တားထားရတာလဲ၊ သွားမယ်ဟေ့. . သွားမယ်ဟေ့. . . ဟား ဟားဟား"



သူသည် ကျောက်တိုင်ကလေးကို ရန်လုပ်ရင်း ညာခြေထောက်နှင့် ပိတ်ကန်လိုက်ရာ ကျောက်တိုင်ကလေးမှာ နှစ်ခြမ်းကွဲသွား၏။

သူ့အပြုအမူကို မြင်ရသော ခရီးသွားများမှာ ထိတ်လန့်နေကြ၏။ စုန်စမ်းတောင်ပေါ်တွင် ယခုလို အဖြစ်အပျက်ပေါ်လာပြီဆိုလျှင် မကြာခင် သိုင်းလောကတစ်ခုလုံး သိုင်းစစ်ပွဲတွေ ဖြစ်တော့မည်ဟု တွေးမိကာ စုန်စမ်းတောင်စောင်းပေါ်မှ ပြေးဆင်းသွားကြလေ၏။

* * * * *

သူကတော့ ဘာဆိုဘာမှ မပူချေ။ အရက်အိုးကြီး တဂွပ်ဂွပ်နှင့် အကုန်မော့သောက်ကာ ကျောက်တိုင်လေးကို ပေါက်ခွဲပစ်လိုက်၏။

"ကဲကွာ. . . ."

"ဝုန်း. . ဂွမ်. ."

"ဟာ. . . ဟင်. . ."

"ဒုက္ခပါပဲ ဆင်းကြဟေ့. . မလွတ်တော့ဘူးကွ. ."

"ဒီအရှုးကြီးတော့ သေတော့မှာပဲ"

ထင်းခုတ်သမားများလည်း မျက်လုံးပြူး မျက်ဆံပြူးနှင့် တောင်ပေါ်မှ ဆင်းပြေးကြလေ၏။ ထိုအချိန်တွင် အရက်မူးသမားကြီးမှာ ယိုင်တီးယိုင်တိုင်နှင့် တောင်စောင်းအတိုင်း ဆက်၍တက်လာရာ တောင်ခါးပန်းအောက် အရောက်တွင် ဝုန်းကနဲလဲကျသွားလေ၏။

ထိုအချိန်တွင် စုန်စမ်းတောင်ပေါ်မှ ဆင်းလာကြသော ထိုက်ဆန်တို့လူစုမှာ တောင်ဆင်းလမ်းတွင် လူတစ်ဦးလဲကျနေသည်ကို တွေ့လိုက်ရသဖြင့် အနားကပ်၍ ကြည့်လိုက်၏။

"ဟင်. ."

"ဟာ. . ဒါ. . ဒါ"

"ကျရှောင်ကျဲင်း"

"ဟုတ်တယ်. . အစ်ကိုကြီး ကျရှောင်ကျင်း"

"ဟင်. . . ဘယ်လိုဖြစ်တာလဲ၊ တစ်ကိုယ်လုံးလဲ စုတ်ပြတ်လို့ ပြီးတော့ အရက်စော်တွေကလည်း နံလှချည်းလား"

"ဟုတ်ပ့ါကွာ. . အစ်ကိုကြီး ကျရှောင်ကျင်းဟာ ဘယ်တော့မှ အရက်သောက်တဲ့လူ မဟုတ်ဘူးဗျ. . "



"အေးကွာ. . အံ့အားသင့်စရာပဲ တစ်ကိုယ်လုံးအရက်မသောက်တဲ့လူတွေဟာ ဘာလို့ အရက်မူးပြီးလဲနေသလဲ သူဟာ သူ့အဖွဲ့သားတွေနဲ့အတူ ကိုးမျက်နှာက်မကိုင်ရှုကြီးရှာဖို့ သွားခဲ့တာမဟုတ်လား"

"ဟုတ်ပါတယ်. . . . ဆရာကျိစန်း"

"ဒါဆို ဘယ်လိုဖြစ်ပြီး ဒီလိုပြန်ရောက်လာတာလဲ၊ တစ်ကိုယ်လုံးလည်း စုတ်ပြတ်လို့ပါလား"

"ဟုတ်ပ့ါကွာ. . ဘယ်လိုမှ စဉ်းစားလို့ မရတော့ဘူးဟေ့. . ."

"ဟုတ်ပ့ါကွာ. . ."

"ဒါဆို. . သူ့ကို တို့ကျောင်းပေါ် သယ်ပြီး ဂိုဏ်းချုပ်ကြီးဆီ အကြောင်းကြားမှ. . ."

"ကဲ. . . ဒါဆို သယ်ကြဟေ့. . ."

အဖြူရောင် သိုင်းသမားသုံးယောက်က ကျိစန်း၏ ကိုယ်ကြီးကိုသယ်၍ ကျောင်းတော်ကြီးပေါ် ပြန်ရောက်လာ၏။

ထိုအချိန်တွင် ဂိုဏ်းချုပ်ကြီးဝူရှန်းမှာ သူ့လူများနှင့် စကားစမြည် ပြောဆိုနေချိန်ဖြစ်၏။ ကျိစန်းတို့လူစု လူတစ်

ယောက်ကို သယ်ပိုးလာတာဖြစ်၍ လှမ်းမေးလိုက်၏။

"ဘယ့်သူလဲဟေ့. . ဘာဖြစ်လာတာလဲကွ. ."

ကျိစန်းသည် ဂိုဏ်းချုပ်ကြီးကို အရိုအသေပေးလိုက်ကာ လေသံတိုးတိုးနှင့် ပြောလိုက်၏။

"ဂိုဏ်းချုပ်ကြီး ခင်ဗျာ. ."

"ဘာကိစ္စလဲ. . . . ကျိစန်း"

"ဒီလိုပါ ဂိုဏ်းချုပ်ကြီး ကျွန်တော်တို့ဟာ စုန်စမ်းတောင်ပေါ်က အဆင်းမှာ အစ်ကိုကြီးကျရှောင်ကျင်းကို အရက်မူးပြီး လဲကျနေတာ တွေ့တာနဲ့ ခေါ်လာခဲ့တာပါ"

"ဘာ. . ကျရှောင်ကျင်း ဟုတ်လား"

"ဟုတ်ပါတယ်. . ဂိုဏ်းချုပ်ကြီး"

"ဟေ့. . ထူးဆန်းလှချည်းလား"

ဂိုဏ်းချုပ်ကြီး ဝူရှန်သည် ထိုင်ရာမှထလာ၍ ရင်ပြင်တော်ပေါ်တွင် မူးမေ့နေသော ကျရှောင်ကျင်းနားသို့ ရောက်လာသည်။

"အင်း. . ဟုတ်ပါ့ကွာ. . ဘယ်လိုဖြစ်လာတာပါလိမ့်. . သူဟာ. . ငါ့ဆီမှာ တစ်သက်လုံးအရက် မသောက်ပါဘူး။ ကတိပြုထားတာကွယ့်. . . ဒုက္ခပါပဲ. . ဘာတွေဖြစ်



လာပါလိမ့်"

"ဟုတ်ပါတယ်. . ဂိုဏ်းချုပ်အစ်ကိုကြီး ကျုပ် မလုပ်စဖူးအလုပ်တွေ လုပ်လာတာမို့ ကျွန်တော်လည်း အံ့အားသင့်နေရပါတယ်"

"ဘုရား. . . ဘုရား. ."

ဝူရှန်သည်ဘုရားတရင်း ကျရှောင်ကျင်း ဘေးနားထိုင်ချလိုက်ကာ ညာလက်ညှိုးကလေးနှင့် နားခင်ကြောတစ်ချောင်းကို ဆတ်ကနဲထိုးလိုက်၏။

"ဟင်. . ."

"သတိရလာပြီလား. . ကျရှောင်. . ."

"ဗျာ. . ကျုပ်. . ကျုပ်ဘယ်သူလဲ. . ကျုပ် ကျရှောင်မဟုတ်ဘူး။ ကျုပ်. . ကျုပ်ကို လွှတ်. . လွှတ်. . လွှတ်ကြ၊ ကျုပ် သီချင်းဆိုရဦးမယ်"

"အို. . . ဘယ်လိုဖြစ်နေတာလဲ. . ကျရှောင်. ."

"ဗျာ. . ကျုပ်. . နာမည် ကျရှောင်လား၊ ခင်ဗျားကဘယ်သူလဲ. . . ကျုပ်. . . ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ"

"ဩော်. . . ကျရှောင်ကျင်းဟာ. . အတိတ်မေ့ သွား

တဲ့ အသွင်ပါလား. . ."

"ဟင်. . ."

"ဒုက္ခပါပဲ. . ."

"အင်း. . ကျရှောင်တော့ တစ်ခုခုဖြစ်လာပြီ ထင်တယ်ဟော့. . ကဲ. . ဒါဆို ဒီလိုလုပ်မှပဲ. ."

ဝူရှန်သည် ညာဘက်လက်ဝါး တစ်ဖက်နှင့် ကျရှောင်ကျင်း၏ငယ်ထိပ်ကို ဖိကပ်ပေးလိုက်ပြီး အတွင်းအားလိုင်းနှင့် ကုသလိုက်ရာ ကျရှောင်ကျင်းမှာ ဝူရှန်ကို ကြောင်စီစီနှင့် လှမ်းကြည့်၍ လူးလဲထလိုက်၏။

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ အို. . ဖယ်စမ်းဗျာ၊ ကျုပ်သွားရဦးမယ်. ."

"အို. . . ဘယ်ကိုလဲ ကျရှောင်. ."

"ဘယ်ကိုပဲဖြစ်ဖြစ်ပေါ့ဗျာ. . ."

သူစကားကြောင့် အားလုံး အံ့အားသင့်ကုန်၏။ ထူးဆန်းလှသည့် ကျရှောင်ကျင်း၏ အပြုအမူကြောင့် သရဲတစ္ဆေများ ပူးကပ်လာလေရောသလားဟုပင် တွေးချင်ရာတွေးနေ၏။

ထိုအချိန်တွင် ကျရှောင်ကျင်းမှာ သီချင်းတကျော်



ကျော် သီဆိုရင်း ကျောင်းရင်ပြင်ထောင့်တွင် သွားထိုင်နေ၏။ ဝူရှန်သည် ကျရှောင်ကျင်း၏ အသွင်ကိုကြည့်ပြီး ရင်ထဲတွင် ထိတ်ကနဲဖြစ်သွား၏။

"ဟာ. . ဒါ. . ဒါ. . ဟို ကောင့်လက်ချက်များလား"

"ဗျာ. . ဘယ်သူပါလဲ ဂိုဏ်းချုပ်ကြီး"

"ဘယ်သူရမှာလဲကွာ. . အသူရာ ထိုက်လီလေကွာ"

"ဟင်. . . ဟုတ်လား. ."

"ဟုတ်တယ်. . . အဲဒီကောင်မှာ ထူးဆန်းတဲ့လက်နက်ပုန်းရှိတယ်။ သူ့ လက်နက်မိတဲ့လူဟာ ရူးသွပ်သလိုဖြစ်သွားပြီး အရက်လည်းစွဲသွား တတ်တယ်ကွ. ."

"ဟင်. . အသူရာ ထိုက်လီ"

"ဟုတ်တယ်. ."

"ဒါဆို ကိုးမျက်နှာမကိုင်ရှုကြီးဟာ ထိုက်လီမှာများ ရှိနေပြီလားမသိဘူး ဂိုဏ်းချုပ်ကြီး"

"ဖြစ်နိုင်တယ်. . ကျိစန်း မင်းတို့ သူ့နောက်ကို အမြန်ဆုံးလိုက်စမ်း၊ သူဟာ ရှောင်ဆက်တောင်ကြီးပေါ်မှာ ကျက်စားတတ်တယ်. . . ကျိစန်း"

"ဟုတ်ကဲ့ပါ. . ဂိုဏ်းချုပ်ကြီး"

"တကယ်တော့ ထိုက်လီဟာ လူယုတ်မာကွ။ သူ့နောက်ကွယ်မှာ မျက်နှာဖုံးစွပ်အဘိုးကြီး ကုန်းစွန်းဆိုတာ ရှိတယ်။ တကယ်တော့ ထိုက်လီကိုင်တဲ့ လက်နက်ပုန်းဟာ ကုန်းစွန်းရဲ့ လက်နက်ပဲကွ. . ."

"ဟင်. . . ဟုတ်လား. ."

"ဟုတ်တယ်. . မင်းတို့ သတိထားသွားကြတော့၊ ကုန်းစွန်ဟာ ကိုယ်ပျောက်သိုင်းသမားလို့တောင် နာမည်ကြီးနေတဲ့လူကွ. . . သူဟာ ကိုယ်ပွားသိုင်းပညာကို တတ်ထားတဲ့လူဆိုတာ ငါသိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟိုးလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ခန့်က ငါတို့ ရှောင်လင်ကျောင်းကြီးပေါ် ရောက်လာပြီး အနှောင့်အယှက် ပေးသွားဖူးတယ်"

"ဟင်. . တကယ်လား ဂိုဏ်းချုပ်ကြီး. ."

"တကယ်ပေါ့. . ကျိစန်းရ သူ့ပညာဟာ ထိပ်တန်းအဆင့်မှာရှိတယ်ဟေ့. . နောက်ပြီး အောက်တန်းကျတဲ့ ကလိန်ဟေ့. . ညဏ်တွေလည်း အဲဒီအဘိုးကြီးမှာ ရှိတယ်။ တကယ်တော့ သူဟာ ဝူတန်ဂိုဏ်းရဲ့တတိယ ခေါင်းဆောင်တစ်ဦးကွ။ ဒါပေမယ့် သူဟာ သူ့ကိုယ်ကျိုးကိုကြည့်ပြီး ဝူတန်ဂိုဏ်းကို ကြဉ်ဖယ်ခဲ့တယ်လေ၊ ဒါကြောင့် ဝူတန်ဂိုဏ်းချုပ်ကြီး ခုတို



ကလည်း သူ့ကိုမောင်းထုတ်ခဲ့တာပေါ့။ ဒီအခါမှာတော့ တို့ရှောင်လင်ကျောင်းဖက်ကို တစ်ဖက်လှည့်ရောက်လာပြီး ငါ့ဆီမှာ တပည့်ခံခဲ့တယ်ကွာ. . ဒီအခါမှာ ငါကလည်း ဘုရားသားတော်မို့ ခွင့်လွှတ်စိတ်မွေးပြီး တို့ကျောင်းကြီးပေါ်မှာပဲ နေထိုင်ခွင့်ပေးခဲ့တယ်လေ. . ဒါပေမယ့် သူရောက်လာတဲ့အချိန်ကစပြီး တို့ဂိုဏ်းကြီးဟာ ပြိုကွဲတော့မလို ဖြစ်လာတာနဲ့ နောက်ဆုံးတော့ သူ့ကိုကျောင်းကြီးပေါ်က မောင်းထုတ်ခဲ့ရတာပေါ့။ ခုတော့ သူဟာ အမည်းရောင်သိုင်းသမားတွေရဲ့ နောက်ကွယ်မှာ ကြိုးကိုင်နေတယ်လို့ သတင်းရထားတယ်"

"ဩော်. . . ဒါဆို အတော့်ကို အင်အားကြီးတဲ့ပုဂ္ဂိုလ်ကြီးပါလား. . ဂိုဏ်းချုပ်ကြီး"

"ဟုတ်တယ်. . ကျိစန်း၊ ဖြစ်နိုင်တယ်၊ အစစအရာရာ သတိဝီရိယ ကြီးကြီးထားပြီး သွားပေတော့ ရန်သူကိုလည်း ဘယ်တော့မှ လျော့မတွက်နဲ့ ကျိစန်းရေ. . ."

"စိတ်ချပါ. . ဂိုဏ်းချုပ်ကြီး. ."

ကျိစန်းသည် ဂိုဏ်းချုပ်ကြီးကို ဦးညွှတ်နှုတ်ဆက်ရင်း ဝူစန်းတောင်ပေါ်မှ ပြန်လည်ဆင်းသက် သွားလေသည်။ ဂိုဏ်းချုပ်ကြီး ဝူရှန်မှာတော့ ငူတူတူနှင့်ထိုင်နေသော ကျရှောင်

ကျင်းကိုကြည့်ပြီး စိတ်မကောင်း ဖြစ်သွားသည်။

ယခုအတိုင်းသာဆိုလျှင် ကျရှောင်ကျင်း တစ်ယောက် လုံးပါးပါးသွားနိုင်သည်ကို တွေးမိသဖြင့် သူ့အနား သို့လျှောက်ခဲ့ကာ ချော့မော့ခေါ် လိုက်သည်။

သို့ပေတည်း ကျရှောင်ကျင်းမှာ သူ့ကိုမကြည့် မျက်နှာကြီး စူပုပ်ပုပ်နှင့် ပါးစပ်က ပွစိပွစိလုပ်နေပေ၏။

နောက်ဆုံးမှာတော့ စူရှန်သည် ကျရှောင်ကျင်း၏ မေ့ကြောကို ထောက်လိုက်ပြီး ဆေးကုသရန်အတွက် ကျောင်းတော်ကြီး၏ အဆောင်ထဲသို့ ခေါ်သွားလေတော့ သည်။

* * * * *



## အခန်း(၅)

ချိန်ကွမ်းသည် တောအဆင့်ဆင့် တောင်အထပ်ထပ်ကိုကျော်ရင်း ခရီးနှင်ခဲ့ရာ ဂူလိန်တောင်တန်းကြီး၏ အနောက်ဖျားသို့ ရောက်ရှိလာခဲ့၏။ တောထဲတောင်ထဲတွင် လွတ်လပ်စွာ သွားလာရသည်မို့လည်း သူ့အတွေးထဲတွင် ဘဝဟောင်းက နာကျည်းချက်တွေ ပျောက်ဆုံးကုန်၏။

သူ့စိတ်ကူးထဲတွင် သိုင်းသမားကောင်း တစ်ဦးဖြစ်ဖို့သာ အာသီသရှိနေ၏။ ထိုအချင်းအရာသည်ပင် သူ့ဘဝအတွက် အကောင်းဆုံးလက်နက်ဟု ထင်မိသည်။

အားကြီးသူကနိုင်စတမ်း ဆိုသောသဘောကို သူ လက်မခံ။ အားကြီးသူတို့၏ အထုအထောင်း အနှိပ်အစက်တို့

ကို အားနည်းသူက ထာဝရ ခံနေရမည်ဆိုသည့် အတွေးကို သူလက်မခံ။

သူ့စိတ်ထဲ အင်အားထက် နည်းစနစ်ကို ပို၍သဘော ကျ၏။ နည်းစနစ်ကောင်းကောင်း ရှိထားလျှင် အင်အားပင် အသုံးပြုစရာမလိုဟု စဉ်းစားမိ၏။

ထိုအတွေးအခေါ် မှာလည်း တစ်ခြားက ရလာသည် မဟုတ်၊ သူ့မိတ်ဆွေ စွန်နက်ကြီးထံမှပင် ဖြစ်၏။ စင်စစ် ငှက် ကြီးသည် အကောင်ငယ်သော်လည်း သူ့ထက်အင်အားကြီး သော သတ္တဝါကြီးများကို နည်းစနစ်မှန်ကန်စွာဖြင့် တိုက်ခိုက် နိုင်ခဲ့၍လည်း အောင်မြင်ခြင်းတွေ ရခဲ့သည်ဟုလည်း တွေး တောမိသည်။

ထို့ကြောင့်လည်း နည်းစနစ် သို့တည်းမဟုတ် ထက် မြက်သော စွမ်းရည်ရှိဖို့ အမြဲလိုအပ်သည်ဟု တွေးတောမိလေ ရာ စိတ်ထဲတွင် သိုင်းပညာနှင့်ပတ်သက်ပြီး လေ့လာလိုက် စားချင်စိတ်များ တဖွားဖွား ပေါ်ပေါက်နေ၏။

တစ်ခုခက်နေသည်မှာ ကိုးမျက်နှာမကိုင်ရှကြီးကို ပင်ဖြစ်သည်။ ယင်း မကိုင်ရှကြီးကို အဖြူရောင်သိုင်းသမား လက်သို့ ပေးအပ်လိုက်ချင်သော်လည်း အမည်းရောင်



သိုင်းသမားများ၏ အန္တရာယ်ကရှိသေးသည်မို့ အခက်တွေ့နေ ၏။

ထို့ကြောင့်လည်း သွားလေရာသို့ ယူဆောင်ခဲ့ရခြင်း ဖြစ်သည်။ ယခုလည်း နေဝင်ချိန် ရောက်တော့မည်မို့ နားခို ရာတစ်နေရာကို ရှာဖွေရင်း တောအုပ်တစ်ခုထဲသို့ ဝင်ခဲ့သည်။ တစ်တောလုံး ယူကလစ်နံ့တွေက သင်းပျံ့နေပြီး နှင်းမှုန်နှင်း ခဲအချို့မှာ မြေပေါ်၌ဖုံးလွှမ်းနေသည်။

ချိန်ကွမ်းသည် ငှက်ကြီးအလာကိုစောင့်ရင်း ယူက လစ်ပင် တစ်ပင်အောက်၌ ထိုင်၍ စောင့်စားနေသည်။ ငှက် ကြီးမှာ သူ့အတွက် အလွန်ပင် အားကိုးရသည်။

စားရေးသောက်ရေးအတွက်လည်း ငှက်ကြီးကပင် ဖန်တီးပေးခဲ့သည်မို့ သူ့အတွက် ကောင်းလှသည်ဟု ဆိုရ ပေမည်။ ယခုလည်း ငှက်ကြီး အစာရှာထွက်သွားသည်မှာ တစ်နာရီခန့်ပင် ရှိချေပြီဖြစ်သည်။

ထို့ကြောင့် ကောင်းကင်ပေါ် တမော့မော့ဖြစ်နေ သည်။ ထိုစဉ် သူထိုင်နေသည့်ယူကလစ်ပင်နှင့် ခပ်လှမ်းလှမ်း တွင် သဘာဝကျောက်တောင်ပို့ တစ်ခုရှိသည်ကို သတိထား မိသည်။

အမြင့်မှာ ပေငါးဆယ်ရှိပြီး တောင်ပို့ပေါ်၌လည်း ခြှုယ်ပိတ်ပေါင်းများ ပေါက်ရောက်လျက်ရှိသည်။

ချိန်ကွမ်းသည် သစ်ပင်အောက်၌ တစ်ရေးတစ်မော အိပ်လိုက်ဦးမည်ဟုတွေးကာ ပင်စည်ကို ကျောမှီပြီးမှိန်းနေသည်။

"အီး. . အား. . အား. . "

"ဟာ. . ဘာသံပါလိမ့်. . "

"အီး. . အူး. . . အူး. . "

အသံက သူနှင့်မလှမ်းမကမ်းရှိ တောင်ပို့ထဲမှ ပေါ်လာသည်။ ချိန်ကွမ်းသည် ထိုအသံကြောင့် အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။

အသံက တစ်ဦးတစ်ယောက် ညည်းတွားနေဟန်ပင်။ ထို့ကြောင့် သစ်ပင်အောက်မှ လူးလဲထပြီး ကျောက်တောင်ဆီသို့ ထွက်ခဲ့သည်။

"အီး. . . အား. . "

"ဒီတောင်ပို့ထဲကဖြစ်မယ်"

အသံက တောင်ပို့၏အတွင်းမှ ဖြစ်နိုင်သည်။ ချိန်ကွမ်းသည် တောင်ပို့၏အနားသို့ ကပ်ခဲ့သည်။



"အီး. . အူး. . "

အသံက ပို၍ကျယ်လောင်လာသည်။ ကျောက်တုံးတောင်ပို့ကြီးတစ်တုံးကို သူလက်တစ်ဖက်နှင့် တွန်းဖယ်ကြည့်သည်။

အားကုန်ထုတ်၍ တွန်းသော်လည်း ကျောက်တုံးကြီးကမရွေ့ဘဲ ဖြစ်နေသည်။ ချွေးတလုံးလုံးနှင့် မနားတမ်း တွန်းကြည့်နေသော်လည်း အချည်းအနှီးပင်။

နောက်ဆုံး မောမောနှင့် တောင်ပို့ပေါ်၌ထိုင်ပြီး စဉ်းစားလိုက်သည်။ အင်အားသုံးနေရုံနှင့် မဖြစ်နိုင်ဟု တွေးမိလာသည်။

ထိုအခါ တောင်ပို့ပေါ်မှဆင်းခဲ့ပြီး တောထဲဝင်ကာ သစ်ကိုင်းတစ်ကိုင်းကို ချိုးလိုက်သည်။ ထို့နောက် တောင်ပို့ပေါ်သို့ တက်ခဲ့ပြီး ကုတ်သဘောမျိုးနှင့် ကျောက်တုံးကို ကလော်ချသည်။

သုံးလေးကြိမ်ခန့်အားစိုက်ပြီး လှုပ်ရှားလိုက်ရာ တောင်ပို့ပေါ်မှ ကျောက်တုံးမှာ တဝုန်ဝုန်းနှင့်အောက်သို့ လိမ့်ဆင်းသွားလေတော့သည်။

ထိုအချင်းအရာကို မြင်လိုက်သောအခါ ချိန်ကွမ်း

ဝမ်းသာအားရ ဖြစ်သွား၏။ ထိုစဉ် ညည်းတွားသံကြီးက လည်း တောင်ပို့ကြီးထဲမှ စူးစူးရှရှ ထွက်လာပြန်သည်။

ချိန်ကွမ်းသည် သစ်ကိုင်းခြောက်ကြီးနှင့် ကျန်သည့် ကျောက်တုံးကြီးများကို ထပ်မံ၍ဖြိုချရာ နောက်ဆုံးတော့ တောင်ပို့ကြီးတစ်ခုလုံး ပြိုကျသွားပြီး မြေပြင်ပေါ်တွင် သံမဏိပြားကြီး ပေါ်လာသည်။

သံမဏိပြားကြီးကို ထုရိုက်ကြည့်ရာ လှိုင်သံပေါက် နေသဖြင့် အောက်ဖက်တွင် လှိုင်ပေါက်ရှိရမည်ဟုတွက်၍ သံမဏိကြီးကို သစ်ကိုင်းခြောက်ကြီးနှင့် ကလော်ထုတ်လိုက် ရာ ဝုန်းကနဲ မြည်သံနှင့်အတူ ပွင့်ထွက်သွားလေသည်။

"ဟာ. . ဂူဝကြီးပါလား. . . "

"အီး. . ဟူး. . ကယ်ကြပါအုံး"

လိုဏ်ဂူထဲမှ စူးစူးရှရှ ငြီးတွားသံကြီးကို ပီပီသသ ကြား လိုက်ရသဖြင့် ဂူနှုတ်ခမ်းကို ကုတ်တွယ်ပြီး အောက်သို့တွယ် ဆင်းခဲ့သည်။

အောက်ခြေမှာ မှောင်မည်းလျက်ရှိပြီး အထဲတွင် လူ တစ်ယောက် လေးဖက်ထောက်ဝင်နိုင်သည့် လမ်းကလေး ကို တွေ့၍ စမ်းသပ်မိသည်။



ထိုအခါ အထဲသို့ လေးဖက်ထောင့်၍ဝင်ခဲ့ရာ လမ်း အဆုံးတွင် တလှုပ်လှုပ်နှင့် ဟိုသည် လူးလှိမ့်နေသော အ ရာတစ်ခုကို တွေ့ရ၏။

"ဘယ်သူလဲ. . "

"အီး. . အား. . "

"ဒဏ်ရာရနေသလား"

"အီး. . ကျုပ်. . ကျုပ်. . ကျုပ်ကို မြေပေါ်ကို ဆွဲ ထုတ်ပေး စမ်းပါဗျာ။ ကျုပ်အထဲမှာနေရတာ သေရတော့မယ့် ထင်ပါရဲ့ လုပ်ပါဦးဗျာ. . ကျုပ်ကို ကူညီစမ်းပါ"

"မပူပါနဲ့. . . ကျွန်တော် ကူညီပါ့မယ်"

အသံက အသက်ခြောက်ဆယ်ကျော်ခန့်ရှိသော လူ ကြီးတစ်ဦး၏ အသံဖြစ်နေသည်ကို သတိထားမိသည်။

ချိန်ကွမ်းသည် ထိုလူကြီးအနားသို့ ကပ်လာကာ ဂူလမ်းကလေးထဲမှ ဖြည်းဖြည်းဆွဲထုတ်ခဲ့၏။ ထို့နောက် လမ်း အပြင်ရောက်သည်နှင့် ပခုံးပေါ်ထမ်းကာ ဂူနံရံကိုကုတ်တွယ် ပြီး လှိုဏ်ဂူဝသို့ မရ,ရအောင် တက်ခဲ့လေတော့သည်။

"အား. . ကျွတ်. . ကျွတ်. . ရေ. . ရေသောက်ချင် တယ်"

"ဟင်. . နေအုံးဦး၊ ကျွန်တော် ရှာလိုက်ဦးမယ်"

ချိန်ကွမ်းးသည် ဒုက္ခသည်ကြီးကို ထမ်းကာ တောအုပ်ဝ,ဘက်သို့ အမြန်ထွက်ခဲ့၏။ တသွင်သွင် စီးဆင်းနေသော နှင်းချောင်းကလေးများကို တွေ့သည်နှင့် အေးမြသောရေကို ခပ်ယူသည်။

ထိုအချိန်တွင် ပခုံးပေါ်သို့ စွန်နက်ကြီး ပြန်ရောက်ရှိလာ၏။ နှုတ်သီးတွင်လည်း ယုန်ကြီးတစ်ကောင် ချီလာသည်။

"ဟာ. . စွန်နက်ကြီးပါလား. . ဘယ်လျှောက်သွားနေရတာလဲကွာ. . ငါဖြင့် မင်းကို မျှော်နေခဲ့ရတာ အမောပဲ"

"ကဲ. . မင်းပါးစပ်ထဲက အစာကင်္ဂါကိုပေး"

"ကွပ်. . . ကွပ်. . ကွပ်. . . ကွပ်. . . "

ငှက်ကြီးမှာ လူစကား နားလည်သည်ဟုပင် ပြောရပေမည်။ ချိန်ကွမ်းပြောသည်နှင့် နှုတ်သီးကြားမှ ယုန်ညိုကြီးကို ချိန်ကွမ်းအား ပေးသည်။ ချိန်ကွမ်းသည် ယုန်သေကြီးကို လက်တစ်ဖက်ကဆွဲရင်း ဒဏ်ရာရနေသော လူကြီးဆီသို့ ပြန်လာခဲ့သည်။

"ဦးကြီး. . ဦးကြီး. . "





ဒဏ်ရာရနေသော လူကြီးမှာ သစ်ပင်အောက်တွင် မေ့မျောနေ၏။ ထိုအခါ ခပ်လာသည့်ရေဖြင့် မျက်နှာသစ်ပေးလိုက်သည်။

"အား. . ဝူး. . "

"သက်သာရဲ့လား. . ဦးကြီး. . "

"ရေ. . ရေပေးစမ်းပါကွာ၊ ရေဆာလွန်းလို့ပါ"

"ဒီ. . ဒီမှာရေ အားရပါးရ သောက်ပေတော့"

"ပေား. . . ပေး. . "

ဒဏ်ရာနှင့်လူကြီးသည် ချိန်ကွမ်းလက်ထဲမှရေကို တဂွပ်ဂွပ်နှင့် အရှိန်မပျက် သောက်နေသည်။

"ဖြည်းဖြည်းသောက်ပါ ဦးကြီးရဲ့"

"အား. . ကျေးဇူးတင်လိုက်တာကွာ"

လူကြီးမှာ ရေဆာသက်သာသွားဟန်ရှိ၏။ မျက်လုံးနှစ်လုံးက ဖြည်းဖြည်းချင်း အားယူဖွင့်လာကာ ချိန်ကွမ်းကို မော့ကြည့်လိုက်သည်။

"ဟင်. . မင်းဘယ်သူလဲ"

"ကျွန်တော့်နာမည် ချိန်ကွမ်းပါ ဦးကြီး၊ ဦးကြီးက ဘယ်သူလဲ"

"မင်း တော်တော်စပ်စုတဲ့ သူငယ်ပဲကိုး. . ငါ့နာမည် သိတော့ကော မင်းကဘာလုပ်နိုင်မှာလဲကွ"

"ဟင်. . ဟာ ဦးကလဲဗျာ. . ."

ဂျစ်ကန်ကန်နှင့် ပြောလာသည့်စကားကြောင့် ချိန်ကွမ်း အံ့အားသင့်သွား၏။ ဒုက္ခသည်လူကြီး၏ အသွင်က ထိတ်လန့်ဖွယ်ရာပင်. .

မျက်နှာပေါ်တွင်လည်း ကြီးမားလှသော ဒဏ်ရာအမာရွတ်တစ်ခုကို တွေ့ရ၏။ ဒဏ်ရာက ညာဖက်မေးရိုး ဖြူဖြူကြီးပင် ပေါ်လုလုဖြစ်နေ၏။

သွေးစသွေးနတွေကလည်း မျက်နှာပေါ်တွင် တစိမ့်စိမ့်ထွက်နေ၏။ မျက်နှာက လေးထောင့်မျက်နှာ နှာတံဖြောင့်စင်း၍ မဟာနဖူးကလည်း ကျယ်လှ၏။ မျက်တွင်းများမှာ လက်တစ်နှိုက်စာမျှ ချိုင့်ဝင်နေလေ၏။

ဆံပင်ညို ညစ်ညစ်ကြီးတွေကလည်း ခေါင်းပေါ်တွင် ပြောင်းဖူး မွေးတွေလို ရှုပ်ထွေးမွှရှုပ်နေ၏။ အရပ်က ခြောက်ပေကျော်ကျော်ခန့်ရှိပြီး တစ်ချိန်က ထွားထွားကျိုင်းကျိုင်း သန်သန်မာမာ ရှိခဲ့ဟန်တူ၏။ မျက်နှာ အမာရွတ်နဲ့လူကြီးသည် သူ့ကို ခပ်ယဲ့ယဲ့ကြည့်ရင်း လေသံတိုးတိုးနှင့် ပြောလိုက်၏။



"မင်း အခုလို ငါ့ကိုကယ်တင်ခဲ့တာ ကျေးဇူးအထူးပဲ တင်ပါတယ်ကွာ. . . တကယ်တော့ ငါ ဒီကျောက်တောင်ကြီးပိနေခဲ့တာ အနှစ်နှစ်ဆယ်ကျော်ခဲ့ပါပြီ"

"ဗျာ. . အနှစ်နှစ်ဆယ်"

"ဟုတ်တယ်. . ကောင်လေး ခုတော့ မင်းကြောင့် ငါ လွတ်မြောက်လာခဲ့ရပါပြီမို့ ငါက အရမ်းပဲဝမ်းသာတယ်ကွာ။ မင်းကိုလည်း ငါ အရမ်းကျေးဇူးတင်တယ်ဟေ့. . ဒါပေမယ့် ငါ့အကြောင်းတွေကို မင်းသိဖို့မလိုဘူးကွာ. . တတ်နိုင်ရင် ဘာမှ မမေးနဲ့ဟေ့. . ."

"ဟုတ်. . . ဟုတ်ကဲ့ပါဦး. . ဒါပေမယ့် ဦးနာမည်တော့ ကျွန်တော်သိထားမှ ဖြစ်မှာပေါ့ဗျာ"

"အေး. . အဲဒါတော့ ဟုတ်သားပဲ၊ ငါ့နာမည် လောင်စု မှတ်မိပြီလား"

"ကဲ. . . မင်းမှာ ဘာစားစရာရှိသလဲ"

"ဟာ. . စားရမှာပေါ့။ ဟောဒီ. . ကျွန်တော် မိတ်ဆွေကြီးရှာလာတဲ့ ယုန်ကြီးတစ်ကောင်ရှိတယ်ဗျ။ ကျွန်တော် မီးကင်လိုက်ဦးမယ်. . . ဦးကြီး"

"အေး. . ဒါဆို အမြန်လုပ်ကွာ. . ."

"စိတ်ချပါ. . ဦးကြီးလောင်စု"

ချိန်ကွမ်းသည် လောင်စုနံဘေးမှထကာ သစ်ပင်ကြီးအောက်တွင် သစ်ကိုင်းများကို စုစည်းလိုက်၏။ ထို့နောက် မီးပုံရှို့လိုက်ရာ မီးရောင်တွေဖွားဖွား တောက်ပလာ၏။ ထိုအခါ ယုန်ကြီးကို အရေခွံဆွဲချွတ်လိုက်ပြီး ဗိုက်ကိုခွဲကာ အူတွေအသည်းတွေ ထုတ်လိုက်၏။ ထို့နောက် ယုန်ကြီးကို မီးဖိုထဲထည့်၍ ကင်လိုက်လေတော့၏။

မီးအရှိန်ကြောင့် ယုန်ကြီး၏အသားမှာနီရဲပြီး အဆီတွေ တစိမ့်စိမ့် ထွက်လာ၏၊ ထိုအချိန်တွင် လောင်စုသည် မီးပုံကြီးအနားသို့ တဖြည်းဖြည်းချင်း လျှောက်လာပြီး နံဘေးတွင် ထိုင်ချလိုက်၏။

"ငါလည်း မီးလှုံချင်တယ်ကွာ"

"လာပါ. . . . ဦးကြီးလောင်စုရဲ့"

"အေး. . မကျက်သေးဘူးလားကွာ"

"ကျက်တော့မှာပါ. . . . ဦးကြီး၊ ခဏစောင့်ပါဦး"

"မြန်မြန်လုပ်ကွာ. ."

သူတို့နှစ်ယောက် စကားစမြည်ပြောဆိုနေကြစဉ် မီးထဲတွင်ကင်ထားသော ယုန်ကြီးမှာရဲတွက် နီမြန်းလာပေ



သည်။ အဆီတွေကလည်း တအိအိတဖျစ်ဖျစ် ထွက်ကျလာ၏။

ထိုအခါ မီးဖိုထဲမှယုန်ကင်ကိုယူပြီး ဦးကြီးလောင်စုကို တစ်ဝက်ခွဲကျွေးလိုက်၏။ ထိုအချိန်တွင် ယုန်ကင်အနံ့ရသဖြင့် ယူကလစ်ပင်ကြီးပေါ်တွင် လည်တိုင်ဆန့်ကာ တကွပ်ကွပ်လုပ်နေသော စွန်နက်ကြီးလည်း လွှားကနဲခုန်ဆင်းလာရာ ယုန်သားတစ်ချို့ကို ဖဲ့ကျွေးလိုက်ရ၏။

ထို့နောက် သူလည်း တစ်တုံးဖဲ့စားလိုက်၏။ မီးဖိုဘေးတွင် အိပ်စက်လိုက်ကြ၏။ လောင်စုမှာ တစ်ညလုံး အိပ်မပျော်နိုင်၊ ပါးစပ်မှလည်း တအီးအီး ငြီးငြူနေသဖြင့် ချိန်ကွမ်း၏စိတ်ထဲတွင် ဝေဒနာတစ်ခုခု ခံစားနေရသည်ဟု တွက်မိသည်။

ထို့ကြောင့်လည်း သူ့ကိုယ်ပေါ်မှ ဝတ်ရုံကြီးချွတ်ကာ ဦးကြီးလောင်စုကို ခြုံပေးလိုက်၏။ လောင်စုမှာ သူ့ကိုယ်ပေါ်တွင် ခြုံလွှာတစ်ထည် လွှမ်းလာသဖြင့် မျက်လုံးနှစ်လုံး ဖွင့်ကြည့်လိုက်၏။

"ဟင်. . ချိန်ကွမ်း လူကလေး မအိပ်သေးဘူးလား"

"ဟုတ်ကဲ့. . ဦးကြီး နေမကောင်း ဖြစ်နေတယ်ထင်

လို့ စောင့်ကြည့်နေတာပါ။ ချမ်းနေသလား ဦးကြီး"

"အို. . မင်း ငါ့မျက်နှာကို အသေအချာကြည့်စမ်း"

"ဟင်. . ဟာ ဦးကြီးကိုယ်ပေါ်မှာ နှင်းပွင့် နှင်းမှုန်တွေ ငြိနေပါလား ဘယ်လိုဖြစ်တာလဲ ဦးကြီးရယ်. . "

"အူး. . အီး. . အဲ. . အဲဒါ နှင်းလက်ဝါးဒဏ်ကြောင့်"

"ဗျာ. . နှင်းလက်ဝါး"

ချိန်ကွမ်း အံ့အားသင့်သွား၏။ သူတစ်ဖက်တွင် တစ်ခါမျှ မမြင်ဘူးသော မြင်ကွင်းကို မြင်လိုက်ရသဖြင့် အံ့အားသင့်နေ၏။ လောင်စု၏ ကိုယ်ပေါ်တွင် မီးအပူကြောင့် ချွေးစက်များ မထွက်ဘဲ နှင်းမှုန်နှင်းစက်များသာ သူတစ်ကိုယ်လုံး ထွက်လာသည်ကို အံ့သြစွာတွေ့လိုက်ရ၏။

မျက်နှာတစ်ဝိုက်တွင်လည်း နှင်းမှုန်နှင်းခဲကလေးများ ကပ်ငြိနေ၏။ မေးရိုးနှစ်ခုမှာ တဂက်ဂက် ရိုက်ခတ်နေ၏။ လောင်စု၏ အသွင်ကိုကြည့်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ ဖြစ်နေ၏။ နှင်းလက်ဝါးလက်ရှင် သိုင်းပညာကိုလည်း အကြီးအကျယ် အံ့အားသင့်နေ၏။

"လူကလေး"



"ဗျာ"

"ငါ့ ဝေဒနာကို ငါ နားလည်ပါတယ်ကွာ. . ဒီဒဏ်ရာဟာ သုံးနှစ်တစ်ကြိမ် အကြီးအကျယ် ခံစားရတာပဲကွ။ ဒါပေမယ့် မင်း မပူပါနဲ့ . . . . ငါဟာ အပြင်သဘာဝ အငွေ့အသက်နဲ့ ထိတွေ့လိုက်ရပြီဆိုကတည်းက ငါ့ဝေဒနာဟာ မကြာခင် ပျောက်တော့မယ်ဆိုတာ သိပါတယ်။ ခုလည်း ခဏပါပဲ။ မင်း အိပ်ချင် သွားအိပ်တော့လေ။ အခုလို လွတ်ကျွတ်လာအောင် ကူညီခဲ့တဲ့ မင်း ကျေးဇူးတွေကိုတော့ ငါတစ်သက် မမေ့တော့ပါဘူး။ ကဲ. . ကဲ. . မင်းသွားအိပ်ချေတော့လေ. . "

"ရပါတယ်. . . ဦးကြီးရယ်၊ ကျွန်တော် ဦးကြီးကို စိတ်မချနိုင်ပါဘူး"

"ရပါတယ်ကွာ. . ကဲ. . သွား သွား"

ချိန်ကွမ်းသည် မီးဖိုဘေးသို့လျှောက်ခဲ့ပြီး ခွေခွေလေး အိပ်လိုက်၏။ လောင်စုမှ မီးဖိုဘေးတွင် ရတ်တရက် ထထိုင်ကာ မျက်စိစုံမှိတ်ပြီး မီးဖိုမှအပူငွေ့လှိုင်းများကို ဖြည်းဖြည်းချင်း ရှိုင်သွင်းရင်း သွေးကြောများထဲသို့ အပူဓာတ်များ ပို့လွှတ်လိုက်၏။

ချိန်ကွမ်းမှာ လောင်စု၏လေ့ကျင့်ခန်းကိုကြည့်ပြီး အကြီးအကျယ် အံ့အားသင့်နေ၏။ လောင်စု၏တစ်ကိုယ်လုံးမှာ နှင်းငွေ့နှင်းမှုန်များနှင့် ဆွတ်ဆွတ်ဖြူနေပြီး တစ်အောင့်မျှအကြာတွင် တစ်ကိုယ်လုံး နှင်းခဲနှင်းမှုန်များ ပျော်ဆင်းသွားလေ၏။

ထိုအခါ လောင်စု၏ တစ်ကိုယ်လုံးမှာ နှင်းရည်များနှင့် စိုနေပေ၏။ တဖြည်းဖြည်းနှင့် လောင်စု၏တစ်ကိုယ်လုံး နိကျင်လာသည်ကို ထူးဆန်းစွာ တွေ့လိုက်ရပြန်၏။ ချိန်ကွမ်းမှာ လောင်စု၏လုပ်ရပ်ကိုကြည့်ရင်း အံ့အားသင့်စွာ ငေးကြည့်နေမိ၏။

ထိုအချိန်တွင် လောင်စုသည် နဂိုအခြေအနေသို့ ရောက်ရှိသွားပုံပေါ်၏။ အသားအရည်မှာလည်း တဖြည်းဖြည်း နဂိုအသားအရည်သို့ ရောက်ရှိသွား၏။ ထိုမြင်ကွင်းကိုမြင်မှပဲ ချိန်ကွမ်းတစ်ယောက် စိတ်ချလက်ချ အိပ်စက်နိုင်ခဲ့တော့သည်။

သူမည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ တကွပ်ကွပ်နှင့် အော်သံကြားမှပဲ အိပ်ပျော်နေရာမှ လန့်နိုးလာ၏။



"ဟင်. . ဦးကြီး လောင်စု ဘယ်ရောက်သွားပါလိမ့်"

"ဩော်. . ငါ အရမ်းဆာလောင်နေတာနဲ့ စားဖို့ရှာတာလေ. . ခုလည်း စားသောက်ပြီးစီးလို့ စမ်းချောင်းမှာ ရေသွားချိုးတာကွ. . . ဟိုမှာ မင်းအတွက် သမင်ပေါင်တစ်ချောင်း ချန်ထားတယ်ကွ. . ငါတော့ စားပြီးပြီဟေ့. ."

"ဟုတ်လား. . ."

"ကဲ. . . စားလိုက်ဦး"

ချိန်ကွမ်းသည် လူးလဲထလိုက်ပြီး မျက်နှာသစ်ကာ မီးဖိုပေါ်မှ အသားကင်ကိုယူ၍ စားလိုက်၏။ စားသာစားလိုက်ရ၏။ စိတ်ထဲတွင် ဦးကြီးလောင်စု၏ လုပ်ရပ်ကို စိတ်ဝင်စားနေမိ၏။ အခုတော့လည်း ဦးကြီးလောင်စု၏အသွင်က ပကတိ လူကောင်းအသွင်ပင်။ ထိုစဉ် သူ့အနီးတွင် လာရောက်ထိုင်ရင်း ပြော၏။

"လူကလေး. . ."

"ဗျာ. . ဦးကြီး"

"မင်းဟာ ငါ့ဘဝရဲ့ကယ်တင်ရှင်မို့ မင်း ကျေးဇူးကို ငါ တစ်သက်မမေ့တော့ပါဘူးကွာ. . ဒါထက် မင်း ဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲ"

"ဒီလိုပါ . . ဦးကြီးလောင်စုရယ်"

ချိန်ကွမ်းသည် အဖြစ်အပျက် အကျဉ်းချုံးပြီး ပြောပြလိုက်၏။ သို့ပေသည့် ကိုးမျက်နှာမကိုင်မှု အကြောင်းကိုတော့ တစ်လုံးတစ်ပါဒမျှ ထည့်မပြောပေ။ လောင်စုသည် ချိန်ကွမ်း၏ဆင်းရဲဒုက္ခတွင်းမှ ထွက်ပြေးလာသည့် အကြောင်းကို ကြားလိုက်ရသောအခါ စိတ်မကောင်း ဖြစ်သွားသည်။

"လူကလေး . ."

"ဗျာ . . ဦးကြီး . ."

"မင်းဟာ . . လူတစ်ဖက်သားကိုလည်း ကူညီတတ်တယ်။ သစ္စာလည်းရှိသူမို့ ယောကျ်ားပီသလှပါတယ်။ ဒါဆို မင်း အခု ဘယ်သွားဖို့ စိတ်ကူးသလဲ"

"အင်း . . ဘယ်ကိုသွားရမလဲ မသိပါဘူး ဦးကြီးရယ်။ ပြီးတော့ ကျွန်တော့်နောက်ကို ရန်သူတစ်စု လိုက်နေတယ် ထင်တာပဲ ဦးကြီးရဲ့"

"ဟေ . . ဘယ်လိုဖြစ်လာလို့လဲကွ . . ."

"အို . . သူတို့ဟာ ကျွန်တော့်ဆီက တစ်ခုခုလိုချင်လို့ ထင်ပါရဲ့ဗျာ . ."

"ဟာ . . မင်း စကားကလဲ ငါ ဘာမှနားမလည်ပါ



လား။ ကဲပါကွာ . . မင်း ငါနဲ့ တာရူတောင်ကြီးဖက်ကို လိုက်ခဲ့ပေတော့။ အဲဒီမှာ ငါ့မိတ်ဆွေ ရွာကလေး တစ်ရွာရှိတယ်ကွ။ ဘယ်လိုလဲ လိုက်ခဲ့မယ် မဟုတ်လား"

"ဟုတ် . . ဟုတ်ကဲ့ . . လိုက်ပါမယ် ဦးကြီး"

"ကဲ . . ဒါဆို ပြောနေတာ ကြာတယ်ကွာ . . သွားကြရအောင် ဟေ့ . . ဒါပေမယ့် တစ်ခုတော့ မှာထားပါရစေကွာ . . ."

"ဘာလဲ ဦးကြီး"

"ငါဟာ တကယ်တော့ တစ်ချိန်က သူတောင်းစားကြီး ချိန်ကွမ်းရဲ့"

"ဟင် . . ဟုတ်လား . . ."

"ဟုတ်ပ . . ဒါကြောင့်လဲ ငါ့ကို မသိတဲ့လူ မရှိဘူးပေါ့ကွာ . . ဘာလဲ မင်းကငါ့ကို သူတောင်းစားဆိုတော့ အထင်သေးသွားတာလား"

"ဟာ . . မဟုတ်ရပါဘူး ဦးကြီးရယ်"

"ဒီမှာ . . . ချိန်ကွမ်း"

"ဗျာ . . ဦးကြီး"

"လောကကို ရောက်လာတဲ့ လူမှန်သမျှ ဘယ်သူများ

ပေးကမ်း စွန့်ကြဲကြဖူးလို့လဲ”

“ဟုတ်. . ဟုတ်ကဲ့ပါ. . ဦးကြီး”

“အေး. . . ဒါပေမယ့် တကယ့်သူတော်စင်ကြီးတွေဟာလည်း တစ်ချိန်က သူတို့ဟာ တောင်းဖို့ယူဖို့ပဲ ပြင်ဆင်နေခဲ့ရာက တဖြည်းဖြည်း စွန့်ကြဲဖို့ ပေးကမ်းဖို့ နားလည်လာကြတယ်လေ။ ဒါကြောင့် ငါဟာ လူထဲကလူမို့ သူတောင်းစားဖြစ်နေရတာ မဆန်းပါလူးကွာ”

“ဟုတ်. . . ဟုတ်ပါတယ်. . ဦးကြီးရယ်”

“ဒါပေမယ့် တစ်ခုတော့ ရှိသပေါ့ကွာ၊ ငါဟာ ဟန်ဆောင်ခြင်းကို ရွံမုန်းတဲ့လူကွ၊ လောကကြီးထဲကို ရောက်လာတဲ့လူတွေဟာ ဟန်အမျိုးမျိုးလုပ်ပြီး တောင်းခဲ့ကြတယ်လေ။ ငိုချင်ယောင်ဆောင်တာ တစ်မျိုးနဲ့ အမျိုးမျိုးအဖုံဖုံ ဟန်လုပ်ပြီး တောင်းခဲ့ကြတာပေါ့။ တကယ်တောင်းတာက တောင်းတာပါပဲကွာ။

ဟိုသိက္ခာကျမှာတို့ ရုပ်ဖျက်မှာတို့ဆိုတဲ့ မဟုတ်တရား အယောင်အဆောင်စိတ်တွေနဲ့ လူကြားကောင်းအောင် အသံလွှင့်ပြီးတောင်းခဲ့ ယူခဲ့ကြတာချည်းပါပဲကွ၊ အဲဒီအခါမှာတော့ မရ,ရင်ငိုမယ်၊ ပူကြွေးမယ်၊ ဒေါသထွက်မယ်၊ ဟို



မကောင်းတဲ့စိတ်တွေ မွေးပြီး လောကကြီးကို ရွှေတောင်ချချင်တဲ့လူတွေပါကွာ. . ဟား ဟား ဟား လူတွေဟာ ရယ်စရာကောင်းလှပါတယ်။ ချိန်ကွမ်း ဒီအထဲမှာ မင်းမပါစေနဲ့”

“ဟုတ်. . ဟုတ်ကဲ့ ဦးကြီး”

ချိန်ကွမ်းသည် ဦးကြီးလောင်စု စကားကို နားမလည်နိုင်။ သူ့စိတ်ထဲတွင် ရှိနေသည်မှာ လောကတွင် အားကြီးသူက နိုင်စတမ်းဆိုသော အယူအဆကို နင်းချိုးချေမွပစ်လိုက်ချင်သည့် စိတ်သာရှိ၏။ ထိုစဉ် လောင်စုက သူ့ပခုံးကိုပုတ်ရင်း ပြောလိုက်သည်။

“ကဲ. . သွားကြစို့ ချိန်ကွမ်း၊ မင်းဟာ သူတောင်းစားနဲ့လိုက်ရင် သူတောင်းစားပဲ ဖြစ်မှာပါကွာ၊ ဒါပေမယ့် သူတောင်းစားဟာ လောကရဲ့စစ်မှန်တဲ့ မိတ်ဆွေပေါ့ကွာ။ တနည်းအားဖြင့် ပြောရရင် လောကကြီးနဲ့ ညီလိုအစ်ကိုလို နေတဲ့သူဟာ သူတောင်းစားနဲ့ သုဘရာဇာပဲကွ၊ ကဲ. . . သွားကြစို့ ချိန်ကွမ်းရေ. . .”

“ဟုတ်. . . ဟုတ်ကဲ့ ဦးကြီး”

ချိန်ကွမ်းသည်ထိုင်ရာမှ ထလိုက်ကာ ဦးကြီးလောင်စုနှင့်အတူ ဝူလိန်တောင်ပေါ်မှ ဆင်းခဲ့ကြသည်။ စိတ်ထဲတွင်

တော့ ခရီးသစ်ကိုသွားရမည်မို့ လန်းဆန်းတက်ကြွနေ၏။

သို့ပေသည့် သူ့ပခုံးထက်တွင် လွယ်ထားသော ကိုးမျက်နှာမကိုင်ရှ်ကိုတော့ ဘယ်တော့မှ လက်လွှတ်မခံ။ ဦးကြီးလောင်စု မသိအောင်လည်း ဝတ်ရုံအစုတ်နှင့် ချည်နှောင်ထား၏။

လောင်စုမှာ ရှေ့မှ ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်သွား၏။ ပါးစပ်ကလည်း ပေါက်တတ်ကရ သီချင်းတွေကို အော်ဟစ်သီဆိုနေပေရာ ချိန်ကွမ်းးသည် သူ့သီချင်းကို နားစွင့်ရင်း စိတ်ထဲ၌အလိုလို ပျော်ရွှင်နေမိ၏။

သူတို့နှစ်ဦး တဖြည်းဖြည်းနှင့် တောင်ခြေသို့ ရောက်ရှိလာ၏။ ခရီးဆက်ရန်လည်း အချိန်မရှိတော့ပြီဖြစ်၍ တအောင့်တနား ထိုင်လိုက်ကြ၏။

"ချိန်ကွမ်း. ."

"ဗျာ. . ဦးကြီး"

"တို့. . . . ဒီမှာ ခဏပဲနားသင့်တယ်ကွ"

"ဟင်. . ဘာဖြစ်လို့လဲ ဦးကြီးရဲ့ မှောင်လည်းမှောင်နေပြီးပဲ ဥစ္စာ"

"ဟာ. . . မင်းဟာ အိပ်ဖို့ပဲ စဉ်းစားနေတာကိုး၊



မအိပ်မနေ အသက်ရှည်တဲ့ကွ၊ ပျင်းတယ်ဆိုတာ လူ့ဘဝမှာ ကြောက်စရာအကောင်းဆုံး ကပ်ရောဂါကြီးပဲကွ၊ အဲဒီစိတ်စွဲကပ်လာပြီဆိုရင် ဘယ်တော့မှ လူမွေးလူတောင် မပြောင်ဘူးမှတ်၊ ပြီးတော့ ယောကျ်ားတစ်ယောက် ပျင်းပြီဆိုရင် လောကကြီးဟာ မျက်နှာတစ်ချက်မဲ့ တတ်တယ်ကွ၊ ဒီတော့ မင်းလို ငယ်ငယ်ရွယ်ရွယ် အချိန်မှာ အပျင်းစိတ်ကို လုံးလုံးမစွဲကပ်စေနဲ့။ အဲဒီစိတ်စွဲကပ်တာနဲ့ မင်းလုပ်ချင်တဲ့ အရာအားလုံး ပျက်သုန်းသွားပြီးသာ မှတ်ပေတော့ကြားလား ချိန်ကွမ်း"

"ဟုတ်ကဲ့. ."

"ကဲ. . . ကဲ အမောပြေရင် ခရီးဆက်ကြစို့"

"ဟုတ်ကဲ့. . ဦးကြီး. ."

ချိန်ကွမ်းသည် လူးလဲထလိုက်ပြီး လောင်စုနောက်သို့ အပြေးလိုက်ခဲ့၏။ ထိုအချိန်၌ အမှောင်ထုကလည်း တဖြည်းဖြည်း ပြိုဆင်းလာနေပြီဖြစ်သည်။ လမ်းတစ်လျှောက်၌ ပုဇဉ်းရင်ကွဲအော်သံ၊ ညငှက်အော်သံတွေကလည်း ဆူညံနေ၏။

သူတို့နှစ်ဦး အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် လျှောက်ခဲ့ကြရာ လမ်းခရီးမှာလည်း ချောမွေ့လာ၏။ လမ်းတစ်ဖက်တစ်ချက်တွင်လည်း သစ်ပင်ကြီး သစ်ပင်ငယ်တွေက အုံ့ဆိုင်း

နေ၏။ တစ်နေရာအရောက်တွင် ဦးကြီးလောင်စုသည် ခြေ
အစုံကို ဆတ်ကနဲ ရပ်လိုက်သည်။

"ဘာဖြစ်လို့. . ဦးကြီး"

"ငြိမ်ငြိမ်နေစမ်း ချိန်ကွမ်း ငါတို့ရှေ့မှာ တစ်ခုခုအတား
အဆီးရှိနိုင်တယ်ကွ. . . "

"ဟင်. . . ဟုတ်လား ဦးကြီးမြင်လို့လား"

"နေစမ်းပါကွာ. . ကဲ. . . မင်း ဝေးဝေးရှောင်နေစမ်း"

"ဟုတ်. . . ဟုတ်ကဲ့ ဦးကြီး"

ချိန်ကွမ်းသည် လမ်းနံဘေးရှိ ခြုံစပ်တွင်ရပ်ပြီး အခြေ
အနေကို ကြည့်လိုက်သည်။ ထိုစဉ် ဦးကြီးလောင်စု၏ အသံ
ပေါ်လာ၏။

"ဟေ့. . ဘယ်သူလဲကွ ခိုးကြောင်ခိုးဝှက် လုပ်နေ
တာ"

"ဟင်. . . "

"မေးနေတာ မကြားဘူးလားကွ. . ပုန်းလျှို ကွယ်လျှို
လုပ်ပြီး သူတစ်ပါးကို ဒုက္ခပေးဖို့ စောင့်နေတာလားကွ"

ချန်ကွမ်းသည် ဦးကြီးလောင်စု၏ အမူအယာကို
ကြည့်ရင်း အံ့အားသင့်နေ၏။ ရန်သူအရိပ်အရောင်ကို မမြင်



ရဘဲ အကြားအမြင်ရနေသည့် လူပမာနှယ်. . . .

ထိုအချိန်၌ သစ်ပင်ပေါ်မှနေ၍ လူမည်းကြီးတစ်ဦး
လွှားကနဲ ခုန်ဆင်းလာသည်။

"ဟာ. . ဘယ်သူပါလိမ့်"

ချိန်ကွမ်းမှာ မြင်ကွင်းကြောင့် အံ့အားသင့်နေ၏။
တစ်ကိုယ်လုံးကို ဝတ်ရုံနက်ခြုံထားပြီး လက်ထဲ၌လည်း သံ
မဏိ ဆူးလုံးတစ်လုံးကို သစ်ကြိုးနှင့်ထပ်ကာ ကိုင်ထား၏။
ထိုစဉ် ဦးကြီးလောင်စု၏ အသံပေါ်လာလေ၏။

"ဩော်. . ငါက ဘယ်သူများလဲလို့ နတ်လင်းဆွဲ ချိ
မိန်ကိုး"

"ဟင်. . ခင်. . ခင်ဗျားဘယ်သူလဲဗျ"

"ဟေ့. . မင်းက ငါ့အသံတောင် မမှတ်မိတော့ဘူး
လား၊ ဟား. . . ဟား. . . တော်တော် ရယ်ရတဲ့ကောင်ပဲ၊
ကောင်းပါ့ကွာ၊ နှစ်တွေလဲပြောင်းခဲ့ပြီပဲ ပြုသူအသစ် ဖြစ်သူ
အဟောင်းပေါ့ကွာ . . . ဒါပေမယ့် ကော့ယန် ရေတံခွန်ဘေး
က အဖြစ်ကို မမေ့သေးရင်တော့ ငါ ဘယ်သူလဲဆိုတာ မင်း
မှတ်မိလိမ့်မယ် ထင်ပါရဲ့"

"ဟင် . . . ဒါ . . ဒါဆိုရင် ခင်ဗျား မိုးလက်ဝဲ လောင်

စူပဲ ဖြစ်ရမယ်”

“ဟား . . ဟား ဟုတ်ပ့ါကွာ၊ သိပ်ဟုတ်တာပေ့ါ”

“ဟင် . . . . ခင် . . . ခင်ဗျား မသေသေးဘူးလား”

“ဟား . . . ဟား မင်းအံ့ဩနေလား ချိမိန်၊ လောကကြီးဟာ သိပ်သစ္စာရှိတဲ့ ရဲဘော်ရဲဘက်ပါကွာ၊ ငါလိုလူကို ဘယ်တော့မှ နှင်မထုတ်ဘူးဆိုတာ မင်း ယုံသွားပြီလား ချိမိန်”

“အောင်မယ် . . . . ကြီးကျယ်လိုက်တာ”

“ဟော့ကောင် . . . ငါဘယ်သူလဲဆိုတာ မင်း သိနေပြီပဲ . . . ရှေ့က ဖယ်စမ်း”

“ဘာလို့ ဖယ်ရမှာလဲကွ၊ ခင်ဗျား ဟိုဟာကြီး ပျောက်သွားတာ ခင်ဗျား လက်ချက်ပဲ မဟုတ်လား”

“ဟင် . . . ဘာလဲကွ”

“ခင်ဗျား ဘာ မသိချင်ယောင် ဆောင်နေတာလဲ၊ ဒီဟာကြီးကို ယူရဲကတာဆိုလို့ ခင်ဗျားပဲ ရှိတယ်၊ ဟုတ်ပါတယ်၊ ခင်ဗျား လက်ချက်ပါပဲ”

“ဟော့ . . . မင်း ဘာတွေ လာပြောနေတာလဲ၊ ငါ ဘာ တစ်ခုမှ နားမလည်ပါလားကွ”



“မကိုင်နဲ့ကြီးလေဗျာ”

“ဘာ . . . . မကိုင်နဲ့ကြီး ဟုတ်လား”

“မင်း . . . မင်း . . . မင်း ဘာတွေ လာပြောနေတာလဲ”

“အို . . . ခင်ဗျားမှ မယူရင် ဘယ်သူမှ ယူရဲမှာ မဟုတ်ဘူး”

“ဟာကွာ . . . . ဒုက္ခပဲ”

“ဩော် . . . . ဒီလောက်တောင် ဖြစ်လှတာ၊ ကဲဗျာ”

“ဝှစ် . . . ဝှစ်”

“ဟာ . . . မင်း ဒုက္ခရောက်သွားမယ်နော်”

“ရောက်. . . . ရောက်ဗျာ”

ချိမိန်သည် လက်ထဲမှ သံမဏိလုံးကြီးကို တဝှစ်ဝှစ်နှင့် လွဲကာ လောင်စုကို ဝင်တိုက်တော့သည်။

လောင်စုသည် ချိမိန်၏ လုပ်ရပ်ကို ဟန့်တားရင်း နောက်သို့ သုံးလေးလှမ်း ဆုတ်လိုက်သည်။ ပါးစပ်မှလည်း သတိပေးသည်။

သို့သော် ချိမိန် ခြေတစ်လှမ်း မဆုတ်၊ ရှေ့သို့ လေးငါးလှမ်း ကပ်လာကာ သံမဏိလုံးကြီးကို တဝှစ်ဝှစ်နှင့် လွှဲရင်း

တိုက်ခိုက်နေလေသည်။

ချိန်ကွမ်းမှာ ချိမိန်၏ တိုက်ကွက်ကိုကြည့်ရင်း အထိတ်တလန့် ဖြစ်နေသည်။

တိုက်ကွက်ကို မြင်ရုံနှင့် အသည်းယားဖွယ်ပင်။ သံလုံးကြီးမှာ လေထုကို ဖောက်ခွဲပြီး တဝုန်းဝုန်း မြည်နေသည်။

လောင်စုက သွေးအေးအေးပင် သူ့ထံသို့ ဝင်ရောက်လာသော သံလုံးကြီးကို အေးအေးလူလူပင် ရှောင်တိမ်းလိုက်သည်။

တစ်ချိန်တည်းတွင် ချိမိန်သည် လက်ထဲမှ သံလုံးနှင့် လောင်စု၏ ခေါင်းတည့်တည့်ကို လွှဲရိုက်ချလိုက်ရာ လောင်စုသည် ဖျတ်ကနဲ ခုန်ရှောင်လိုက်ပြီး ညာခြေနှင့် ချိမိန်၏ နားထင်ကို ကြုံးကန်လိုက်လေသည်။

"ကဲကွာ. . ."

"ဝုန်း . . . . ဒုတ်"

"အောင်မယ်လေးဗျာ"

ချိမိန်တစ်ယောက် ခွေကနဲ လဲကျသွားသည်။ လောင်စုသည် နောက်တစ်ချီ ထပ်၍တိုက်ရန် ခုန်လိုက်ပြန်သည်။ သည်တစ်ခါတော့ ချိမိန်က ပါးသွားချေပြီ။ လောင်စု သူ့ထံ



ဝင်လာတာ မြင်သည်နှင့် လူးလဲထကာ အမှောင်ထဲသို့ လှမ်းပစ်ဝင်သွားရသည်။

"ဟေ့ကောင် . . . ဘယ်ပြေးမှာလဲကွ"

"နောက်တွေ့ကျတာပေါ့ကွာ"

"ဟား . . . . ဟား . . . ဟား"

ချိမိန်သည် လောင်စုကို ပြန်ပြောရင်း အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

ချိန်ကွမ်းမှာ လောင်စု၏ ခုန်ပျံကျော်လွှားပြီး တိုက်ခိုက်ပုံကို အံ့အားသင့်နေသည်။ ကျားကြီးတစ်ကောင်၏ အသွင်ပင်။

ဒါပေမယ့် သူ၏ တိုက်ခိုက်မှုက သစ်ရွက်လေး တစ်ရွက်လို ပေါ့ပါးသွက်လက်လှသည်။ ပြီးတော့ လောင်စု၏ တိုက်ကွက်ကို ချိန်ကွမ်း စဉ်းစားလို့ မရ။

ခြေထောက်တွေ၊ လက်တွေ လှုပ်ရှားပုံမှာလည်း လျှို့ဝှက်နက်နဲလှသည်။ တစ်အောင့်မျှအကြာတွင် ချုံကွယ်နောက်မှ ထွက်ခဲ့သည်။ လောင်စုကို ခပ်ငေးငေး ရပ်ကြည့်နေဆဲ။

"ဟာ . . . ဦးကြီးရဲ့ တိုက်ကွက်က ကောင်းလှချည်

လား"

"ဟော့ . . . မင်း မြင်လို့လား"

"မြင်တာပေါ့ ဦးကြီးရဲ့၊ ဦးကြီးက မိုးလက်ဝါး လောင်စု မဟုတ်လား"

"ဟင် . . . မင်း ကြားတယ်"

"ကြားတော့ပေါ့ ဦးကြီးရယ်"

"အင်း . . . ငါ ပြန်မတွေးချင်တော့ပါဘူးကွာ၊ အရေးထဲ မကိုင်နိုကြီးကို ငါ ယူတယ်လို့ စွပ်စွဲနေပြန်ပြီ၊ ဒုက္ခပဲ သိုင်းလောကတစ်ခုလုံး ဒီသတင်း ပျံ့နှံ့သွားရင် ငါ့ကို တစ်မျိုး ထင်ကုန်တော့မှာပဲ"

"ဟင် . . . ဘာဖြစ်လို့လဲ ဦးကြီးရဲ့"

"ဘာဖြစ်ရမလဲကွာ . . . . ငါဟာ သူတောင်းစားပေမယ့် သစ္စာတရားကို ကိုးကွယ်တဲ့သူပါ။ ခုတော့ ဟိုကောင်တွေ ငါ့ကို တိုက်ကုန်ပြီ၊ ဒုက္ခပါပဲ၊ အနှောင်အဖွဲ့က မလွတ်သေးပါလား၊ အင်း . . . ဝဋ်ကြွေးရှိသမျှတော့ ခံရဦးတော့မှာပေါ့ကွာ"

လောင်စုသည် စကားတစ်မျိုးမျိုးနှင့် ခေါင်းငိုက်စိုက် ထွက်ခွာသွားသည်။



ချိန်ကွမ်းသည် သူ့နောက်မှ အပြေးလိုက်ရင်း လမ်းတစ်လျှောက်လုံးတွင် စဉ်းစားနေသည်။

အမှန်ကတော့ မကိုင်နိုကြီး သူ့လက်ထဲတွင် ရှိနေသော်လည်း ဦးကြီး လောင်စုကို ဖွင့်မပြောရဲ။

မတော်လို့ ဦးကြီးလောင်စုဟာ အမည်းရောင် သိုင်းသမားကြီး ဖြစ်ရင် အခက်ဟု တွေးရင် မကိုင်နိုထည့်ထားသည့် အဝတ်ထုပ်ကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး နောက်မှ တစ်လှမ်းချင်း လိုက်ခဲ့လေသည်။

* * * * *

## အခန်း(၅)

"ဘာ . . . မင်း . . . မင်း ပြောတာ သေချာရဲ့လား ချိမိန်"

"သိပ် သေချာတာပေါ့ ဆရာကြီးရယ်၊ ကျွန်တော် မဖြစ်နိုင်တာ ပြောပါ့မလား"

"ဟာ . . . မဖြစ်နိုင်ဘူးကွ၊ ဒီကောင်ကြီးကို ငါတို့ မြေမြှုပ်ထားခဲ့တာကွ . . . ဘယ်လိုမှ လွတ်လမ်းမရှိတဲ့ ခရီးကို ပို့ခဲ့တာကွ"

"သေချာပါတယ် ဆရာကြီးရယ်၊ မိုးလက်ဝဲ အစစ်ဒါပေမယ့် သူ့လက်ဝါးပေါ်မှာတော့ အမာရွတ်ကြီးတစ်ခု တွေ့ခဲ့ရတယ် ဆရာကြီး"



"အေး . . . အဲဒါ ငါ့ဓားချက်ကွ"

"ဟင် . . . ဟုတ်လား"

"ဟုတ်တယ် ချိမိန်၊ အင်း . . . ဒါဆို ကိုးမျက်နှာ မကိုဋ်ကြီးဟာ ဒင်းလက်ထဲမှာ ရှိမှာ သေချာတယ်ကွ"

"သိပ် ရှိနိုင်တာပေါ့ ဆရာကြီးရယ်"

"ဒါဆိုနေဦးကွ၊ မင်းနဲ့ငါ ရှောင်ဆက်ကို အမြန် ရောက်အောင် သွားမှပဲ"

"ဩော် . . . ဆရာကြီး ကုန်းစွန်းဆီလား"

"အေး . . . အစ်ကိုကြီး ကုန်းစွန်းကို ဒီသတင်းအ ရောက်ပို့မှ ပေါ့၊ ဒင်း ပြန်ပေါ်လာတာ တို့အတွက် အန္တရာယ် ပဲပေါ့၊ မိုးလက်ဝဲဟာ ငါတို့အဖွဲ့အစည်းကို ကောင်းကောင်း ဒုက္ခပေးနိုင်တဲ့ သတ္တဝါပဲကွ"

"ကဲ . . . ပြောနေကြာတယ်ကွာ သွားကြစို့ ချိမိန်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

နှစ်ဦးသား သူ့ထံမှ ထွက်ခွာခဲ့ကြပြီး မြင်းကိုယ်စီနှင့် ရှောင်ဆက် တောင်ဘက်သို့ ထွက်ခဲ့ကြလေ၏။ စင်စစ် ချိမိန် မပြောလျှင် နတ်လင်းဆွဲဂိုဏ်းချုပ်ကြီး ပေကျန့် သိမည် မဟုတ်။ သူသည် တာစုတောင်ကြီး၏ တောင်ခြေရင်းဂူထဲ

တွင် အတွင်းအားကို နှစ်နှင့်ချီပြီးကျင့်နေ၏။

အတွင်းအားပညာတွင် အဆင့်မြင့်ဆုံးဖြစ်သော ကြာပန်းခုနှစ်ပွင့်ပညာကို လေ့ကျင့်ခဲ့ရာ ယခုဆိုလျှင် သတ္တမ အဆင့် ရောက်တော့မည်ဖြစ်၏။

ထိုသို့သောအချိန်မှာ မိုးလက်ဝဲလောင်စုဆိုသော အမည်ကိုကြားလိုက်သဖြင့် လေ့ကျင့်ခန်းကိုပင် ဆက်မလုပ် နိုင်တော့။

နှစ်ဦးသား မြင်းကိုယ်စီဖြင့် ချောင်ဆက်တောင်ကြီး ပေါ်သို့ အပြေးနှင်ခဲ့ရာ ဦးဆုံးသူတို့ကို ကြိုဆိုနေသည်မှာ အသူရာထိုက်လီပင်ဖြစ်၏။ ထိုက်လီသည် နတ်လင်းဆွဲဂိုဏ်း ကြီး ပေကျန်ကို တရိုတသေနှင့် နှုတ်ဆက်လိုက်၏။

" ဟာ . . . ဆရာကြီးကြွလာပါလား၊ မလာစဖူး ကြွလာတာ ဆိုတော့ ပြဿနာတစ်ခုခု ပေါ်နေပြန်ပြီထင် တယ်"

" ဟုတ်တယ် ထိုက်လီ၊ အစ်ကိုကြီး ကုန်းစွန်းရှိလား"

"ရှိပါတယ် ဆရာကြီး၊ နေလဇရပ်ပေါ်မှာ သူရှိပါ တယ် ဆရာကြီး"

" ဟုတ်လား၊ ဒါဆို ငါလိုက်ခဲ့မယ်"



"ဟုတ်ကဲ့ ဆရာကြီး"

ပေကျန်နှင့် ချိမိန်တို့နှစ်ဦး တောင်စောင်းလမ်းကလေး အတိုင်း ကွေ့ပတ်ပြီး တက်ခဲ့ကြရာ ကြီးမားသော ဇရပ်ကြီး တစ်ဆောင်ကို ထင်းရှူးတောအုပ်အောက်တွင် တွေ့ရ၏။

ထိုအခါ မြင်းကြီးများကို ဇရပ်ရှေ့တွင် ရပ်လိုက်ပြီး မြင်းပေါ်မှ ဆင်းခဲ့ကြ၏။ သူတို့နှစ်ဦး မြင်းပေါ်မှ ဆင်းလိုက် သည်နှင့် ဇရပ်ကြီးပေါ်မှ စားသမားဆယ်ဦး အပြေးဆင်းလာ လေသည်။

"ဆရာကြီး ပေကျန်ကို မျက်နှာဖုံးအဖွဲ့က ကြိုဆိုပါ တယ်"

"ဩော် . . . အေး အေး ဒါထက် အစ်ကိုကြီး ဇရပ်ပေါ်မှာလား"

"ဟုတ်ပါတယ် ဆရာကြီး"

"အေး . . . အေး"

ပြောပြောဆိုဆိုနှင့် တောင်စောင်းကလေး ဘေးတွင် ကြံ့ကြံ့ဖန်ဖန် ဆောက်လုပ်ထားသော နှစ်ဆောင်ပြိုင် ဇရပ် ကြီးပေါ်သို့ တက်ခဲ့ကြ၏။

ထိုအချိန်တွင် အနက်ရောင်ကတ္တီပါ မျက်နှာဖုံးစွပ်

နှင့် ပုဂ္ဂိုလ်ကြီးသည် မြင့်မားလှသော ထိုင်ခုံကြီးတစ်လုံးပေါ်တွင် ထိုင်ကာ ပေကျန့်တို့ အလာကို ကြိုဆိုနေ၏။

"ဟော . . . ပေကျန့်တို့ပါလား"

"ဟုတ်ပါတယ် အစ်ကိုကြီး"

"အကြောင်းထူး ရှိလို့လားကွယ့်"

"ဟို . . . ရှိ . . . ရှိပါတယ်အစ်ကိုကြီး၊ အဲ့ဒါကြောင့်လဲ ဒီကို အပြေးရောက်လာတာပေါ့"

"ဟင် . . . ဟုတ်လား ဘာများလဲကွယ့်"

"ဒီ. . . . ဒီလိုပါအစ်ကိုကြီး၊ ဟို . . . ဟို . . . မိုး. . . မိုး လက်ဝဲလောင်စု ပြန်လာပြီတဲ့"

"ဘာ"

မျက်နှာဖုံးစွပ်ပိုင်ရှင် ကုန်းစွမ်းသည် ထိုင်ခုံကြီးပေါ်မှ ဝုန်းကနဲ ထလိုက်၏။

"မင်း . . . မင်း တကယ်ပြောတာလား ညီလေး"

"တကယ်ပြောတာပါ အစ်ကိုကြီး"

"ဟာ . . . မဖြစ်နိုင်ပါဘူးကွာ"

"ကျွန်တော်လဲ အစ်ကိုကြီးလိုပဲ မယုံမိတာ အမှန်ပါ၊ ဒါပေမယ့် ဟော့ဒီ ကျွန်တော့် ဘယ်လက်ရုံး ချိမိန်ရဲ့ စ



ကားကြောင့်သာ ယုံလိုက်တာပါ အစ်ကိုကြီး"

"ဟာ . . . မဖြစ်နိုင်ပါဘူးကွာ၊ မင်းကောင် စိတ်ထဲထင်ရာပြောတာ ဖြစ်ပါလိမ့်မယ်"

"ကျွန်တော် အမှန်ပြောတာပါ ဆရာကြီး၊ သူကိုယ်တိုင် ပါးစပ်ကနေ ထုတ်ဖော်ပြောခဲ့တာ ဆရာကြီး"

ချိမိန်မျက်စိပျက် မျက်နှာပျက်နှင့် ဝင်၍ပြော၏။ ကုန်းစွမ်းမှာ ခေါင်းခါခါ လုပ်နေဆဲ။

ထိုစဉ် ချိမိန်ဆက်ပြောလာ၏။

"ဒီလိုပါ ဆရာကြီး ကျွန်တော်ဟာ သူနဲ့တာစုတောင်ပေါ်မှာ တွေ့ခဲ့တာပါ၊ ပြီးတော့ မကိုင်မှုကြီးကို ယူရဲတဲ့လူဆိုလို့လည်း သူပဲရှိတယ် မဟုတ်လား ဆရာကြီး"

"အင်း. . . မင်းပြောတာတော့ ဟုတ်တုတ်တုတ်ပဲလေ၊ ဒါပေမယ့်. . . ငါ မယုံနိုင်ဘူး ဖြစ်နေတယ်ကွာ"

"ဟုတ်ပါတယ် အစ်ကိုကြီးရာ၊ ကျွန်တော်လဲ ခုထိမယုံသေးပါဘူး၊ ဒါပေမယ့် သူ့နာမည်ကိုတော့ ကျွန်တော်လုံးလုံး မကြားချင်ပါဘူး၊ သူ ပြန်ရှင်လာပြီဆိုကတည်းက ဒါကျွန်တော်တို့အဖွဲ့သားတွေရဲ့ မကောင်းသော နိမိတ်ပါပဲ"

ဖေကျန်၏ စကားကြောင့် မျက်နှာဖုံးရှင် ကုန်းစွမ်း

မှာ တဖြည်းဖြည်း စဉ်းစားလာနေ၏။ ပြီသော ကိုးမျက်နှာမကိုင်ရှုကြီးကို တကယ်တမ်း ယူရဲသူမှာလည်း ပေကျန်ပြောသလို တခြားသူ မဖြစ်နိုင်ပါချေ။

ဖေကျန်ပြောသလို မိုးလက်ဝဲလောင်စု တစ်ယောက် သိုင်းလောကထဲ ပြန်လည်ဝင်ရောက်လာပြီဆိုလျှင် သူတို့ မြှုပ်နှံကွယ်ဝှက်ထားသော အကြောင်းအရာများ ပေါ်လာချေတော့၏။

သို့ဆိုလျှင် မိုးလက်ဝဲသည် သူတို့အတွက် အကြီးဆုံး အန္တရာယ်ပေးနိုင်သည့် သိုင်းသမားကြီးဆိုတာ သတိထားမိ၏။ ထို့ပြင် ကိုးမျက်နှာမကိုင်ရှုကြီးသာ သူ့လက်ထဲမှာရှိလျှင် သိုင်းလောကတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားနိုင်ပေသည်။

အမှန်တော့ သူ၏ညီအစ်ကိုတော်လည်းဖြစ်၊ သိုင်းလောကတစ်ခုလုံး အပေါ်တွင် ရှောင်လင်ကျောင်းတော်ကြီးထက်ပင် ဩဇာညောင်းလှသော တန်ယုကျိုးအတွက် ဖိုးရိမ်ပူပန်မိ၏။

ထို့ကြောင့် ထိုင်နေရာမှထလာကာ ပေကျန် ရှေ့သို့ လျှောက်ခဲ့ပြီး လေသံအေးအေးနှင့် ပြောလိုက်၏။



"အင်း. . . ဒီအဖြစ်အပျက်ဟာ တကယ်တမ်း ဟုတ်ခဲ့ရင်တော့ သတိထားစရာအကောင်းဆုံးပဲ ငါထင်တယ်လေ၊ ဒါကြောင့် မင်းတို့ ခုလိုလာပြောတာကို ငါ ကိုယ်တိုင်ထွက်ပြီး စုံစမ်းမယ်၊ ပြီးတော့ မင်းတို့အားလုံးလည်း လောင်စု လာနိုင်မယ့် နေရာမှန်သမျှကို ပိတ်ဆို့တိုက်ခိုက်ကြပေတော့"

"စိတ်ချပါအစ်ကိုကြီး၊ ကျွန်တော်လည်း နတ်လင်းဆွဲ အဖွဲ့သားအားလုံးကို အသိပေးထားလိုက်ပါ့မယ်"

"ကောင်းပြီ . . . ဖေကျန်၊ မင်းတို့လည်း မိုးလက်ဝဲကို တတ်နိုင်သမျှ ထောက်လှမ်းကြတော့၊ ငါလဲ လုပ်စရာရှိတာ စီစဉ်စရာရှိတာ စီစဉ်လိုက်ဦးမယ်"

"ဒါဆို. . . . ကျွန်တော်တို့ကို သွားခွင့်ပြုပါ အစ်ကိုကြီး"

"အေး . . . အေး"

ပေကျန်နှင့် ချိမိန်တို့နှစ်ဦး ပြန်လည်ထွက်ခွာသွားသည်နှင့် ကုန်းစွန်းမှာ အလုပ်ရှုပ်နေ၏။ ဦးဆုံး သူ့အိပ်ခန်းဆောင်တွင် လက်ထပ်မွေးထားသော ဥဩငှက်ကလေးကို လှောင်အိမ်မှထုတ်ကာ စာတစ်စောင်ကို သူ့ညာဘက်ခြေအောက်တွင် ချည်နှောင်ပြီး အစ်ကိုကြီး တန်ယုကျိုးထံ စေ

လွှတ်လိုက်၏။

ထို့နောက် သူ့ထံသို့ ပြန်ရောက်လာသော ထိုက်လီကို ခေါ်လိုက်၏။

"ထိုက်လီ"

"ဗျာ. . . ဆရာကြီး"

"မင်း ပြဿနာထက် အရေးကြီးတဲ့ ပြဿနာပေါ်လာပြီကွ"

"ဗျာ. . . ဘာ. . . ဘာဖြစ်လို့လဲ ဆရာကြီး"

"ဟာ ဘာဖြစ်ရမလဲကွာ၊ ဟိုခွေးတိရစ္ဆာန်ကြီး ပြန်ပေါ်လာပြန်ပြီဟေ့"

"ဗျာ. . . ဘယ်သူလဲ ဆရာကြီး"

"ဘယ်သူရမလဲကွ၊ မိုးလက်ဝဲလောင်စုလေ"

"ဗျာ. . . မိုးလက်ဝဲ၊ ဟုတ်လား . . . ဆရာကြီး"

"ဟုတ်ပါကွာ၊ ဒါ့တို့အတွက် အန္တရာယ်ပဲဟေ့ . . . ဖြစ်နိုင်ရင် အမြန်ဆုံးနှုတ်ပိတ်နိုင်မှ တော်ရုံကျမယ်ဟေ့"

"ဟာ. . . မဖြစ်နိုင်တာ ဆရာကြီးရယ်၊ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရတဲ့ကိစ္စဟာ ဖြစ်နိုင်ပါ့မလား"

"အေး. . . ငါလဲ မင်းလိုပဲ မယုံခဲ့ဘူးကွ၊ ဒါပေမယ့်



နတ်လင်းဆွဲ ပေကျန် ကိုယ်တိုင်လာပြောတာလေ"

"ဟင်. . . ဆရာပေကျန် ကိုယ်တိုင်လာပြောတာ"

"ဟုတ်ပ့ါဗျာ၊ ဒီကိစ္စဟာ ပေ့ါပေ့ါဆဆ တွက်လို့မရဘူးဟေ့၊ ဒီတော့. . . မင်းကိုယ်တိုင် ဦးဆောင်ပြီး ဒီကိစ္စကို ထောက်လှမ်းပေတော့ဟေ့"

"ဟုတ်. . . ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် အသေအချာ ထောက်လှမ်းပ့ါမယ်"

"ဒါဆို. . . ခုချိန်ကစပြီး လုပ်ငန်းစပေတော့ ထိုက်လီရေ၊ အလုပ်ကို ဆိုင်းနေလို့ မဖြစ်ဘူးဟေ့"

"စိတ်ချပါ. . . ဆရာကြီး"

ထိုက်လီသည် ကုန်းစွန်းကို နှုတ်ဆက်ပြီးသည်နှင့် ဇရပ်ကြီးပေါ်မှဆင်းသွား၏။ ရှောင်ဆက်တောင်တန်းကြီးပေါ်တွင် လှုပ်လှုပ်ရှားရှားတွေ ဖြစ်လာ၏။

သူတို့အားလုံး၏ အာရုံထဲဝယ် မိုးလက်ဝဲလောင်စုဆိုသော အကြောင်းအရာက နေရာယူထား၏။ အားလုံး၏ပါးစပ်ဖျားတွင်လည်း မိုးလက်ဝဲအမည်က ရေပန်းစားနေ၏။

သူတို့အားလုံး ရှောင်ဆက်တောင်ပေါ်မှ ဆင်းလာ

ကြာ မိုးလက်ဝဲကို တွေ့ရာသချိုင်းဓားမဆိုင်းဟု ကြေညာထားလေ၏။

ထိုအချိန်တွင် မိုးလက်ဝဲနှင့် ချိန်ကွမ်းတို့နှစ်ဦးမှာ တာစုတောင်ကြီး၏ တောင်ခြေသို့ ရောက်ရှိလာ၏။ လမ်းတစ်လျှောက်လုံးတွင် ချိန်ကွမ်းသည် မိုးလက်ဝဲ၏ အခြေအနေကို အစဉ်သဖြင့် အကဲခတ်ခဲ့ရာ ထူးဆန်းအံ့သြဖွယ်ကောင်းလှသော အကြောင်းအရာများကို တွေ့လာရ၏။

မိုးလက်ဝဲလောင်စုသည် အအိပ်အနေနည်းလှ၏။ အမြဲတမ်း စဉ်းစားတွေးခေါ် နေဟန်ရှိပြီး သွားလာသည့်နေရာတွင်လည်း မျက်စိဖွင့် နားစွင့်သွားလာတတ်၏။

ထို့အပြင် ထူးဆန်းသော သီချင်းများကိုလည်း အော်ဟစ်သီဆိုတတ်သလို အဓိပ္ပာယ်နားမလည်နိုင်သော ဂါထာများကိုလည်း တစ်ခါတစ်ရံ ရွတ်ဖတ်နေတတ်၏။

ချိန်ကွမ်းမှာ ထူးဆန်းလှသော မိုးလက်ဝဲ၏ အကျင့်စရိုက်များကို လေ့လာရင်း အံ့သြ၍ မကုန်နိုင်အောင် ဖြစ်နေလေသည်။

တောင်ခြေတောအုပ်ထဲ အရောက်တွင် သူတို့နှစ်ဦးတစ်အောင့်တစ်နား အပန်းဖြေလိုက်ကြ၏။ ထိုစဉ် လောင်



စုသည် အပင်ကြီးတစ်ပင်အောက်တွင် ထိုင်ရင်းပြောလာ၏။

"လူကလေး"

"ဗျာ. . . . ဦးကြီး"

"အဖြစ်အပျက်တွေကတော့ နိဒါန်းရှိနေပြီဟေ့"

"ဗျာ. . . ဘာနိဒါန်းတွေလဲ ဦးကြီး"

" ဒီလိုကွ. . . ငါ့နာမည်ဟာ ချိမိန်ကတစ်ဆင့် သိုင်းလောကကို ပျံ့နှံ့သွားမှာ သေချာသွားပြီကွ၊ နောက်ပြီး ဟိုကိုးမျက်နှာမကိုင်ရှုကြီး ကိစ္စကလဲ ငါ့ကို စွပ်စွဲနေကြတုံးပဲ၊ ဒီတော့ သိုင်းသမားတွေအားလုံး ငါ့ကို အာရုံစူးစိုက်လာမှာမလွဲဘူးဟေ့၊ အင်း. . . ငါ့အတွက် ပူစရာမလိုပေမယ့် မင်းအတွက်တော့ ငါ စိုးရိမ်မိတယ် ချိန်ကွမ်းရ၊ ဒီတော့ ငါတို့တာဝူအနောက်ဘက်ကရွာကို အရောက်သွားမှ တော်ရုံကျမယ် ချိန်ကွမ်းရေ၊ ဒါပေမယ့် ဟောဒီ တာစုတောင်ကြီးကိုတစ်ချို့က ဝိညာဉ်ပေါင်းစုံစုစည်းရာ တောင်ကြီးလို့လဲ ခေါ်ကြသကွယ့်၊ ဒီတော့ ဒီတောင်ပေါ်ကို ရောက်တဲ့အခါမှာ အစစအရာရာ သတိထားမှ ဖြစ်မယ်ချိန်ကွမ်း"

"စိတ်ချပါ ဆရာကြီး"

"တဲ. . . . ဒါဆို ခရီးဆက်ရအောင်ဟေ့"

"ဟုတ်ကဲ့. . . ဆရာကြီး"

နှစ်ဦးသား စကားတပြောပြောနှင့် ရှောင်ဆက်တောင်ကြီးပေါ်သို့ တက်ခဲ့ကြ၏။ ထူးဆန်းသည်မှာ ရှောင်ဆက်တောင်ပေါ်ကြီး၏ အသွင်မှာ နီကျင့်ကျင့်အရောင်များ ဖုံးလွှမ်းနေပြီး တစ်ရက်ပြည့်လျှင် သွေးနီးတောင်ကြီးအလား အောက်မေ့ရ၏။

စင်စစ် ထိုသို့အရောင်အသွေးများ ပေါ်လွင်နေရသည်မှာလည်း တခြားကြောင့် မဟုတ်ပါပေ။ အနီရောင်သစ်ရွက်များနှင့် ထူးထူးဆန်းဆန်း ဝေဆာနေသော ဝက်သစ်ချပင်များကြောင့်ပင် ဖြစ်၏။

ထူးဆန်းသည်မှာ သူတို့နှစ်ဦး တောင်စောင်းအတိုင်း တက်စဉ် လူသံသူသံ ညံစီစီကို ကြားလိုက်ရခြင်းပင်ဖြစ်၏။ အချိန်အခါမှာ ညနေစောင်းလုလု အချိန်အခါဖြစ်ပြီး တစ်တောလုံး တစ်တောင်လုံးမှာလည်း တောင်ခိုးများတဝေဝေဆိုင်းနေ၏။ အုံ့ပျပျတောတန်းကြီးမှ ထွက်လာသော အသံဗလံကြီးများကြောင့် ချိန်ကွမ်းစိတ်ထဲတွင် တစ္ဆေသရဲတို့၏ နာနာဘာဝ အော်သံတွေများလားပင် ထင်မြင်မိ၏။

မိုးလက်ဝဲလောင်စုကတော့ သွေးအေးအေးပင်။



သည်ခရီးကို ဖြတ်သန်းသွားဖူး လာဖူးခဲ့သည်မို့ ဘာမှမဖြစ်သလိုပင်။

ထိုစဉ် လောင်စုက ခြေလှမ်းကို တုန့်ကနဲရပ်ရင်း. . .

"နေဦးလူကလေး၊ ဒါ အတော့်ကို ထူးခြားတဲ့ အသံဗလံတွေပဲ။ ဦးကြီးအနေနဲ့ ခုလိုခရီးကို သွားခဲ့ဖူးပေမယ့် အော်သံ ငိုသံတွေကို မကြားဖူးဘူးကွ၊ ခုတော့ အတော့်ကို ထူးဆန်းတာကွ၊ တို့ သတိထားနေမှ ဖြစ်မယ့်ဟေ့"

"ဟင်. . . ဘာကောင်တွေလဲ ဦး၊ ဟို လူတွေကောဟင်"

"အဲ့ဒါ မနုဿန္တကမြူဆွယ်သံတွေ ဖြစ်နိုင်တယ်ကွ"

"ဗျာ. . . . မနုဿန္တ ဟုတ်လား ဦးကြီး"

"အေး . . . ကဲ. . . လာ. . . လာ၊ ငါတို့ သွားကြည့်ရအောင်"

"ဟုတ်. . . . ဟုတ်ကဲ့"

ချိန်ကွမ်းသည် မမြင်ဖူး၊ မကြားဖူးသည်မို့ အံ့အားသင့်နေ၏။ ထို့ကြောင့်လည်း ရင်တထိတ်ထိတ်နှင့် လောင်စုခေါ်ရာနောက်သို့ လိုက်ခဲ့၏။

သူတို့နှစ်ဦးသည် ဝက်သစ်ချရွက်တွေ တဖြောဖြော

ကျနေသည့် တောင်ကုန်းဘက်သို့ တက်ခဲ့၏။ ထိုစဉ် တဝုန်းဝုန်းနှင့် ရေကျသံတွေကိုလည်း ကြားလိုက်ရပြန်၏။

သူတို့နှစ်ဦး တောင်ကုန်းပေါ်သို့ ဖြည်းဖြည်း စ,တက်ခဲ့ကြပြီး ကျောက်တောင်ကြီးတွေကြားမှ တိတ်တခိုး ချောင်းကြည့်လိုက်ကြ၏။

"ဟာ"

"ရှူး . . . တိုးတိုး"

"ဟင် . . . ဘာ . . . ဘာကောင်ကြီးတွေပါလိမ့်"

ချိန်ကွမ်းအကြီး အကျယ်ထိတ်လန့်သွား၏။ တောင်ကုန်းတစ်ဘက်ရှိ ရေတံခွန်အောက်ဘက်တွင် သတ္တဝါကြီးလေးငါးဆယ်ကောင် ရေဆော့နေ၏။ အသွင်မှာ အလွန်ထူးဆန်းလှ၏။ ခန္ဓာကိုယ်နောက်ပိုင်းမှာမူ သမင်၊ ဒရယ်များ၏နောက်ပိုင်းအသွင်နှင့် တူလှ၏။ အမြီးတစ်ချောင်းပါရှိပြီး ခြေလေးချောင်း သတ္တဝါကြီးတွေဖြစ်ကြ၏။

တစ်သက်မှာ သည်တစ်ခါပင် မြင်ဖူးသည်မို့ ချိန်ကွမ်းရော လောင်စုပါ အံ့အားသင့်နေကြ၏။ ယောကျ်ားသံကြီးတွေနှင့် တဟားဟား ရယ်မောနေသော သတ္တဝါကြီးများ၏ အော်သံများမှာလည်း အသည်းထိတ်ဖွယ်ကောင်းလှ၏။



သူတို့နှစ်ဦးမှာ အလွန်ထူးခြားလှသည့် မြင်ကွင်းမို့ ခရီးဆက်ဖို့ပင် မေ့နေကြ၏။ ထိုစဉ် သတ္တဝါထီးကြီး နှစ်ကောင်သည် သူတို့၏ရှေ့ခြေကြီးများကို မြှောက်ကာ စိတ်ဆိုးမာန်ဆိုးနှင့် တဝုန်းဝုန်း တိုက်ခိုက်ကြပြန်၏။

လူနှစ်ဦး သတ်ပုတ်လုံးထွေးရင်း အော်ဟစ်နေကြသည့်ပမာပင် ထိုသတ္တဝါကြီးနှစ်ကောင် တိုက်ခိုက်နေကြစဉ် ချောင်းဘေးရှိ ကျောက်စရစ်မြေပေါ်တွင် ခွေအိပ်နေသော သတ္တဝါကြီးမှာ တဟီးဟီး အော်ဟစ်လေတော့၏။

တအောင့်မျှအကြာတွင် တစ်တောလုံး သူတို့နှစ်ကောင်၏ အသံဗလံများလွှမ်းလာ၏။ ထိုအခါသတ္တဝါကြီးအချို့မှာ ထိတ်လန့်ခုန်ပေါက်ပြီး ထွက်ပြေးကုန်၏။

နောက်ဆုံး တဝုန်းဝုန်းနှင့် ခုန်ပေါက်တိုက်ခိုက်နေကြသော သတ္တဝါကြီးနှစ်ကောင်အနက် တစ်ကောင်မှာ ဝုန်းကနဲလဲကျပြီး သေဆုံးသွားလေ၏။ ထိုအခါ သူတို့နှစ်ဦးဘေးတွင်ရှိသော သတ္တဝါကြီးမှာလည်း ဝုန်းကနဲလဲကျသေဆုံးသွားလေတော့သည်။

ထိုအဖြစ်အပျက်များ အဆုံးသတ်သွားသည်နှင့် တိုက်ပွဲတွင် အနိုင်ရသည့် သတ္တဝါကြီးသည် တောထဲသို့

ကဆုန်ပေါက် ဝင်ပြေးသွားလေတော့သည်။

တိုက်ပွဲကြီး ပြီးဆုံးသွားပေမယ့် သူတို့နှစ်ဦးမှာ တအံ့တသြဖြစ်နေ၏။

"ဟာ . . . ဒီမြင်ကွင်းကတော့ အတော့်ကို မြင်ရခဲဲ့ဟဲ့ မြင်ကွင်းပဲဟေ့"

"ဟုတ်ပ . . . ဦးကြီးရာ ကျွန်တော်လည်း တစ်ခါမှ မမြင်ဖူးပါဘူးဗျာ"

"ကဲ . . . လာ. . . လာခဲ့ အဲ့ဒီ သေနေတဲ့ သတ္တဝါကြီးတွေအနား သွားရအောင်"

"ဖြစ်ပါ့မလား"

နှစ်ဦးသား တောင်ကုန်းပေါ်မှ ဆင်းခဲ့ကြပြီး ရေတံခွန် စီးဆင်းနေသော ချောင်းစပ်သို့လျှောက်ခဲ့ကြ၏။ သတ္တဝါကြီးမှာ မျက်လုံးနှစ်ဘက်လုံးပွင့်ထွက် သေဆုံးနေ၏။ သွေးရောင်မှာ မည်းမည်းပြစ်ပြစ်ဖြစ်ပြီး ခန္ဓာကိုယ်ပေါ်စီးကျနေသည်။

သူ့နံဘေးတွင် လဲကျသေဆုံးနေသူ သတ္တဝါကြီးမှာတော့ ရင်အစုံပွင့်၍ သေဆုံးနေပေ၏။

"ဟာ . . . ဒါအဖိုကြီး သေသွားလို့ အမလဲ ရင်ကွဲ



နာကျပြီး သေဆုံးသွားတာ ဖြစ်ရမယ်ကွ"

"ထူးဆန်းလိုက်တာနော် . . . ဒါ . . . ဒါပေမယ့် ဟိုအနံ့က အတော့ကိုဆိုးတယ်နော်"

"အေးကွ . . . အတော့ကိုညှီတာပဲ"

နှစ်ဦးသား သတ္တဝါကြီးတွေနား မကပ်ရဲကြ။ အညှီနံ့က စူးရှလှ၏။

ထိုအချိန်တွင် တကွဲကွဲ အော်သံကြီးတွေနဲ့ အတူ ခြကောင်ကြီးတွေ၏ ပုံစံနှင့် တူလှသောသတ္တဝါအုပ်ကြီး တောထဲမှ ထွက်လာသည်ကို တွေ့လိုက်ရသဖြင့် နှစ်ဦးသား ရေတံခွန်တစ်ဘက်ရှိ ကျောက်ဂူဘေးတွင် ဝပ်နေလိုက်ကြ၏။

ထိုစဉ် ထိုခြလိုလို သတ္တဝါအုပ်ကြီးမှာ သူတို့၏ချွန်မြသော နှုတ်သီးကြီးများနှင့် လူလိုလို သမင်လိုလို သတ္တဝါကြီးများကို တစွပ်စွပ်ထိုးကာ စားသောက်နေတာကို အံ့သြစွာတွေ့လိုက်ရ၏။

"ဟာ . . . ခြကြီး တွေမဟုတ်လား ဦးကြီး"

"ဟုတ်လိမ့်မယ်ကွ . . . အတော့ကို ထူးဆန်းတဲ့ ဒေသပါလား"

"ဟုတ်ပါ . . . ဦးကြီးရယ် ကျွန်တော်တော့ အံ့

အားသင့်လို့ကို မဆုံးပါဘူးဗျာ"

နှစ်ဦးသား ထူးဆန်းလှသည့် မြင်ကွင်းများကို ကြည့်ရင်း ကျောက်ဂူနံဘေးတွင် တစ်အောင့်တနား အပန်းဖြေလိုက်၏။

ထိုအချိန်တွင် ခြလိုလိုသတ္တဝါကြီးများမှာ စားသောက်ပြီးသည်နှင့် တောထဲသို့ ပြေးဝင်သွားကြလေ၏။ ချိန်ကွမ်းသည် သူတစ်ယောက်တည်း ရေတံခွန်အောက်သို့ ထွက်ခဲ့၏။ အချိန်မှာ နေဝင်ရီတရော အချိန်ဖြစ်၏။

ချိန်ကွမ်းသည် ရေတံခွန်အောက်မှ ဖြတ်ကျော်ပြီး သတ္တဝါကြီးတွေ တိုက်ခိုက်သည့် နေရာသို့ ရောက်လာ၏။

" ဟာ . . . အရိုးတောင်မကျန်တော့ပါလား"

မြင်ကွင်းကိုကြည့်ရင်း အံ့သြနေ၏။ ခြကြီးတွေစားသွားသည်မှာ သတ္တဝါကြီးတွေ၏ အရိုးပင် မကျန်တော့။ ချိန်ကွမ်းသည် ချောင်းရိုးဘေးနားထိုင်ရင် ကိုယ်လက်သုတ်သင်လိုက်သည်။

"ဟာ . . . ခြကြီး တွေရဲ့ခြေရာပါလား"

သောင်စပ်သဲမြေပေါ်တွင် ခြကြီးတွေရဲ့ ခြေရာကို တွေ့လိုက်ရသဖြင့် ခြေရာအတိုင်းလိုက်ခဲ့ရာ တောအုပ်ထဲ



ရောက်ရှိလာ၏။

ထိုစဉ် တရှူးရှူးနှင့် အော်သံကြီးတွေကြောင့် သစ်ပင်တစ်ပင်နောက်တွင် ပုန်းကွယ်ပြီး အသံလာရာကိုကြည့်လိုက်၏။

လင်းတငှက်အုပ်ကြီး တစ်အုပ်သည် တောင်ပို့ကြီးတစ်လုံးပေါ် ဝဲပျံရင်း တွေ့သမျှခြလိုလို သတ္တဝါကြီးများကို ဆိတ်ပေါက်စာပစ်နေ၏။

အချိန်အနည်းငယ်မျှ အကြာတွင် ခြလိုလို အကောင်ကြီးများမှာ အရိပ်အယောင်ပင် မမြင်ရတော့။ ထိုအခါ လင်းတကြီးများသည် တောင်ပို့ကို တောင်ပံအစုံနှင့် တဝုန်းဝုန်း ရိုက်ကာဖြိုလှဲလိုက်၏။

ချိန်ကွမ်းမှာ ပြိုကျသွားသော တောင်ပို့ကိုကြည့်ရင်း အံ့အားသင့်နေ၏။ နောက်ဆုံး ပုန်းကွယ်နေရာမှ ထွက်ကာ လက်ထဲမှ ဝါးစိမ်းထုတ်နဲ့ လင်းတအုပ်ကို မောင်းထုတ်ပစ်လိုက်၏။

" ဟာ . . . ဘာကြီးပါလိမ့်"

ပြိုကျနေသော တောင်ပို့အလယ်တွင် လက်သီးဆုပ်ခန့်ရှိသော ဖြူဖြူဥကြီးကို တွေ့လိုက်ရသဖြင့် ယူကြည့်လိုက်

၏။ ဥကြီးမှာ အလွန်ပင်နူညံ့လှပြီး အနံ့အသက်ကလည်း မွှေးကြိုင်နေ၏။ မြင်ရုံနှင့် စားချင်စဖွယ်ပင်။

အနံ့အသက်ကြောင့် ချိန်ကွမ်းဆာကာတာ ဖြစ်လာပေရာ ဖြစ်ချင်တာဖြစ်ဆိုပြီး ဥကြီးကို စားကြည့်လိုက်၏။

"ဟာ . . . ဆိမ့်လှချည်လား။ ကေန္တ မြွေဥများလား . . . ဟာ ဒါမှမဟုတ် ခြတွေရဲ့ဥများလား"

သူ မစဉ်းစားတတ်တော့။ စားကောင်းကောင်းနှင့် စားလိုက်ရာ ဥတစ်လုံးလုံး ကုန်သွားလေတော့၏။ ထိုစဉ် သူ့ အနားသို့ လူရိပ်တစ်ရိပ်ရောက်လာသဖြင့် ဖြတ်ကနဲ လှည့်ကြည့်လိုက်ရာ လောင်စုကို တွေ့လိုက်ရသည်။

"ဟာ . . . မင်း ဟိုဥကြီးကို အကုန်စားလိုက်ပြီးလား"

"ဟုတ်တယ် . . . ဦးကြီး"

"ကောင်းရောကွာ . . . မင်းဟာတော်တော်ကို ကံထူးတဲ့ လူငယ်ပဲကိုး . . . အဲ့ဒီဥကို စားရတဲ့လူဟာ နတ်သြဇာကိုစား လိုက်ရသလိုပဲ၊ ခွန်အားလည်း ကြီးမားသလို ဉာဏ်ရည်လည်း ထက်မြက်နိုင်တယ် . . . ဒီသတ္တဝါကြီးတွေရဲ့ ဥကိုတော့ ဒီလိုရှောင်ဆက်တောင် တစ်ဝိုက်မှာ နေတဲ့လူတွေ



လိုချင်လွန်းလို့ ရှာနေတာ ကြာပြီကွဲ့"

" ဟင် . . . ဒါဆိုရင် ကျွန်တော် စားလိုက်တာ ကောင်းပါ့မလား ဆရာကြီး"

" အေး . . . မင်း ရဲ့ကုသိုလ်ပေါ့ကွာ . . . မကောင်းဘူးတော့ မရှိဘူး . . . မင်း စားလိုက်တဲ့ဥကို စားချင်လို့ရှာနေတဲ့လူတွေ တစ်ပုံကြီးပဲကွဲ့၊ ကဲပါကွာ မင်း ဒီကိစ္စကို ဘယ်သူ့မှ အသိမပေးနဲ့ ကြားလား ချိန်ကွမ်း"

"ဟုတ်ကဲ့ . . . . . ဦးကြီး"

"ကဲ . . . . ဒါဆို တို့ခရီးဆက်ကြစို့"

"ဟုတ်ကဲ့ . . . ဦးကြီး"

ပြောပြောဆိုဆိုနှင့် သူတို့ခရီးဆက်ခဲ့ကြ၏။ တာစုတောင်တန်းကြီးမှာ တချို့က မှော်တောင်တန်းဟုပင် ခေါ်ကြ၏။ မသွားတတ်လျှင် ဝက်ဘာကြီးသဖွယ် တလယ်လယ်ရှိတတ်သည်။

ယခုလည်း လောင်စုနောက်မှ ချိန်ကွမ်းတစ်ယောက် လိုက်လာခဲ့ရသော်လည်း မြင်သမျှအရာအားလုံးမှာ ယခင်ခရီး၌ မြင်ခဲ့ဘူးသော သဘာဝများနှင့် ထပ်တူညီမျှဖြစ်နေသဖြင့် သွားရန်မလွယ်ကူသော ခရီးဟု ချိန်ကွမ်းခံစားမိ၏။

တဖြည်းဖြည်းနှင့် သူတို့နှစ်ဦး တောင်တန်းကြီး အနောက်ဘက်ရှိ ရွာကလေးအနီးသို့ ရောက်ရှိလာခဲ့ကြသည်။

* * * * *

အချိန်အခါမှာလည်း ညနေစောင်းသွားပြီးဖြစ်သည်။ ရွာကလေးမှာ အိမ်ခြေသုံးဆယ်ခန့်သာရှိပြီး အိမ်ကလေးများကို ဝက်သစ်ချသစ်လုံးကလေးများနှင့် တည်ဆောက်ထားသည်။

လောင်စုသည် အိမ်ကလေး တစ်အိမ်ရှေ့တွင် ရပ်လိုက်ပြီး တံခါးခေါက်လိုက်ရာ အထဲမှ အဘိုးအိုတစ်ဦး ထွက်လာသည်။

လက်ထဲတွင်လည်း မီးခွက်တစ်ခွက်ကို ထွန်းညှိကိုင်ထား၏။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးကလည်း ဖြူဆွတ်နေကာ ရင်ခေါင်းရောက်တမျှ ရှည်လျားလှသည်။

လောင်စုသည် အဘိုးအိုကိုမြင်သည်နှင့် ဖော်ရွေသော အပြုံးနှင့် နှုတ်ဆက်လိုက်သည်။

"အိပ်ပြီလား အစ်ကိုကြီး ဟူကျင်းရဲ့"



"ဩော်. . . ဘယ်သူလဲလို့ မိုးလက်ဝဲကြီးကိုး၊ ကျုပ်တောင် မယုံနိုင်စရာဘဲ၊ ကဲ. . . အထဲကို ဝင်ကြဗျာ"

"ဟုတ်ကဲ့"

သူတို့နှစ်ဦး အထဲသို့ ဝင်လိုက်ကြသည်။ အထဲရောက်သည်နှင့် သားရည်ချပ် ခင်းထားသည့် ကြမ်းပြင်ပေါ်တွင် ထိုင်လိုက်ကြသည်။

"မယုံနိုင်ဘူးဗျာ. . . ကျုပ်အိပ်မက် မက်နေသလားတောင် အောင့်မေ့တယ်"

"ဘာကိုလဲ အစ်ကိုဟူကျင့်ရဲ့"

"ဩော်. . . ညီလေး သေသွားပြီဆိုတဲ့သတင်းကို ကျုပ်တို့ကြားခဲ့တာ ကြာပြီဗျ။ ကျုပ်ဖြင့် စိတ်မကောင်း လိုက်ရတာလေ၊ ခုတော့လည်း ဘယ်လိုလုပ်ပြီး အသက်ပြန်ရှင်လာပါလိမ့်မယ်၊ ညီလေးဟာ လူအစစ်ပဲနော်"

"ဟာ အစ်ကိုကြီး ဟူကျင်းကလဲ ဘာတွေပြောနေတာလဲ မသိဘူး၊ အင်း. . . ကျွန်တော် သတင်းကလဲ သိုင်းလောကတစ်ခုလုံး ပျံ့နေတာပါလား"

"ဟုတ်တယ် ညီလေးလောင်စု၊ အစ်ကိုတော့ လုံးလုံး မယုံတော့ဘူး။ အတော့်ကို အံ့ဩစရာကောင်းတဲ့ အဖြစ်

တွေပါလား"

"ကြာခဲ့ပြီကိုး၊ ကဲပါ. . . အစ်ကိုကြီးရယ် ဒါတွေကို မေ့ လိုက်ပါတော့ဗျာ။ ကျုပ်သိချင်တာ ဒီဘက်ကို ဘယ်သူတွေ လာသေးလဲဗျ"

"အင်း. . . ခုအချိန်မှာတော့ ယူနန်နယ်သဲက မွန်ဂိုတပ်တွေ မကြာခဏ အလာအသွားရှိတယ်ဗျ"

"ဩော်. . . . ဒီကောင်တွေ ဒီနယ်ကိုတောင် ကျူးကျော်လာကြကုန်ပြီကိုး"

"ဟုတ်ပ. . . ညီလေးရာ၊ သူတို့လာရင် ကျုပ်တို့မှာ နေစရာ ကို မရှိတော့ဘူး၊ သူတို့လာရင် ကြက်၊ ဝက်၊ ဘဲက အစဆွဲ ထားပြီးတော့ ရွာကမိန်းမပျိုတွေဆိုလဲ ပုန်းအောင်းနေကြရတယ်၊ အခုလဲ ရွာထဲမှာ အမြဲ ကင်းပုန်းချထားရတယ်လေ၊ ဒီကောင်တွေတို့ မြေထဲလာတာ မြေနာလိုက်တာကွာ"

"ဟုတ်ပ့ါ. . . အစ်ကိုကြီးရာ၊ အင်းလေ . . . အချိန်အခါနဲ့ အခြေအနေကို ကြည့်ရဦးမှာပေ့ါ"

"ကဲ. . . အချိန်လဲ သိပ်မရှိတော့ဘူး၊ ညီလေးတို့ ဘာမှ စားရသေးမှာ မဟုတ်ဘူး။ ဒီတော့ အစ်ကိုကြီးစားဖို့ ပြင်လိုက်ဦးမယ်"



"ဟာ. . . နေပါစေ"

"အို. . . ဘယ်နေပါစေလဲ ရှိပါတယ်ကွာ"

"ဒါထက်. . . အစ်ကိုကြီး ဇနီးနဲ့သမီးရောဗျ"

"ဟာ. . . သူတို့ကို ဒီမှာ မထားရဲဘူးဟေ့၊ မွန်ဂိုကောင်တွေက ဘီလူးတွေထက် ဆိုးတယ်"

"ဩော်. . . ဒီလောက်တောင်ပဲကိုး. ."

"ဟုတ်ပ့ါ. . ကဲ. . ခဏနေကြဦး"

အဘိုးအိုကျင်းသည် နောက်ဖေးဘက်ဝင်ကာ သူတို့နှစ်ဦးစားဖို့အတွက် စီစဉ်နေသည်။ ထိုစဉ် လောင်စုက ချိန်ကွမ်းကို ကြည့်ရင်း ပြောလိုက်သည်။

"လူကလေး"

"ဗျာ. . ဦးကြီး"

"တို့ ဒီရွာမှာ စတည်းချမှဖြစ်မယ်။ ဒီနေရာကို ဟိုကောင်တွေလာဖို့ မလွယ်ဖူးလေ၊ တာဟူတောင်ကြီးကို ဒီကောင်တွေ မကျော်ရဲပါဘူး။ အဲဒီတောင်ပေါ်ကိုလဲ တော်ရုံတန်ရုံလူတွေ ခရီးမသွားရဲဘူး။ တကယ်တော့ တာဟူတောင်ဟာ မှော်တောင်တန်းလို့တောင် အမည်ပေးထားတာ၊ ဒီတော့ စိတ်ချလက်ချ နေနိုင်တာပေ့ါ"

"ဟုတ်ကဲ့ . ဦးကြီး"

ချိန်ကွမ်းသည် ရွာထဲဝင်လာကတည်းက အခြေအနေကိုကြည့်ပြီး ထူးထူးဆန်းဆန်း ခံစားနေရသည်။ ရွာလမ်းမကြီးပေါ်၌လည်း လူသူအရိပ်ယောင် မမြင်ရ၊ နောက်ဆုံးခွေးဟောင်သံပင် မကြားရသည်မို့ စိတ်ထဲ၌ တအံ့တသြ ဖြစ်နေသည်။

ထိုစဉ် သူတို့နှစ်ဦး အနီးသို့ အဘိုးအိုဟူကျင်းက စားသောက်ဖွယ်ရာများ ယူလာကာ ကျွေးမွေးလိုက်သည်။ နှစ်ဦးသား ခရီးကလည်း ပန်းလာရာ နွမ်းနယ်နေပြီမို့ စားသောက်ပြီးသည်နှင့် တစ်ရေးတစ်မော အိပ်စက်လိုက်ကြလေသည်။

* * * * *



## အခန်း(၆)

ချိန်ကွမ်းသည် ရွာကလေး၌ တစ်ပတ်ခန့် အနေကြာလာသောအခါ ရွာသူရွာသားများနှင့် ရင်းနှီးလာသလို အဘိုးဟူကျင်း အကြောင်းကိုလည်း သိလာရသည်။ ဦးကြီးလောင်စုမှာတော့ ရွာ၌သုံးရက်ခန့်နေပြီး မပြောမဆိုနှင့် ခရီးထွက်သွားသည်။ ချိန်ကွမ်းမှာ အဘိုးဟူကျင်း အိမ်၌နေထိုင်ရင်း လုပ်စရာမှန်သမျှ ဝိုင်းဝန်းလုပ်ကိုင်ပေးသည်။

ပြီးတော့ အဘိုးအိုဟူကျင်း အကြောင်းကို မေးမြန်းခဲ့ရာ တစ်ချိန်က သူတို့နေထိုင်ရာ ရွာကလေး၌ ရွာသူရွာသားများကို စာပေပညာ သင်ကြားပေးနေသော ကျောင်းဆရာဟောင်းတစ်ဦးဟု သိရသည်။ ထိုအခါ ချိန်ကွမ်းသည် အဘိုး

အိုဟူကျင်း နားကပ်ပြီး သူ့ကိုစာသင်ပေးဖို့ တတွတ်တွတ် ပြောပြခဲ့သည်။

အဘိုးအိုဟူကျင်းမှ ပထမတော့ ငြင်းပယ်သေးသည်။ အကြောင်းအရာကို မေးကြည့်တော့ မွန်ဂိုတပ်များက ရွာသို့ မကြာခဏ ရောက်လာတတ်ပြီး အဘိုးအိုဟူကျင်း၏ လုပ်ရပ်ကို သဘောမကျဟုဆိုကာ သူသင်ကြားနေသေးသော ရွာအနောက်ဖက် ကျောင်းကလေးပင် မွန်ဂိုတို့၏ လက်ချက်ကြောင့် ပြိုလဲခဲ့ရသည်ဟု သိရသည်။

ထိုအချိန်မှစပြီး အဘိုးအိုဟူကျင်း ကျောင်းဆရာအလုပ်ကို စွန့်လွှတ်ကာ စိုက်ပျိုးမွေးမြူရေး အလုပ်ကိုသာ ဇောက်ချလုပ်ခဲ့၏။

ယခုတော့ ချိန်ကွမ်းက သူ့ကိုတတွတ်တွတ် တောင်းဆိုသဖြင့် နောက်ဆုံးမှာ လိုက်လျောခဲ့ရလေသည်။ ထို့ကြောင့်လည်း သူတို့နှစ်ဦး လယ်ယာအလုပ်ခွင်က ပြန်လာတိုင်း စားသောက်ပြီးကြသည်နှင့် မီးခွက်ကလေးထွန်းကာ အဘိုးဟူကျင်းက စာသင်ပြလေတော့သည်။

ချိန်ကွမ်းကို အဘိုးဟူကျင်း အံ့အားသင့်နေသည်။ တစ်နှစ်စာလောက် ကြိုးစားပမ်းစားသင်ပါမှ တတ်နိုင်သော



အဆင့် စာများကိုပင် တစ်လအတွင်း သင်ယူနိုင်သဖြင့် အံ့အားသင့်နေသည်။ ချိန်ကွမ်းကတော့ အဘိုးဟူကျင်း သင်ပေးသမျှစာတွေကို ပါးစပ်က တတွတ်တွတ် ရေရွတ်နေတတ်သည်။ လယ်ယာခွင်ထဲ၌ ကျွဲနှစ်ကောင်နှင့် တစ်နေ့ကုန်လုံး ထွေးနေရသော်လည်း ချိန်ကွမ်းက စာအရွတ်မပျက်ချေ။

အချိန်ရသည့်နှင့် ခါးကြားမှ စာအုပ်ကလေးကို အမြဲတမ်း ရွတ်ဖတ်နေတတ်သည်။ ဟူကျင်းမှာ ချိန်ကွမ်း၏ သဲကြီးမဲကြီး သင်ယူလေ့ကျင့်မှုကို အံ့အားသင့်နေသည်။ သုံးလခန့်အကြာတွင် ချိန်ကွမ်းတစ်ယောက် အဆင့်မြင့် ရှေးဟောင်းစာပေကိုပင် အပြီးတိုင် လေ့လာနိုင်ခဲ့ပြီဖြစ်သည်။ ဦးကြီးလောင်စုမှာတော့ ရွာမှထွက်သွားကတည်းက အခုထိပင် ပြန်မလာသေးချေ။

ချိန်ကွမ်းသည် အဆင့်မြင့်ရှေးဟောင်း စာပေများကို တတ်မြောက်လာသောအခါ သူလျှို့ဝှက်စွာ သိမ်းဆည်းထားသော ကိုးမျက်နှာမကိုင်ရှုကြီးကို သတိရလာသည်။ မကိုင်ရှု သံမဏိချပ်ပေါ်မှ စာများကို ဖတ်ချင်စိတ်တဖွားဖွား ပေါ်ပေါက်နေ၏။ စင်စစ် အဘိုးဟူကျင်းထံမှ ပညာကိုအပတ်တကုတ် သင်ယူခဲ့ခြင်းမှာလည်း ယင်း ကိုးမျက်နှာမကိုင်ရှုပေါ်မှ

စာများကို ဖတ်ချင်လွန်း၍ ဖြစ်သည်။

ယခုတော့ အဆင့်မြင့်ပညာကိုပင် သင်ကြားတတ်မြောက်ခဲ့ပြီမို့ မကိုင်ရှုပေါ်မှစာများကို ဖတ်ရှု၍အကြံထုတ်နေသည်။ စင်စစ် ထိုကိစ္စကို လူမြင်မခံရဲ၊ အန္တရာယ်ရှိလွန်းလှသည်မို့ အဘိုးဟူကျင်းပင်မသိ သိမ်းဆည်းထားသည်။

ထို့ကြောင့်လည်း ကျွဲနှစ်ကောင်နှင့် ဂျုံစိုက်ပျိုးရန် ယာခင်းဘက်အသွားတွင် မကိုင်ရှုကြီးကိုမသိအောင် ယူသွားခဲ့လေသည်။ အဘိုးဟူကျင်းမှာ ခုတစ်လော မကျန်းမမာဖြစ်နေသည်မို့ သူနှင့်အတူ ယာထဲသို့ မလိုက်လာနိုင်ပေ။ ချိန်ကွမ်းသည် လုပ်ကိုင်သော ယာခင်းကလေးမှာ ရွာနှင့်ဝေးလံလှပြီး လူသွားလူလာ နည်းလှသည်။

ချိန်ကွမ်းသည် ကျွဲနှစ်ကောင်နှင့်တစ်နေကုန် အလုပ်လုပ်ပြီးသည်နှင့် ဝက်သစ်ချပင်အောက်တွင် ထိုင်ကာ မကိုင်ရှုပေါ်မှ စာတွေကို ကူးယူလိုက်လေသည်။ ထိုသို့ ခုနှစ်ရက်ခန့် စာတွေကို ကူးလိုက်အလုပ် လုပ်လိုက်ဖြစ်သာ အချိန်ကုန်ခဲ့ပြီး မကိုင်ရှုပေါ်မှစာတွေပြီး ဆုံးသွားသောအခါ မကိုင်ရှုကြီးကို နဂိုလျှို့ဝှက်စွာ သိမ်းဆည်းခဲ့သောနေရာ၌ ပြန်ထားလိုက်သည်။



ထို့နောက် အိပ်ရာဝင်သည်နှင့် စာအုပ်ကလေးကို ဖွင့်၍ဖတ်လိုက်သည်။ စာအုပ်ထဲမှစာတွေကို သုံးရက်ခန့် ကုန်စင်အောင်ဖတ်ပြီး သောအခါ ခေါင်းထဲ၌စွဲစွဲမြဲမြဲ မှတ်မိလာသည်။ ထိုအခါ စာအုပ်ကို မီးထဲပစ်ထည့်ကာ အစဖျောက်လိုက်ရသည်။

==အထူးသဖြင့် စာပါအကြောင်းအရာတွေက ထူးဆန်းလှသည်။ ကိုးမျက်နှာမကိုင်ရှုဆိုသည် အဓိပ္ပာယ်ကိုလည်း သူယခုမှ နားလည်လာသည်။

အမှန်တော့ သိုင်းသူရဲကောင်းကိုးဦး၏ သိုင်းပညာများကို လျှို့ဝှက်စွာ ရေးသားထားခြင်းဖြစ်သည်။ သိုင်းသူရဲကောင်းဆိုရာတွင်လည်း ိုင်းလောက၌တစ်ချိန်က အကြီးအကျယ်ဆုံးသော အောင်မြင်မှု အကျော်ကြားဆုံးဖြစ်သော သိုင်းထိပ်သီးကိုးဦး၏ သိုင်းပညာရပ်များပင် ဖြစ်ပေသည်။

ချိန်ကွမ်းသည် အဘိုးဟူကျင်းထံမှ စာကို အပတ်တကုတ်ကြိုးစား သင်ယူခဲ့ရသဖြင့် ယခုလို အဖိုးတန် သိုင်းကျမ်းကို ဖတ်ရှုခွင့်ရခဲ့ခြင်းဖြစ်သည်ဟု နားလည်မိ၏။ အဘိုးဟူကျင်းကိုလည်း သေတပန် သက်တစ်ဆုံးသည်အထိ ကျေးဇူးတင်နေမိသည်။

ထိပ်သီးသိုင်းသမား ကိုးဦးထဲ၌ ဦးကြီးလောင်စု၏ အမည်ကို တွေ့လိုက်ရသဖြင့် ချိန်ကွမ်းအံ့အားသင့်နေသည်။ စိတ်ဝင်စားဖွယ်ကောင်းလှသည်မို့ ချိန်ကွမ်းတစ်ယောက်ယင်း ကိုးမျက်နှာမည်သော ထိပ်သီးသိုင်းပညာရှင် ကိုးဦး၏ ပညာကို စာပါအတိုင်း လေ့ကျင့်ရန် ဆုံးဖြတ်လိုက်သည်။

သို့ပေတည့် စာထဲ၌ လေ့ကျင့်ပုံ လေ့ကျင့်နည်းများပါ ဖော်ပြထားပေရာ သိုင်းပညာကို လေ့ကျင့်စဉ် လူသူဝေးလံလှသည့် အရပ်ဒေသဆိတ်ငြိမ်ပြီး တောတောင်သဘာဝ ထူထပ်သည့် အရပ်တွင်သာ ကျင့်ရမည်ဖြစ်ကြောင်း ဖော်ပြထားသဖြင့် ရွာမှအပြီးတိုင် ထွက်ခွာရန်ဆုံးဖြတ်လိုက်သည်။

သို့ပေသည့် အဘိုးဟူကျင်းကို အသိမပေးရဲ ဖြစ်နိုင်လျှင် သူကျင့်ကြံသမျှ သိုင်းပညာအားလုံးကို လျှို့ဝှက်စွာ ကျင့်ကြံလိုသည်။

ထို့ကြောင့်လည်း တစ်ညတွင် အဘိုးအိုဟူကျင်း အိပ်ပျော်နေခိုက် ရွာမှအပြီးအပိုင် ထွက်ခဲ့ပြီး သူတစ်ချိန်က ရောက်ရှိခဲ့ဖူးသော တာစူတောင်တန်းကြီးပေါ် သို့ ပြန်တက်ခဲ့သည်။

တစ်ဦးတစ်ယောက်တည်း တောထဲတောင်ထဲ၌



လှည့်ပတ်နေထိုင်ခဲ့ပြီး နေရာဟောင်းကို ရွေးခဲ့ပေရာ နောက်ဆုံး ပေခြောက်ထောင်ခန့်အမြင့်မှ ကျနေသော ရေတံခွန်ကြီးအောက်ရှိ ဂူတစ်ဂူကို တွေ့ရှိလိုက်ရသည်။

ဂူမှာ သဘာဝဂူဖြစ်ပြီး ဂူအရှေ့ဘက်၌လည်း တစ်ရှိန်ထိုး စီးဆင်းနေသည့် ချောင်းငယ်လေးရှိသည်။

ချောင်းအနီးတဝိုက်တွင်လည်း သစ်ပင်ကြီး သစ်ပင်ငယ်တို့နှင့် စိမ်းလန်းဝေဆာနေသည်။

ချိန်ကွမ်းသည် ထိုဂူကြီး၌ပင် သိုင်းပညာလေ့ကျင့်ဖို့ ဆုံးဖြတ်လိုက်သည်။ သူနှင့်အတူ မခွဲတမ်း မခွာတမ်း လိုက်ပါခဲ့သူမှာတော့ အခြားသူမဟုတ်ပါပေ၊ ငှက်ကြီးပင် ဖြစ်သည်။

ချိန်ကွမ်းကလည်း ငှက်ကြီးရှိနေသရွေ့ ဝမ်းရေးအတွက် မပူပင်ဟု တွက်ထားသည်။ ထို့ကြောင့်လည်း သူ နေထိုင်မည်ဟု ဆုံးဖြတ်လိုက်သည့် ဂူထဲသို့ ဝင်ခဲ့သည်။

ဂူမှာ အလျားရှည်ပြီး လူတစ်ရပ်စာ အေးအေးလူလူ သွားလာနိုင်သည်။ ကျောက်တုံး ကျောက်ခက်နှင့် ကျောက်ပန်းဆွဲများကလည်း နေရာအနှံ့ ထွက်ပေါ်နေသည်။

ထို့ပြင် ရေကောင်းရေသန့်ကိုလည်း ဂူထဲမှနေရင်း ရရှိနိုင်သည်မို့ ငမ်းသာအားရ ဖြစ်သွားသည်။

ဂူထဲရောက်ရှိပြီးသည့် နောက်တစ်နေ့ နံနက်ခင်း ရောက်သည်နှင့် သူ ဦးဆုံးကျင့်စဉ်မှာ တရုတ်ပြည်မြောက်ပိုင်း သိုင်းဆရာကြီး ရီလင်တန်း၏ ကိုယ်ပွားလှိုင်းခွဲ ပညာပင် ဖြစ်သည်။

အံ့ဩစရာလည်း ကောင်းလှသလို မယုံနိုင်ဖွယ်ရာလည်း ကောင်းလှသည်။ ထို့ပြင် ဆရာကြီး ရီလင်တန်း၏ ပညာကို သင်ကြားစဉ် သားကြီးငါးကြီးနှင့် သက်ရှိသတ္တဝါတို့၏ အသက်ကို လုံးဝမစားရန် တားမြစ်ထားခြင်းပင် ဖြစ်သည်။

ထို့အပြင် အိပ်ချိန်ကိုလည်း တစ်နေ့လျှင် သုံးနာရီသာ ပေးထားပြီး အိပ်ရမည့်နေရာမှာလည်း ရေတံခွန် (သို့) စမ်းချောင်းများထဲ၌သာ ဖြစ်သည်။

ထူးခြားနက်နဲလှသည်ပညာမို့ ချိန်ကွမ်းတစ်ယောက် ဆရာကြီး၏ ဩဝါဒအတိုင်း လိုက်နာရမည်ကို တွေး၍ ကြောက်မိသေးသည်။

သို့ပေသည် သူ့ အာသီသပြင်းသည်မှာ ထိပ်သီး သိုင်းသမားတစ်ဦးဖြစ်ရန်သာ ဆန္ဒရှိနေသဖြင့် အသက်ပင် သေသေ မရ,ရအောင် ကျင့်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။



ထို့ကြောင့် ကိုယ်ပွားလှိုင်းခွဲဆိုသည့် သိုင်းပညာကို ကျင့်ရန်အတွက် ဂူထဲမှ ထွက်ခဲ့ပြီး စာပါလေ့ကျင့်ခန်းကို အပြင်းအထန် လေ့ကျင့်သည်။

ဦးဆုံးအခက်အခဲ တွေ့နေရသည်မှာ အိပ်ဖို့ ကိစ္စပင် ဖြစ်သည်။ ရေတံခွန်အောက်တွင် အိပ်ရမည်ဆိုသည်မှာ လွယ်သည့်ကိစ္စတော့ မဟုတ်ပါချေ။

ချိန်ကွမ်းသည် ကိုးမျက်နှာကျမ်းပါ လေ့ကျင့်ခန်းများကို တောတန်းထဲ၌ လေ့ကျင့်ခဲ့သည်။

လေ့ကျင့်ခါစတွင် စိတ်တထင့်ထင့် ဖြစ်နေသော်လည်း တကယ်တန်း လေ့ကျင့်ကြည့်သောအခါ ခြေထောက်တွေ လက်တွေကအစ ပျော့ပျောင်းလာပြီး တင်းမာနေသော သွေးကြောများလည်း တဖြည်းဖြည်း ပုံမှန်အနေအထား ဖြစ်လာရသည်။

ဆရာကြီး ရီလင်တန်း၏ ပညာက သွေးကြောများကို တစ်ကြောချင်း ခွဲထုတ်ပြီး လေ့ကျင့်သည့်ပညာ ဖြစ်ပေရာ လွန်စွာမှ ခက်ခဲနက်နဲလှသည်။

သွေးကြောတွင် သွားလာလှည့် ပတ်နေသော သွေးစီးကြောင်းများမှာလည်း တဖြည်းဖြည်း လာရာလမ်းကို

ဖွေဖိကုန်၏။ သူ့စိတ်ထဲ၌ သွေးကြောမျှင် အားလုံးထဲ၌ သွေးရည်များဖောက်ထိုးဖြစ်၍ လည်ပတ်နေ ကြသည်ဟု ခံစားမိသည်။

ထိုအချိန်၌ သူ့ခန္ဓာကိုယ် ရှိသေးသည်ကိုပင် သတိမရတော့။ ကျင့်စဉ်တွေကလည်း ခန္ဓာကိုယ်၏သုံးဆယ့်နှစ်ကောဋ္ဌာသကို ပိုင်းခြားပြီးကျင့်ရသည့် အကျင့်ဖြစ်ရာ ဦးခေါင်းပိုင်း၊ လည်ပင်ပိုင်း၊ ရင်အုပ်ပိုင်းစသည်ဖြင့် ခန္ဓာကိုယ် အစိတ်အပိုင်းများ၏ တစ်ခုခြင်းလှုပ်ရှားမှုကိုပါ ချိန်ကွမ်း သဘောပေါက်သည်။

အချက်ကျကျ လှုပ်ရှားနေသော ခန္ဓာကိုယ်ထဲ၌ အခိုးအငွေ့များ ထွက်လာသလားပင် အောင့်မေ့ရ၏။ နေဝင်ချိန် ရောက်သည့်အခါ လေ့ကျင့်မှုကို ရပ်လိုက်ပြီး အသီးအနှံတွေကို စားသောက်လိုက်သည်။ ထို့နောက် ရေတံခွန်အောက်၌ အိပ်စက်လိုက်သည်။

အိပ်ခါစတော့ စိတ်ထဲ၌ မရွံ့မရဲဖြစ်နေ၏။ သို့ပေသည့် ခန္ဓာကိုယ်ကထွက်လာသော အပူဓာတ်ကြောင့် ရေစက် ရေမှုန်များမှာ ချက်ချင်းပင် အခိုးအငွေ့ဖြစ်ကုန်ပေရာ မျက်စိစုံမှိတ်ပြီး ရေတံခွန်အောက်တွင် အချိန်ကြာမြင့်စွာ



ထိုင်နိုင်ခဲ့လေသည်။

ချိန်ကွမ်းမှာ ကိုးမျက်နှာကျမ်းပါ ဆရာကြီး ရီလင်တန်း၏ ကျင့်စဉ်ကို သဲကြီးမဲကြီးနှင့် အထက်ပါအတိုင်း နေ့စဉ်ကျင့်ခဲ့ပေရာ တစ်လပြည့်မြောက်သည့် အခါတွင် သူ့တစ်ကိုယ်လုံး ပေါ့ပါးသွက်လက်ကာ သစ်ရွက်ကလေး တစ်ရွက်လို ဖြစ်လာသည်။

ရေတံခွန်အောက်တွင် တစ်ယောက်တည်း လေ့ကျင့်ရင်း ငှက်ကြီးနှင့်အတူ မနေမနား တိုက်ခိုက်ခဲ့သည်။ ငှက်ကြီးမှာ ချိန်ကွမ်းကိုကြည့်ရင်း ခေါင်းခြောက်လာပုံပင် ချိန်ကွမ်းကို မဖမ်းနိုင်သဖြင့် ငှက်ကြီး ဟော. . . ဟဲ ဆိုက်နေသည်။

ဆရာကြီးရီလင်တန်း၏ ကိုယ်ပွားလှိုင်းခွဲအဆင့်မှာလည်း ခြောက်ဆင့်မြောက်ခဲ့ပြီမို့ သူကိုယ်ပွား ခြောက်ဆယ်ကို ခွဲထုတ်နိုင်ခဲ့သည်။

ချိန်ကွမ်းမှာ သူ့ကျင့်စဉ်ကို သူ တွေးရင်း တစ်ယောက်တည်း ဝမ်းသာအားရ ဖြစ်နေသည်။ ထူးဆန်းနက်နဲလှပြီး အခက်ခဲဆုံးသော အဆင့်တွေကို ရဲရဲရင့်ရင့် ဖြတ်ကျော်ခဲ့ပြီမို့ ကျေနပ်အားရနေသည်။

ထို့ပြင် ဆရာကြီး ရီလင်တန်းကိုလည်း စိတ်ထဲမှာ

အထူးပင် ကျေးဇူးတင်ရှိနေသည်။

ထိုအချိန်တွင် ရွာမှထွက်ခွာသွားသည့် လောင်စုမှာတော့ ယန်ရေတံခွန်ဘေး ရောက်ရှိနေသည်။ စိတ်ထဲတွင်လည်း လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က အတွေးတွေ တရေးရေး ရစ်ဝဲနေသည်။

ရေတံခွန်ကြီးမှာ ပေတစ်သောင်းခန့် အမြင့်ရှိပြီး အောက်ဖက်တွင် စီးဆင်းနေသော ချောင်းငယ်ကလေးကို မှုန်ပြပြ မြင်နေရသည်။

တစ်ချိန်က သူရပ်နေသော ကျောက်ခွက်ကြီးဘေးမှနေ၍ သူ့မိတ်ဆွေကြီး ဆိုချင်စု ပြုတ်ကျသွားခဲ့ဖူးသည်။ မျက်လုံးထဲတွင် ကြေကွဲဖွယ်ရာအရိပ်တွေ တဖွားဖွား မြင်လာသည်။

ဆိုချင်စု၏ အော်သံ၊ မိစ္ဆာသိုင်းအဖွဲ့ကြီး၏ အောင်ပွဲခံသံများက နားထဲတွင် ပဲ့တင်ထပ်လာ၏။ သူ့ ဘယ်တော့မှ မမေ့နိုင်သည့် အဖြစ်ပင်။

စင်စစ် ဆို့ချင်စုမှာ သူနှင့်ညီလို အစ်ကိုလိုနေခဲ့ကြသည့် မိတ်ဆွေကြီးဖြစ်၏။ မတရားမှုကို တစ်စက်ကလေးမျှ မနှစ်သက်သူ၊ ပြီးတော့ မကောင်းမှု မှန်သမျှကို အမြစ်က



မကျန် လိုက်လံသုတ်သင် ချေမှုန်းခဲ့သူဖြစ်၏။ ထို့ကြောင့်လည်း ဆိုချင်စု၏အမည်ကို ကြားသည်နှင့် မိစ္ဆာဂိုဏ်းသားအားလုံး အသံပင်ရဲရဲ မထွက်ဝံ့ကြသည့် အခြေအနေသို့ ရောက်ရှိခဲ့၏။ ဆို့ချင်းစုနှင့် ကြုံခဲ့ရသော အချိန်ကာလကို သူ အမှတ်ရနေသေးသည်။ သူ လုံးဝမမေ့နိုင်သော နေ့ကလေးတစ်နေ့ပင်။ ထိုစဉ်က ရွာကလေး တစ်ရွာမှထွက်ခဲ့ပြီးတော့ ယန်ရေတံခွန်ကြီး တည်ရှိသည့် "ရီးယို" တောင်ကြီးပေါ်သို့ သူ ရောက်ရှိခဲ့သည်။

သူ့အသွင်မှာ သူတောင်းစားကြီးအသွင်မို့ သူ့ခိုး၊ ဓားပြရန်ကို သူမမှုချေ။ တစ်ယောက်တည်း သီချင်းကလေး တကျော်ကျော်နှင့် တောင်ခြေရှိ ဇရပ်ကြီးတစ်ဆောင်ရှိရာသို့ လာသည်။ ဇရပ်ကြီး တည်ဆောက်ထားသည့် နှစ်ပေါင်းကြာမြင့်သည့်အသွင်ပင် တိုင်လုံးကြီးတွေမှာလည်း လူတစ်ဖက်စာခန့်ရှိ၏။ ကြမ်းခင်းတစ်ချို့ တစ်ဝက်မှာတော့ ကျိုးပဲ့နေ၏။ ခေါင်းမိုးကြီးမှာလည်း အပေါက်အပြဲတွေနှင့် ကြယ်မြင်လမြင်းဖြစ်နေသည်။

လောင်စုသည် ဇရပ်ကြီးပေါ် တက်ခါစ တစ်အောင့်တနား အပန်းဖြေပြီး တောင်းရမ်းလာသော အစားသောက်

များကို ထုတ်ယူ၍ စားသောက်သည်။ ထိုစဉ် ဇရပ်ကြီးပေါ်မှ ထူးဆန်းသော အသံကြီးတစ်သံကို ကြားလိုက်ရသည်။

"ဘယ်သူလဲကွ. . ငါ့ကို ခွင့်မတောင်းပဲ ဇရပ်ပေါ် တက်လာတာ. ."

"ဗျာ. ."

"ပြောလေကွာ. . ."

လောင်စုသည် အသံလာရာသို့ သမင်လည်ပြန် ကြည့်ပြီးရှာရာ ထုတ်တန်းပေါ်တွင် သူနှင့်ရွယ်တူ လူကြီး တစ်ဦး ထိုင်နေသည်ကို တွေ့လိုက်ရသည်။

ထိုစဉ်က မြင်မြင်ခြင်း သရဲတစ္ဆေလိုပင် ထင်မှတ်မိသည်။ မျက်နှာရှည်ရှည်၊ မျက်လုံးပြူးပြူး၊ မျက်ခုံးမွေးကြီးများလည်း မျက်လုံးပေါ်တွင် အုပ်နေသည်။

ထူးဆန်းသည်မှာ ငယ်ထိပ် အလယ်တည့်တည့်တွင် ဆံပင်တွေ လုံးဝမရှိဘဲ နားသည်စတွင်သာ ဆံပင်မွေး တစ်ပင်နှစ်ပင်ခန့် ရှိသည်။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကလည်း နှုတ်ခမ်း တစ်ဝိုက်တွင် ရှုပ်ထွေးနေသည်။ သူသည် အသံရှင်ကို လှမ်းပြုံးပြရင်း ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်သည်။



"ကျုပ် နာမည် လောင်စုပါ၊ အရပ်တကာလှည့်ပြီး တောင်းရမ်းစားနေတဲ့ သူတောင်းစာ လောင်စုပေါ့ဗျာ. . . ဟဲ. . ဟဲ. . ခုလည်း ဒီဇရပ်မှာ ဘယ်သူမှမရှိဘူးအထင်နဲ့ တက်လာမိတာပါဗျာ၊ ကဲ. . ကျုပ် တောင်းလာတာ စားပါဦးလား"

"တော်စမ်းပါကွာ. . မျက်နှာပြောင်စပ်စပ်နဲ့ ငါ့ကို လှောင်နေတာလား၊ ဒါ ငါ့ရဲ့နယ်ကွ. . မင်း အခုလို ပိုင်ရှင်ကို ခွင့်မတောင်းပဲ ဝင်လာတာ စော်ကားတာပဲကွ. . ."

"ဟာ. . အစ်ကိုကြီးကလဲဗျာ. . ဇရပ်ပိုင်ရှင်ဖြစ်ချင်တာကိုး. . နေစမ်းပါဦးဗျ၊ ခင်ဗျားက ဇရပ်ပိုင်ရှင် သိပ်ဖြစ်ချင်ရအောင် ခင်ဗျားရော ပိုင်ရဲ့လားဗျ၊ ဟား. . ဟား တော်တော် ရယ်စရာကောင်းတဲ့လူပဲ သတိလဲထားပါဦးဗျာ၊ ဘာမဟုတ်တာကို အဟုတ်လုပ်မနေစမ်းပါနဲ့. . . ဒီဇရပ်ကြီးတင် မဟုတ်ဘူး။ ဟောဒီလို တောင်ကြီးကိုရော သစ်ပင် ပန်းမာလာတွေရော အားလုံးအားလုံးဟာ ပိုင်ရှင်မဲ့တွေပဲဗျ၊ အားလုံး ကိုယ့်သဘော နဲ့ကိုယ် ဆောင်ရမည့်ကိစ္စတွေပါဗျ၊ ခင်ဗျား ခေါင်းထဲ သိပ်ရှုပ်ရှုပ်ထွေးထွေး မထားစမ်းပါနဲ့"

"အောင်မယ်. . . သူတောင်းစားက ကြီးကျယ်လို့၊

ဟော့ကောင်. . လောင်စု ငါဟာ မကောင်းမှုကို ပတ်သက်နေတဲ့ လူကွ၊ ငါ့မှာ တာဝန်ရှိတယ်။ ဒီတော့ မင်းတို့လို သူများလုပ်စာကို တောင်းပြီး အချောင်စားချင်စိတ်နဲ့ မဟုတ် မတရားလုပ်ချင်တဲ့မင်းလို သူတောင်းစားကို ငါ့မြေပေါ်မှာ အနင်းမခံချင်ဘူးကွ၊ ဒီတော့ မင်း မသေချင်ရင် အမြန်ဆုံး ဆင်းသွားစမ်း"

"အိုး. . ကိုကြီးကလည်း ပြောလေ ကဲလေပါလားဗျ၊ ဘာဖြစ်လို့ မာန်ထုတ်နေတာလည်း ဗျ၊ ကျုပ်ဟာ မရှိလို့ တောင်းစားတာ ဗျ၊ ဒါပေမယ့် မရှိတာ အရှိလုပ်ပြီး အတွေးရှုပ်လောက်အောင် နေ့,နေကြတဲ့ ခင်ဗျားတို့လို နလပိန်းတုံးတွေလိုတော့ လောကကြီး မျက်စိနောက်အောင် ဟန်မဆောင် တတ်ဘူးဗျာ"

"ဟင်. . , ဟား ဟား ဟားဟား"

လောင်စုသည် ထုတ်တန်းပေါ်မှ မျောက်လွှဲကျော်တစ်ကောင်လို ခုန်ဆင်းလာသော လူကြီးကိုကြည့်ရင်း တဟားဟား အော်ရယ်လိုက်လေသည်။ ထိုစဉ် ပုဂ္ဂိုလ်ကြီးသည် သူ၏ ကြီးမားသော ဝတ်ရုံပြာကြီးကို တဝုန်းဝုန်းခါရင်း သူ့အနားသို့ ရောက်ရှိလာပြီး တိုက်ခိုက်ရန် အသင့်ပြင်သည်။



လောင်စုက မမှုချေ၊ အိတ်စုတ်ကြီးထဲမှ ပေါက်ဆီတစ်လုံးကို ထုတ်စားရန် ပြင်နေသည်။

"ဟော့ကောင်. . သူတောင်းစား"

"ဘာလဲဗျ"

"မင်း သွားမလား မသွားဘူးလား. . ."

"ဟာ. . . အစ်ကိုကြီးက ဒေါကြီးပဲကိုး၊ ကဲ. . . ရော့. . ရော့. . . ဟောဒါလေး စားလိုက်ပါဦး"

"ဝှစ်. ."

"ဖတ်. ."

"ဟာ. . မင်း. . မင် ငါ့ကို မှန်မှန်ပြောစမ်း မင်း ဘယ်သူလဲ"

လောင်စုသည် တဟားဟား အော်ရယ်ရင်း ထိုင်ရာမှ ထလိုက်၏။ စင်စစ် လောင်စု ပစ်လိုက်သည့် ပေါက်စီမှာ သာမန်ကာလျှံကာ ပေါက်စီမဟုတ်။

မရှောင်တတ်လျှင် အ သက်ပါ ဆုံးရှုံးသွားနိုင်၏။ ပေါက်စီပစ်လိုက်သော အရှိန်က အသံမဲ့အတွင်းအားလှိုင်းနှင့်ကိုး။ တော်ရုံတန်ရုံလူ မဖမ်းရဲ။

ပေါင်ချိန်တစ်ထောင်ရှိခန့်ရှိသော ကျောက်တုံးကြီးကို

လွင့် ပေါက်လိုက်သလိုပင်။ အရှိန်အဟုန် ပြင်းထန်လှသဖြင့် ထုတ်တန်းပေါ်က ဆင်းလာသည့် ပုဂ္ဂိုလ်ကြီးပင် နောက်သို့ ခြေတစ် လှမ်း ယိုင်ထွက်သွားပေ၏။

"ဩော်. . ကျုပ်က တကယ့်သူတောင်းစားလားလို့ ထင်နေတာ တကယ်တော့ ခင်ဗျားက အတော့်ကိုကြောက်စရာ ကောင်းလှတဲ့ အတွင်းအားထိပ်တန်း ပညာရှင်ပါလားဗျ"

"ဟာ. . ခင်ဗျား ပြောသလောက် မဟုတ်ပါဘူးဗျာ"

"ကျုပ် မယုံဘူး လောင်စု၊ ခင်ဗျားရဲ့ အတွင်းအားဟာ အတော့ကို ကြောက်စရာကောင်းတာပဲ၊ ဧကန္တ ခင်ဗျားဟာ အရှေ့ဘက်ကလာတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်"

"ဘာဖြစ်လို့လဲဗျ"

"ဟာ . . . အဲဒီဘက်က လူတွေထဲမှာ သိုင်းပညာထိပ်တန်းရောက်နေတဲ့လူတွေ များတယ်ဗျ. . . ပြီးတော့ သူတို့ကိုယ်သူတို့ အရမ်းကို နှိမ့်ချတတ်တာဗျ၊ ကဲ . . . ကျုပ်ပြောတာ မဟုတ်ဘူးလား လောင်စု"

"ဟား . . . ဟား . . . ဟား၊ တော်ပါပေ့ဗျာ . . . အစ်ကိုကြီးလဲ လူကဲခတ်ပညာကို ကျုပ်ကြိုက်သွားပြီဗျို့၊ ဒါထက် အစ်ကိုကြီးက ဘယ်သူလဲ"



"ငါ့ နာမည် ဆိုချင်ဆူးလို့ ခေါ်တယ်၊ တစ်ချို့ကတော့ သိုင်းဝိဇ္ဇာကြီးလို့ခေါ်တယ်"

"အို . . . ဝမ်းသာလိုက်တာဗျာ . . . အစ်ကိုကြီးနာမည်ဟာ အတော့်ကို ထင်ရှားတာပဲ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ . . . ကျွန်တော့်ကတော့ အရှေ့ဘက်နယ်က လာတဲ့ မိုးလက်ဝါး လောင်စုပါ အစ်ကိုကြီး"

"ဟေ . . . မိုးလက်ဝါး လောင်စု ဟုတ်လား"

"ဟုတ်ပါတယ် . . . အစ်ကိုကြီး"

"ဟာ . . . သိတာပေါ့ကွာ၊ မင်းလဲ အတော့်ကို နာမည်ကြီးတဲ့ သိုင်းသမားကြီးပါလား"

"အစ်ကိုကြီးလောက်တော့ စွမ်းရည်မပြည့်သေးပါဘူးဗျာ"

"တော်စမ်းပါကွာ . . . ကဲ မင်းရဲ့ ကောင်းသတင်းတွေကို ငါကြားရတာ ကြာပြီ လောင်စု"

"ဟုတ်ကဲ့ . . . အစ်ကိုကြီးဟာလဲ . . . သိုင်းသူတော်စင်ကြီးလို့ နာမည်ကြီးတာပဲ မဟုတ်လား"

"ဒီကနေ့တော့ ငါအရမ်း ဝမ်းသာတယ်ဟေ့ . . . တို့နှစ်ယောက် အခုလို ဆုံခဲ့ကြတာ အတော့်ကို ထူးဆန်းတဲ့

ကံကြမ္မာပဲကွာ . . . မင်းကလည်း မိစ္ဆာဂိုဏ်းက မျက်လုံးပြူး နေရတဲ့ မိုးလက်ဝဲ၊ ငါကလည်း မိစ္ဆာဂိုဏ်းကို အမြစ်ဖြုတ်နေတဲ့ လူဆိုတော့ ဟန်ကျပြီပေါ့ . . . ဒါဆို တို့နှစ်ဦးဆုံတဲ့ အထိမ်း အမှတ်အနေနဲ့ စားပွဲသောက်ပွဲ လုပ်ရအောင်ကွာ"

"အစ်ကိုကြီး သဘောပါပဲဗျာ"

"ဒါဆို လာပေါ့. ."

"ဒါထက် အစ်ကိုကြီးက ဒီဇရပ်မှာ ဘာလာလုပ်နေ တာလဲ. . ."

"ငါ ကျားလက်သည်း ချူးထင်းကို လာစောင့်နေ တာကွ"

"ဗျာ. . ကျားလက်သည်း ချူးထင်း"

"ဟုတ်တယ်. . လောင်စု"

"ဪ. . ဒီကောင်က နယ်မြေလူထုကို မွန်ဂိုတပ် တွေနဲ့ပေါင်းပြီး ဒုက္ခပေးနေတဲ့ကောင် မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . သူဟာ ဟောဒီ ရီယိုနယ်တစ်ဝိုက် က ရွာတွေကိုခြိမ်းခြောက်ထားတာ ကြာပြီကွ၊ ဒီကနေ့ညဆို ဒီကောင်တွေဟာ ရွာတွေကိုဒုက္ခပေးဖို့ လာကိုလာမှာကွ၊ ဒါကြောင့် ငါစောင့်ဆိုင်းနေတာပေါ့ကွာ. ."



"ဟင်. . ဒါဆို အတော်ပဲပေါ့ဗျာ. ."

"ဟေ. . . ဘာလဲကွ"

"ဒီလိုအစ်ကိုကြီးရဲ့ အစ်ကိုကြီးနဲ့အတူ ကျွန်တော် ပါ တစ်ပွဲတစ်လမ်း စမ်းလိုက်ချင်တာဗျာ"

"ဟာ. . အကောင်းဆုံးပေါ့ကွာ. . ကဲ. . စားပေါ့ ဒီကနေ့ဟာ မင်္ဂလာရှိတဲ့နေ့ပဲကွာ. . ."

"ဒါပေါ့. . အစ်ကိုကြီးရာ"

နှစ်ဦးသားပြောပြောဆိုဆိုနှင့်ပင် စားလိုက်သောက် လိုက်ရာ ချထားသည့်စားသောက်ဖွယ်ရာများကလည်း ကုန် သွား၏။

အရက်အိုးနှစ်အိုးမှာလည်း တစ်စက်မျှပင် မကျန် တော့၏။ သို့ပေသည့် နှစ်ယောက်စလုံး မူးသည့်ပုံမပေါ်။ စားသောက်ပြီးသည်နှင့် လောင်စုသည် ဇရပ်ကြီးကြမ်းပြင်ပေါ် တွင် တခေါခေါနှင့် အိပ်မောကျသွား၏။

ဆိုချင်းဆူးကတော့ မအိပ်နိုင်သေး၊ ဇရပ်ပေါ်မှဆင်း ခဲ့ကာ အမှောင်ထဲသို့ ဝင်သွားလေ၏။

* * * * *

အချိန်အနည်းငယ်အကြာတွင် ဇရပ်ပေါ်၌ အိပ်ပျော်နေသော လောင်စုတစ်ယောက် လန့်နိုးလာ၏။ သူ့နားထဲတွင် သေးမှုန်သော အသံများကြားလိုက်ရ၏။ သူ့အမည်ကို တစ်ဦးတစ်ယောက်က ခေါ်နေသလိုပင်။

လှိုင်းပို့ခေါ်သံကြောင့် လောင်စုတစ်ယောက် ဇရပ်ပေါ်မှဆင်းခဲ့ပြီး တောအုပ်ထဲဝင်ခဲ့၏။ လရောင်ကလည်း ကျိုးကျိုးကျဲကျဲ သာနေ၏။

လောင်စုသည် တောအုပ်အောက်ရှိ လမ်းကလေးအတိုင်း လျှောက်ခဲ့ရာ တောအုပ်အထွက်တွင် လူတစ်ယောက် သစ်ပင်တစ်ပင်ကိုကိုင်၍ ရပ်နေတာ တွေ့ရှိရ၏။ လောင်စုသည် အတွင်းအား လှိုင်းပို့သံဖြင့် တီးတိုးမေးလိုက်သည်။

"ဘယ်သူလဲကွ. ."

"ဩော်. . ညီလေ လောင်စုကိုး၊ အစ်ကိုခေါ်နေတာ မင်း ကြားတယ်ပေါ့"

"ဟာ. . အစ်ကိုကြီးကိုး ကြားပါ့ဗျာ"

"ကဲ. . လာ လာ ဟိုကောင်တွေအုပ်စု စခန်းချနေတာကို မြင်ရလို့ ငါအခြေအနေ ကြည့်နေတာကွာ"



"ဟင်. . ဟုတ်လား၊ ဘယ်မှာလဲ အစ်ကိုကြီး"

"ဟိုမှာလေကွာ. . ."

ဆိုချင်းဆူး ညွှန်ပြသော တစ်ဖက်တောအုပ်ထဲသို့ လှမ်းကြည့်လိုက်ရာ မီးရောင်တစ်လက်လက်ကို တွေ့လိုက်ရ၏။

"မြင်လား. . ."

"မြင်တယ်ဗျို့. . ဒါလား လက်သည်းချူးထင်းတို့ စခန်း လား"

"ဟုတ်တယ်ကွ၊ ငါဒီကောင်တွေ အဲဒီမှာစခန်းချမယ်ဆိုတာ သတင်းရထားပြီးပြီကွ၊ ဒါကြောင့် လာကြည့်တာ ခုတော့ အတော်ပဲဟေ့"

"ကဲ. . . ပြောနေကြာတယ်ဗျာ၊ ကျွန်တော်တို့နှစ်ယောက် ဝင်ရအောင်"

"လုပ်လေ. . ."

"ဒါဆို. . ကျွန်တော် အပေါ်ပိုင်းက တိုက်မယ်၊ အစ်ကိုကြီးက မြေပြင်ပေါ်ကတိုက်"

"ကောင်းပြီ. . ."

နှစ်ဦးသားလရောင်ကို အားပြုပြီး ကျားလက်သည်း

ချူးထင်းတို့ လူစုကို တိုက်ခိုက်ရန် စီစဉ်လိုက်၏။ စင်စစ် ချူးထင်းမှာ နုယ်နုယ်ရရ ပုဂ္ဂိုလ်မဟုတ်၊ မိစ္ဆာသိုင်းသမားများကြားတွင် ရေပန်းစားနေသော ဒုစရိုက်သိုင်းသမားကြီး ဖြစ်၏။

သူ သွားလေရာတွင်လည်း မဟူရာရောင် တောက်ပနေသော ကျားသစ်ကြီး တစ်ကောင်ပါရှိတတ်ပြီး အင်အားမှာ သုံးလေးဆယ်ခန့်ရှိ၏။

သူမွေသွားသည့် ရွာမှာလည်း အသက်ရှင်သူတစ်ယောက်မျှပင် မရှိ အားလုံးပျက်စီး ဆုံးရှုံးကုန်သည်သာ များ၏။ ပြီးတော့ ချူးထင်းက မွန်ဂိုတပ်မှူးများနှင့် လက်ဝါးရိုက်ကာ တိုင်းပြည်ကို ရောင်းစားဖို့ အကြံထုတ်နေသူဖြစ်၏။

ယခုလည်း ရီယိုနယ်တစ်ဝိုက်ကို မွန်ဂိုတပ်အား ထိုးအပ်ရန် အတွက် ရှေ့ပြေး ချေမှုန်းရေးတပ်ဆိုပြီး သူကိုယ်တိုင် ခေါင်းဆောင်လာခဲ့ခြင်း ဖြစ်၏။

ချူးထင်းသည် ယာယီစံနန်းထဲတွင် အရက်အိုးတစ်လုံးနှင့် ဗိမ်ကျနေ၏။ သူ့နံဘေးတွင်လည်း ထိပ်သီးသိုင်းသမားငါးဦးရပ်နေ၏။ ထိုအချိန်တွင် လောင်စုသည် သူ၏ လေဖော့လိပ်ပြာ သိုင်းကွက်ကိုသုံးကာ ဝက်သစ်ချပင်ကြီးများပေါ်တက်လိုက်ပြီး တစ်ပင်မှတစ်ပင်သို့ တလွှားလွှားနှင့် ခုန်



ကူးခဲ့၏။ ဆိုချင်ဆူးကလည်း သိုင်းဝိဇ္ဇာပညာနှင့် မြေပြင်ကိုခြေထောက်နှင့်ထိုးခွဲကာ ကြွက်ကြီးတစ်ကောင်လို မြေအောက်ထဲလျှိုးဝင်သွားလေ၏။

ထိုအချိန်တွင် ချူးထင်းမှာ သူ့အတွေးနှင့်သူ ပျော်နေ၏။ မွန်ဂိုတပ်မှူးနှင့် အပေးအယူ လုပ်ထားသဖြင့် ယခုညရီယိုနယ်ကို ချေမှုန်းနိုင်ခဲ့လျှင် သူ့ကို မွန်ဂိုတပ်က တစ်နယ်လုံး၏ကေရာဇ်ဘွဲ့ကို ပေးအပ်တော့မည်ဆိုတာ သိထား၏။

ထိုစဉ် ယူကလစ်ပင်ကြီးများ လွှားကနဲ လွှားကနဲခုန်ကျော်လာသော လောင်စုသည် စခန်းအလယ်ရှိ သစ်ပင်ကြီးပေါ် အရောက်တွင် သစ်ကိုင်းတစ်ကိုင်းပေါ်၌ တောက်ပသော မျက်လုံးအစုံကို တွေ့လိုက်ရသဖြင့် ဖျတ်ကနဲ ရပ်တန့်ပြီးကြည့်လိုက်၏။

"ဟာ. . ကျားသစ်နက်ကြီးပါလား"

ကျားသစ်ကြီးသည် သူ့ကိုမြင်သည်နှင့် အသံမပေးဘဲ လွှားကနဲခုန်ကာ သူ့အနီးသို့ရောက်လာ၏။ အစွယ်အဖွေးသားနှင့် ကိုးထောင်ခန့်ရှိသော ကျားသစ်နက်ကြီးက သူ့အနားသို့ တစ်လှမ်းချင်းကပ်လာ၏။

လောင်စုသည် ကျားသစ်န က်ကြီး၏ လှုပ်ရှားမှုကို

စောင့်ဆိုင်းနေ၏။ ထိုစဉ် ကျားသစ်ကြီးက အသံလုံးဝ မထွက်ဘဲ သူ့ထံသို့ဝုန်းကနဲ ခုန်ဝင်လာ၏

"ရှစ်. . ရှစ်. . "

"ဝုန်း. . ဝုန်း. . "

"အောင်မလေးဗျာ. . "

"ဟာ. . . "

အားလုံး အံ့အားသင့်နေကြ၏။ အမိုးပေါ်မှ ဝုန်းကနဲ ပြုတ်ကျလာသော ကျားသစ်ကြီးတစ်ကောင်။ ချူးထင်းရော သူ့လူတွေပါ ထိတ်လန့်တကြား ခုန်ရှောင်လိုက်ကြ၏။

"ဟာ. . သားကြီး ဘယ်လိုဖြစ်တာလဲကွ"

"ရန်သူအပေါ်မှာ. . . "

"ရှာစမ်းကွာ. . "

သူတို့အားလုံး ကျားသစ်နက်ကြီးကို ကြည့်ပြီး အံ့အားသင့်နေကြ၏။ မျက်လုံးအပြူးသားနှင့် သွေးစက်လက်နှင့် မြေပြင်ပေါ်တွင် လဲကျသေဆုံးနေသော ကျားသစ်ကြီးကို ကြည့်ရင်း ချူးထင်း ဒေါသအိုး ပေါက်ကွဲသွား၏။ ထို့ကြောင့် အပေါ်သို့ တစ်ချက်မော့ကြည့်ပြီး ဝုစ်ကနဲ ခုန်တက်သွား၏။

"ဘယ်သူလဲကွ. . ငါ့သားကို သတ်တာ"



ချူးထင်းသည် သစ်ကိုင်းကြီးပေါ် ခါးထောက်ရပ်ရင်း အမှောင်ထုထဲကိုကြည့်ပြီး ပြောလိုက်၏။ ထိုစဉ် ဝုန်းကနဲ မြည်သံကြီးနှင့်အတူ ချူးတင်း၏ခါးမှ ဓားနှစ်ချောင်း ပြုတ်ထွက်သွား၏။

"ဟာ. . ဘယ်လိုဖြစ်တာပါလိမ့်"

ချူးထင်းခါးတွင် ပတ်ထားသော ခါးပတ်ကိုကြည့်ရင်း အံ့အားသင့်နေရ၏။ ယခုလို အဖြစ်အပျက်မျိုး တစ်ခါမျှမကြုံခဲ့၊ ရန်သူကိုမမြင်ရဘဲ ဗလာချီ အတိုက်ခံလိုက်ရသဖြင့် အောင့်သက်သက် ခံစားနေရ၏။ ထိုစဉ် သူ့ကိုယ်ပေါ်သို့ သစ်ကိုင်းခြောက်ကြီးတစ်ခု ဝုန်းကနဲ ပိကျလာရာ အလျင်အမြန်ရှောင်တိမ်းလိုက်ရ၏။

"ဟေ့. . ဘယ်သူလဲကွ၊ ပုန်းလျှိုးကွယ်လျှိုး လုပ်မနေနဲ့ဟေ့. . . "

"ဟား ဟား ဟားဟား တော်တော်ရယ်ရတဲ့ ချူးထင်းပဲ၊ မင်းကိုယ်ပေါ် မင်းပြန်ကြည့်ပါဦးကွ. . "

"ဟင်. . "

"ဟာ. . ဘယ်လို ဖြစ်တာပါ[illegible]"

သူ့ခြုံထည်ကြီးမှာ အစိတ်စိတ[illegible] အမွှာမွှာ ဆုတ်ပြဲကုန်

၏။ ထိုစဉ် သူ့အနီးသို့လူတစ်ဦး ဝဲကနဲ ခုန်ဝင်လာသဖြင့် ကြောက်အား လန့်အားနှင့် အပေါ်သို့ပြန်ခုန်ချလိုက်၏။

"ဟင်. . ."

"ဟောင်း. . ."

"အောင်မလေးဗျ"

လွတ်ပြီအထင်နှင့် ခုန်ချလိုက်သော်လည်း အောက်တွင်စောင့်နေသော ရန်သူက သူ့ခြေနှစ်ချောင်းကိုကိုင်ကာ အဝေးသို့ လွှင့်ပစ်လိုက်၏။ ချူးထင်းမှာ အသက်ပင် မရှူလိုက်ရပေ။ တဲနံရံကို ဝုန်းကနဲ ရိုက်မိပြီးခွေကျသွား၏။

"ဟား. . . ဟား. . . ဟား ဘယ်လိုလဲ ခေါင်းဆောင်ကြီးရဲ့၊ ခုတော့လည်း ခွေးကျကျသွားပြီး မဟုတ်လား"

"ဟာ. . ခင်. . ခင်ဗျား သိုင်း. . . သိုင်းဝိဇ္ဇာကြီး မဟုတ်လား. ."

"ဟုတ်ပ့ါဗျာ"

"ဟာ. ."

ချူးထင်းမှာ ကြောက်လန့်တကြားနှင့် လူးလဲထကာ တဲထဲကို ကြည့်လိုက်၏။ သူ၏ထပ်သီးသိုင်းသမား ငါးဦးမှာလည်း မြေပြင်ပေါ်တွင် သွေးသံရဲရဲနှင့် သေဆုံးနေကြ၏။



ထိုစဉ် ဆိုချင်းစု ဘေးသို့ လောင်စု ရောက်လာ၏။

"ဘယ်လိုလဲ. . . အစ်ကိုကြီး"

"ဟာ. . . မင်းမြင်တဲ့အတိုင်းပဲ ဟေ့. . ဟား. . . ဟား. . . ဟား. . . ဟား ခုတော့လည်း ကျားမဟုတ်တော့ဘူး ဟေ့. . ကြောင် ဖြစ်သွားပြီ ကွာ. . ."

"တောက်. . နေနှင့်ပါဦးပေ့ါဗျာ. . ."

ကျားလက်သည်း ချူးထင်းသည် လောင်စုကို မျက်ထောင့်နီကြီးနှင့် ကြိမ်းဝါးကာ တဲထဲမှခုန်သွားပြီး အမှောင်ထဲ တိုးဝင်ပျောက်သွားလေတော့၏။ ဆိုချင်းစုမှာ လောင်စု၏ အကူအညီနှင့် ရန်သူကို ရှင်းလိုက်ရသဖြင့် ဝမ်းသာအားရဖြစ်နေ၏။

"ဝမ်းသာလိုက်တာ ညီလေးရာ၊ ခုဆို တစ်တပ်တစ်အားဝင်ပြီး ကူညီတာ အစ်ကိုကြီး ကျေးဇူးတင်လို့ မဆုံးပါဘူးကွာ. . . ဒါထက် ညီလေးက ဘယ်ကိုသွားမှာလဲ"

"ဘာရယ် မဟုတ်ပါဘူး အစ်ကိုကြီးရာ၊ ကျွန်တော်က လမ်းပေါ်မှာလျှောက်သွားနေတဲ့ သူတောင်းစားကြီးပါ၊ ဒီတော့ ခြေဦးနဲ့ဒူးတည်ရာပေ့ါဗျာ. ."

"အိုး . . ဒီလောက်လည်း ကိုယ့်ကိုကိုယ် မနှိမ့်ချပါ

နဲ့ကွာ. . မင်း ဘာမဆိုတာကို ငါမျက်မြင်ကိုယ်တွေ့ပါ၊ ကဲဒါဆို ငါနေတဲ့ရွာကို မင်း လိုက်ခဲ့ပါဦး။ အစ်ကိုကြီး မင်းကို မြစုချင်လို့ပါကွာ. . ”

“ဟာ. . မဟုတ်တာ အစ်ကိုကြီးရယ်”

“လိုက်ခဲ့စမ်းပါကွာ”

ဆိုချင်ဆူးသည် လောင်စုကို ပခုံးဖက်ပြီး သူ နေထိုင်သည့် ရွာကလေးသို့ ခေါ်ဆောင်သွားလေတော့၏။

မောင်နှင်းဆွေ

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းကို ဆက်လက်ဖတ်ရှုပါရန်)



# ကိုးမျက်နှာသိုင်းသမား

## (ဒုတိယပိုင်း)